www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းအရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုရှိုင်မာရေး။
- ရေးကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။


## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ခံမှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ကန်လေးရိုးက

# ဟွားလောက်ကြီး




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀ိ/-)ကျပ်

❑ **ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ်(၁၀)၊
ရတနာမြိုင်လမ်း၊ (၁၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။


❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ရဲရင့်အောင်စာပေ**
အမှတ်-၇၉၊ မှန်ရုဝေလမ်း၊ သရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ကန်လေးရိုးကဖွားလောက်ကြီး
တမလွန်မလေးရဲ့အချိန်လွန်နောင်တ/ကန်လေးရိုးကဖွားလောက်ကြီး
- ရန်ကုန်၊
သင်းစာပေ၊ ၂၀၁၂။
၁၄၀-စာ၊ ၁၃ x ၂၀ စင်တီ။
(၁) တမလွန်မလေးရဲ့အချိန်လွန်နောင်တ



# Phone Section





www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပရိသတ်များခင်ဗျာ ...

တစ်လအတွင်းမှ အကောင်းဆုံးနှင့် စိတ်ရှည် လက်ရှည်ပြောပြသော အသံများသာ ဖြစ်ပါသည်။

အသုံးပြုခွင့်ပေးခဲ့သော မိတ်ဆွေများကို စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ ရက်တိုင်း၊ လတိုင်း သေသည်အထိ ကျေးဇူးတင်မှာလို့

ကျန်ရှိနေတဲ့ တချို့တချို့သော ကိုယ်တိုင်ခံစားရပြီး ရင်ဘတ်ထဲက ထွက်ကျလာတဲ့ အသံများကို လစဉ်ထွက်ရှိတဲ့ စာအုပ်တိုင်းမှာ အလျဉ်းသင့်သလို ထည့်ပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။



**စာရေးတဲ့**

**ဖွားလောက်ကြီး**

အမှတ်-၂၅၊ အရှေ့မြို့ပတ်လမ်း၊
ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၁ ၄၀၁၃၅၄၊ ၀၉ ၇၃၀၁၃၉၀၉

BURMESE CLASSIC .com







စာရေးဆရာတစ်ယောက်ရဲ့ ဒုက္ခကလည်း မသက်သာ။

လူတို့ရဲ့ဖြစ်အင်၊ လူတို့ရဲ့အချစ်၊ အမုန်း၊ အလွမ်း၊ အမော အသောတို့ကိုသာ ခံစားရေးသားရသူဆိုင်တော့ လူသား စာရေးဆရာတစ်ယောက်အဖို့ ရေးကွင်းရေးကွက် ပြောပလောက်အောင် ရှားပါးမည်မဟုတ်။ အခုတော့ ဝိညာဉ်လောက၊ ပရလောက အကြောင်းရေးနေသည်ဆိုတော့ ရေးရင်းရေးကွက်တွေ ရှားလာသည်။ တွေးရင်း တွေးကွက်တွေ ပါးလာသည်။ ညကလည်း ဝတ္ထုသစ်အတွက်တွေးရင်း စာတစ်လုံးမှ မရေးနိုင်ဘဲ ညဉ့်နက်ခဲ့သည်ကြောင့် နံနက်ရှစ်နာရီ ထိုးသည့်တိုင် အိပ်ရာထဲမှ မထနိုင်သေး။

ထိုစဉ် ...

" တူ ... "

ဖုန်းခေါ်သံကြောင့် နိုးလာသည်။ အိပ်ချင်စိတ်မပြေသေး၍ မကိုင်ဘဲ ငြိမ်နေမိ၏။ သို့သော် တတူတူ အသက်မပြတ်မြည် လာတော့လည်း မနေသာတော့ပေ။

"ဟဲလို . . ."

အိပ်လေးဆွဲအသံနဲ့ မျက်စိမဖွင့်ဘဲ ထူးလိုက်၏။

"စာရေးဆရာ ဖွားလောက်ကြီးပါလားခင်ဗျာ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . အမိန့်ရှိပါ"

စာရေးဆရာဂုဏ်ပုဒ်တပ်မေးသည်မို့ တရိုတသေဖြေလိုက်ရ၏။ စာပေဆိုင်ရာနှင့် ပတ်သက်သူတစ်ယောက်ယောက်ပဲဖြစ်ဖြစ်၊ စာဖတ်ပရိသတ်ပဲဖြစ်ဖြစ် ကိုယ့်ဘက်က ရိုင်းပျမောက်မာသောလေသံမျိုး၊ အသုံးအနှုန်းမျိုးမဖြစ်အောင် သတိထားရသည်။

"ဦးဇင်းဘွဲ့ ဦးဇင်းဣန္ဒဝံသပါ"

ဟာသွားပြီ ... ကိုယ်ဒီလောက် ယဉ်ယဉ်ကျေးကျေး ပြောမိလျက်က ရိုင်းပျသွားမိသည်။ ဦးဇင်းတစ်ပါးကို လူတစ်ယောက်လို ဆက်ဆံလိုက်မိသည် မဟုတ်လား။

"ကန် ... ကန်တော့ပါဘုရား၊ တပည့်တော်က ဦးဇင်းကို လူမှတ်ပြီး ပြောလိုက်မိတာ ကန်တော့ပါဘုရား ... "

ကပျာကယာတောင်းပန်လိုက်ရ၏။

"ရပါတယ် ဒကာကြီးရယ် ... "

ဦးဇင်းရဲ့ ခွင့်လွှတ်သံက ချိုသာနူးညံ့လွန်းလှ၏။

"ဒကာကြီးက ဝိဉာဉ်လောက၊ ပရလောကအကြောင်းရေးတဲ့ နာမည်ကြီး စာရေးဆရာဆိုတော့ ဦးဇင်းရဲ့အကြောင်းကို စိတ်ဝင်စားလိမ့် မယ်ထင်လို့ပါ ... "

"ဘုရား ... တပည့်တော် သိပ်နားမရှင်းလိုက်ဘူးဘုရား"

"ကြော် ... တစ်မျိုးမထင်ပါနဲ့, ဦးဇင်းက သက်ရှိထင်ရှား သံဃာတစ်ပါးပါ၊ ဦးဇင် နဲ့ ပတ်သက်နေတဲ့ အမည်မသိသစ္စာဝါအရုပ် တစ်ရုပ်ရဲ့ ထူးဆန်းပုံကို ပြောချင်တာပါ"

"အရုပ်တစ်ရုပ်ဟုတ်လား ဘုရား ... ဘယ်လိုအရုပ်မျိုးမို့လဲ ဘုရား ဘယ်လို ထူးဆန်းတာလဲ ဘုရား ... "



"ထူးဆန်းပြီးကော ဒကာကြီးရယ် ... အဲဒီအရုပ်က အသက်ရှိတယ်"

"အရုပ်က အသက်ရှိတယ် ... လူရုပ်လား ဘုရား"

"လူရုပ်တော့ဟုတ်တယ် ... ဒါပေမယ့် လူတစ်ယောက်တည်းမဟုတ်ဘူး"

ဦးဇင်းစကားက စိတ်ဝင်စားစရာကောင်းနေ၍ အသံတိတ် နားစွင့်နေလိုက်၏။

"ဒကာကြီးနားရှုပ်သွားလား ... ဒီလိုဒကာကြီးရဲ့ အဲဒီအရုပ်မှာ သတ္တဝါ ကိုးမျိုးရဲ့အင်္ဂါရုပ်တွေနဲ့ ဖွဲ့စည်းထားတယ်"

"မှန်ပါတယ် ... ဆက်ပြောပါဘုရား"

"လူတစ်ယောက်ရဲ့ နားရွက်နားဖက်၊ ခွေးတစ်ကောင်ရဲ့ နှာရောင်နဲ့ ဝက်တစ်ကောင်ရဲ့နှုတ်သီး၊ ကြောင်တစ်ကောင်ရဲ့ နှုတ်ခမ်းမွေး ဘီလူးတစ်ကောင်ရဲ့ အစွယ်နှစ်စွယ်၊ နဂါးတစ်ကောင်ရဲ့အမောက်၊ ကျားတစ်ကောင်ရဲ့ကိုယ်လုံး၊ ကြွက် အတတ်ပါတဲ့ ခြေထောက်လေးချောင်း၊ ခြင်္သေ့တစ်ကောင်ရဲ့လည်ဆံမွေးတွေပါနေ တယ် ... "

"တပည့်တော်တော့ အဲဒီအရုပ်မျိုးစာထဲမှာလည်း မတွေ့ဖူးဘူး ... အပြင်မှာလည်း မတွေ့ဖူးဘူး ဘုရား ... ဦးဇင်း အဲဒီ ထူးထူးဆန်းဆန်း အရုပ်ကို ဘယ်ကရခဲ့တာလဲ ဘုရား ... "

"လွန်ခဲ့တဲ့ ခြောက်နှစ်ကပေါ့ ... ဒကာကြီးရယ်၊ ကျုပ်က ယခုဖြူ ဦးပဇင်းမဟုတ်ဘူး၊ အဲဒီအချိန်တုန်းက အရက်သမား အကြီး အကျယ်ပေါ့၊ အရက်နဲ့ အိပ်ရာထ၊ အရက်နဲ့ နေကုန်နေ့ခမ်းနေ၊ အရက်နဲ့ အိပ်ရာဝင်တဲ့ အရက်နိုင်းကြီးပေါ့၊ အသက်မပျောက်သရွေ့ အသောက်မပျက်ဘူးဆိုတဲ့ လူမိုက်၊ လူ့အနွံပါ"

"မှန်ပါ ... အစွန်းဆုံးဆိုးပြီးတဲ့လူဟာ အစွန်းဆုံးအထိ ကောင်းတတ်ကြပါတယ်ဘုရား ... "

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ … အချိန်တန်လာတော့ စိတ်ကသောက်ချင် မိုက်ချင်ပေမယ့် ခန္ဓာကိုယ်က မလိုက်နိုင်တော့ဘူး … နောက်ဆုံး သေနုံရောက်တဲ့အချိန်မှာ သုံးလထက်အသက်ပိုမရှည်နိုင်တော့တဲ့ နောက်ဆုံးအဆင့် အသည်းကင်ဆာရောဂါရနေပြီဆိုတာ သိလိုက်ရတယ်၊ လောကမှာ သတ္တဝါတွေနော် … တကယ်သေရတော့မယ် ဆိုတာသိလိုက်ပြီဆိုရင် တကယ်ကြောက်ကြတာ … ကျုပ်လိုလူဆိုးလူမိုက်တွေမို့ပြီးကြောက်ကြတယ်၊ ကတိတွေမကောင်းဘူးလေ၊ တစ်သက်လုံးသောက်စား၊ မူးရူးရမ်းကား ခဲ့တာ အကုသိုလ်အတုံးအခဲကြီးပဲ … ကုသိုလ်ဆိုလို့ တစ်ပဲသားမှမရခဲ့ဘူး၊ ကျုပ်ရဲ့လားရာက အပါယ်လေးဘုံကိုတန်းနေတော့တာပါပဲ၊ အဲဒီအချိန်မှာ ကျုပ်ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေနဲ့လဲဖို့ ကျုပ်အသက်တစ်နှစ်ပိုရှည်မယ်ဆိုရင်တောင် ကျုပ်လဲရဲတယ်၊ ကျုပ်ပိုင်ဆိုင်မှုကလည်း မများပေမယ့် မနည်းဘူး။ မိဘနှစ်ပါးလုံးဆုံးသွားလို့ တစ်ဦးတည်းသောသားရခဲ့တဲ့ အမွေက ဈေးနားနီးနီး တိုက်ကြီးကြီးနှစ်လုံးပိုင်တာကိုး။ ဒါပေမယ့် သေခြင်းတရားက လာဘ်မစားဘူး … တစ်နေ့ထက်တစ်နေ့ အနီးကပ် ချောက်လှန့်နေပြီ။ နိုင်ငံခြားသွားပြီး အသည်းအစားထိုးကုသလို့ ရနိုင်မလားလို့ အထူးကုဆရာဝန်ကြီးဆီ မေးကြည့်တော့ မဖြစ်နိုင် တော့ဘူးတဲ့ … ကင်ဆာဆဲလ်တွေက အသည်းတင် မဟုတ်ဘူး အဆုတ်ရော ကျောက်ကပ်ရောအထိ ပြန့်နှံ့နေပြီတဲ့ဗျာ။ ကျုပ် ရှုံးမတတ် ခံစားရတယ်။ ဒီလိုနဲ့ ဆရာဝန်သတ်မှတ်ထားတဲ့ သုံးလထဲက နှစ်လတိတိအချိန်တွေ ကုန်သွားတယ်၊ ဆရာဝန်ပြောသလိုဆို ကျုပ်သေရမယ့်အချိန်က တစ်လအတော အတွင်း နေ့လားညလား အနေအထားဘဲ။ ဒီလိုနဲ့ တစ်ရက်မှာတော့ ကျုပ်နဲ့ ဆွေမျိုးနီးစပ်တော်တဲ့ ဘုန်းကြီးဦးလာဘ ကျုပ်ဆီရောက်လာတယ်၊ ဘုန်းကြီးက ကျုပ်တို့မြောက်ဥက္ကလာပမှာပဲ ကျောင်းထိုင်တယ်၊ ဒကာကြီး တစ်သက်လုံး ဆိုးခဲ့မိုက်ခဲ့တာ မသေခင်ကုသိုလ်ကောင်းမှု အလုပ်လေးလုပ်လိုက်ပါလား။ ကျုပ် ကျောင်းမှာ ဦးဇင်းဝတ်လိုက်ပါဆိုတော့ ကျုပ်လည်း ချက်ချင်းပဲ ဘုန်းကြီးနဲ့လိုက်သွားပြီး



ပွင့်းတက်လိုက်တယ်ဗျာ . . . "

ဦးဇင်းဦးဣန္ဒဘာသစကား ပြောရတာ အနည်းငယ်မောသွားလို့ ရေသောက်နေသံကိုကြားရသည်။ ပြောရတဲ့ဦးဇင်းမဆိုနဲ့ နားထောင်ရတဲ့ ကျွန်တော်ကိုယ်တိုင် စိတ်ရောလူရောမောနေမိတော့သည်။

ခဏနေတော့ ဦးဇင်းစကားဆက်၏။

"ဘုန်းကြီးက ကျုပ်ကိုတရားဟော မဆုံးမပါဘူး၊ ကျုပ်က သေလူဆိုတော့ ဝေဒနာကို တရားမှတ်တက်ဖို့ပဲသင်ပြပါတယ်၊ ကျုပ်လည်း ကြိုးစားတယ်။ တရားထိုင်ရင်းနဲ့ သေသွားသေသွား။ ငါကြိုးစားမှတ်မယ်ဆိုတဲ့ ဇွဲနဲ့ကျောင်းဝင်းထဲက ရေတွင်းပျက်ကြီးနားမှာ တရားထိုင်မှတ်နေလိုက်တယ်။ ညနေ လေးနာရီကစပြီး တရားထိုင်တာ ညရှစ်နာရီခွဲလောက် အထိ အထိုင်မပျက်ဘူး။ ပထမနှစ်နာရီသုံးနာရီလောက်တုန်းကတော့ ပင်ပန်းလိုက်တာ မပြောပါနဲ့ … ဒါပေမယ့် ကျုပ်က တစ်လအတွင်းသေမယ့်လူပဲ ပင်ပန်းတဲ့ဒဏ် လောက်ကို ဘယ်အလေးထားတော့မလဲ … ဒီလိုနဲ့ ည(၇)နာရီကျော်လာတော့ သမာဓိလေးကတည်လာတယ် … ကမ္မဋ္ဌာန်းအာရုံပေါ်မှာ စိတ်ကလေးကတည်နေတယ်၊ ညရှစ်နာရီခွဲလောက်လည်း ရောက်ရော ကျုပ်နားထဲကိုစူးစူးရဲရဲ အသံတစ်သံတိုးဝင်လာတယ်၊ ဘုန်းကြီး … ဘုန်းကြီး … နင့်ရှေ့ကရေတွင်းပျက်ထဲမှာ ငါရောက်နေတယ် … ငါ့ကိုလာဆယ်စမ်း … ငါမြေကြီးထဲနေခဲ့ရတာ အနှစ်တစ်ထောင် ကျော်ကြာသွားပြီ၊ ငါ့ကိုဆယ်ပါ ငါ့ကိုဆယ်ရင် နင့်အသက်ကိုလည်း ငါကယ်မယ်ဆိုပြီး အဆက်မပြတ်အော်နေတော့တာဘဲ၊ တော်တော် ရှိုင်းရှိုင်းဆိုင်းဆိုင်းလေးသံပဲ စာရေးဆရာရယ် … ပထမတော့ ကျုပ်လည်း တရားမှတ်ကောင်းလို့ အနှောင့်အယှက်တစ်ခုက သမာဓိစမ်းတာပဲ အောက်မေ့ပြီး တရားမဖြုတ်ပါဘူး။ ဒါပေမယ့် အဲဒီအသံ မာမာကြီးက ပျောက်မသွားဘူး၊ ကြားမြဲတိုင်းကြားနေရတယ်၊ ကျုပ်လည်း တရားဆက် မှတ်လို့မရတော့တဲ့ အတူတူတရားဖြုတ်တာပဲ ကောင်းတယ်ဆိုပြီး တရားဖြုတ်လိုက်တယ်။ မျက်လုံး

www.burmeseclassic.com

ဖွင့်ကြည့်လိုက်တော့ ... ”

“ဘာတွေ့လဲ ဘုရား ... ”

ဦးဇင်းစကားကိုပင် ဆုံးအောင်မစောင့်နိုင်ဘဲ အလောတကြီးမေးလိုက်မိ၏။

“ဘာမှမတွေ့တော့ဘူး ... အသံကတော့ကြားနေရတုန်းပဲ၊ အဲဒါနဲ့ ကျုပ်လည်း အသံလာတဲ့ ရေတွင်းပျက်ကြီးထဲငုံ့ကြည့်လိုက်တယ်၊ ဟော့ ဘုန်းကြီး ဘာလို့ အချိန်ဆွဲနေတာလဲ ... နင့်အတွက်ရော ငါ့အတွက်ရော အချိန်သိပ်မရှိတော့ဘူး ... နားမလည်ဘူးလား၊ ဆင်းလာခဲ့စမ်းဆိုတော့ ကျုပ်လည်းဒေါသနည်းနည်းဖြစ်သွားတယ်၊ ရေတွင်းပျက်ကြီးထဲမှာကလည်း မှောင်မည်းနေတော့ ဘာမှလည်းသဲသဲကွဲကွဲမမြင်ရဘူး ဒကာကြီးရဲ့၊ ကျုပ်ကလည်း လူ့ဘဝတုန်းကတည်းက ကိုယ်ကသာလေသံမာမယ်၊ ကိုယ့်ကိုလေသံမာမာပြောတာ သိပ်မုန်းတာကိုး၊ အဲဒါကြောင့် ပြန်အော်လိုက်တယ်၊ ဟေ့ကောင် ... ရိုင်းလှချည်လား ... ဘုန်းကြီးကိုများ နင်တလုံး ငါတလုံးနဲ့ ပြောရအောင်ဆိုတော့ ... ကိုယ်တော်ချောက လေရှည်မနေနဲ့ ဘုန်းကြီး နင့်ထက်ငါအသက်အများကြီး ကြီးတယ် ... တစ်လအတွင်း မသေချင်ရင် ငါ့ကို အမြန်ဆင်းဆယ်တဲ့ ... ဗျာ”

“ဒါနဲ့ ဦးဇင်းကဆင်းဆယ်လိုက်တယ်ပေါ့”

“ဆယ်တာပေါ့ ... ဟုတ်သော်ရှိ မဟုတ်သော်ရှိ သူပြောသလို ကိုယ့်အသက်ရှည်လို ရှည်ငြားဆိုတဲ့ ပုထုဇဉ်မျှော်လင့်ချက်နဲ့လေဗျာ၊ ကျောင်းထဲကနေ လက်နှိပ်ဓာတ်မီးသွားယူပြီး ရေတွင်းထဲဆင်းဖို့ ငုံ့ကြည့်လိုက်တယ်၊ အဲဒီမှာ ကျုပ် အံ့ဩမှင်တက်မိသွားတယ်”

“ဘာမြင်လိုက်ရလို့လဲ ဘုရား ... ”

“ဘာမှ မမြင်ရလို့ပါ အသံသာကြားနေရတာ လူမှမရှိဘဲကိုးဗျ ... နည်းနည်းလည်း ကြက်သီးထသွားတယ်”

www.burmeseclassic.com



“ရေတွင်းက အနက်ကြီးလားဘုရား”

“ရေတွင်းပျက်လေဗျာ ... ရေမရှိပါဘူး၊ နက်လည်း မနက်ဘူး၊ ကျုပ် တရပ်လောက်တောင်မနက်ဘူး၊ ဒါနဲ့ ကျုပ်လည်း ခပ်လန့်လန့်နဲ့ ဟော့လူ ခုနကအော်နေတဲ့ လူဘယ်ကလဲ ... လို့အော်လို့မှ မဆုံးဘူး ... ကျုပ် ရေတွင်းပျက်ထဲချော်ကျ သွားတယ်၊ တစ်ယောက်ယောက်က ဆွဲချလိုက်သလိုမျိုးပဲ ဗျာ ... ”

“ဩော် ... သဲဘောပေါက်ပြီ ဦးဇင်းစောစောကပြောခဲ့တဲ့ သတ္တဝါ ကိုး...ကောင်ရဲ့ အင်္ဂါရုပ်တွေနဲ့ ဖွဲ့စည်းထားတဲ့ အရုပ်ကိုအဲဒီရေတွင်းပျက်ထဲက တွေ့လိုက်တယ်ပေါ့”

“အစစ်ပေါ့ဗျာ ... ဒကာကြီး စာရေးဆရာပီပီ ကွက်ကျော်မြင်သားပဲ၊ ဟုတ်တယ် ... ဒကာကြီးရေ၊ လွှတ် လွှတ် ဘုန်းကြီး လွှတ်စမ်း ... နင့်လက်နဲ့ ငါ့ကို ဖိမိထားတယ်ဆိုလို့ လက်ကြည့်ပြီး ဓာတ်မီးနဲ့ထိုးကြည့်လိုက်တော့ အဲဒီအရုပ်ကြီး ဖြစ်နေတာ၊ ကျုပ်လည်း အဲဒီအရုပ်ကိုကောက်ကိုင်ပြီး သေသေချာချာကြည့်ရင်းက ကြောက်သလိုလို၊ ငိုချင်သလိုလို ရယ်ချင်သလိုလို ဖြစ်ခဲ့ရတယ် ... ဒါပေမယ့် မဘူးဆိုင်း ပိုင်းဖြတ်ပြီး အရုပ်လေးကိုင်ပြီး ရေတွင်းပျက်ထဲကတက်ခဲ့တယ်”

“ထူးဆန်းလိုက်တာ ဦးဇင်းရယ် ... အရုပ်ကစကားပြောတယ်ဆိုတော့ တော်တော်အံ့ဩစရာကောင်းတာပဲ၊ ပြီးတော့ အရုပ်ကလည်း ဘယ်ရှေးပဝေသဏီကတည်းက ဘာအစီအမံတွေနဲ့ လုပ်ထားမှန်းမသိတဲ့ သတ္တဝါကိုးကောင်ရဲ့ အင်္ဂါတွေနဲ့ အရုပ်တစ်ရုပ်ပဲ”

“ဒါတင်ဘယ်ကဦးမလဲ ဒကာကြီးရယ် ... အဲဒီအရုပ်က ကျုပ်ကို တော်တော် ရက်ရက်စက်စက်ခိုင်းတာဗျ၊ သူခိုင်းသမျှလည်း ကျုပ်မှာငြင်းနိုင်တဲ့ အစွမ်းကိုမရှိတော့ဘူး၊ သူ့ရဲ့ထားရာနေ စေရာသွား ကျွေးတာစား တိုက်တာသောက်ကို ဖြစ်တော့တာပဲ”

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား ... သူက ဘာတွေခိုင်းတာလဲ ဘုရား"

"ပြောမှာပေါ့ဗျာ ... သူ့ကိုဆယ်ပြီး နောက်ညလည်းရောက်ရော သထုံမြို့သပိတ်တောင်ကိုရောက်အောင် ခြေလျင်လျှောက်ရမယ်တဲ့ဗျာ ... သထုံဆိုတာ အဝေးကြီး ကားစီးပြီးသွားပါရစေဆိုတာ မရဘူးတဲ့ ... လမ်းမှာ စားဖို့ သောက်ဖို့ ပိုက်ဆံမရှိဘူးပြောင်းလို့လည်း မရဘူးဗျာ ... ငွေတိမှငွေတ်ပဲ ... သူ့ကိုလွယ်အိတ်ထဲထည့် သပိတ်တစ်လုံး၊ ဖိနပ်တစ်ရံ၊ အနေကထိုင်တစ်ခု၊ ကြွတ်တစ်ထုး သင်္ကန်းတစ်စုံနဲ့ ကျုပ်ညတွင်းချင်း ခရီးထွက်ရတယ် ... ဘုန်းကြီးကိုတောင် ခရီးထွက်မယ့်အကြောင်း မလျှောက်ခဲ့ရဘူး ... ကားလမ်းကလည်း မဟုတ်ဘူး ရထားလမ်းတစ်လျှောက်လည်းမဟုတ်ဘူး ... သူသွားခိုင်းတဲ့လမ်းသွားရတာပဲ ... တောထဲတောင်ထဲလည်း ဖြတ်ရတာပဲ"

"ဆွမ်းကပ်မယ့်လူတွေကောရှိလား ဘုရား ... "

"ကြုံတဲ့အခါလည်း ကြုံပါတယ် ... "

"မကြုံတဲ့ အခါကတော့ ဦးဇင်းဘာယ်လိုဘုန်းပေးရလဲ"

"သူကျွေးစားဆိုတဲ့ အသီးအရွက်ဘူးစားလိုက်ရတာပဲ၊ ဘာအသီးဘာအရွက်တွေမှန်းလည်း မသိပါဘူး၊ ဆိုးတော့ တော်တော်ဆိုးတာပဲ၊ တစ်ခါတလေများဆို ဖုတ်လျှာပင်ကို ချိုးပြီးရေစုပ်ခိုင်းရင်စုပ်ခိုင်းတယ်၊ စုံနေတာပဲ ဘာတွေမှန်းကိုမသိဘူး ဒါပေမယ့် ထူးဆန်းတာက ကျုပ်သေဖို့ရက်ချိန်းပေးထားခဲ့တဲ့ အချိန်တလကျော်မှ ကျုပ်မြို့သပိတ်တောင် ခြေက တောရကျောင်းလေးကိုရောက်တယ်ဗျာ ... ကျုပ်သေရမယ့်ရက်ကိုကျော်သွားတယ်ဗျာ ... "

"ဟာ ... ဟုတ်တာပေါ့၊ အဲဒီအရပ်က ဦးဇင်းကိုလမ်းလျှောက်လေ့ကျင့်ခန်းလုပ်ပေးပြီး ဆေးသုတေသီတွေရှာဖွေမတွေ့သေးတဲ့ ဆေးဖက်ဝင်အသီးအရွက်တွေ စားနိုင်းလိုက်တာဖြစ်လိမ့်မယ်ထင်တယ်"

"ဟုတ်မလားမသိဘူး ... အကာကြီးရယ်၊ အဲဒီမြို့သပိတ်တောင်ခြေက

ကျောင်းရောက်တော့ ကျုပ်ကိုတစ်လကျော်ကျော် စကားမပြောပြန်ဘူး ... ကျုပ်လည်း အဲဒီအချိန်မှာ တရားပြီးတရားပဲ မှတ်နေလိုက်တော့တယ်"

"နောက်တော့ရော ဘုရား ... "

"နောက်တော့ အင်းလေးတောင်တော့ဦးကို သထုံကနေ ခြေလျင်လျှောက် ဘုရားသွားဖူးခိုင်းတယ်၊ ပြီးတော့ အင်းတော်ကြီးကို ဘုရားသွားဖူးခိုင်းတယ်၊ အလောင်းတော် ကဿပကို ဖူးခိုင်းတယ်၊ အဲဒီကနေ ရွှေတိဂုံကိုသွားဖူးခိုင်းတယ် ... နံ့လို့ပါပဲဗျာ၊ မြန်မာပြည်အနံ့ ခြေလျင်လျှောက် ဘုရားစုံဖူးရတာပဲ ... အခုတော့ ကျုပ်သထုံက တောရကျောင်းလေးမှာ ခရီးမထွက်ဘဲ နေနေရတာ သုံးနှစ်ကျော်သွားပြီ"

"ဦးဇင်းရောဂါက အဲဒါဆိုပျောက်သွားတာပေါ့နော်"

"ဟုတ်တယ် ... ပြီးခဲ့တဲ့ သုံးနှစ်တုန်းက ရန်ကုန် ရွှေတိဂုံဘုရားဖူးရောက်တုန်းက ကျုပ်ရောဂါပြန်စစ်ဆေးကြည့်တော့ ဘာကင်ဆာဆဲလ်မှ မရှိတော့ဘူးတဲ့"

"ဦးဇင်း အဖြစ်အပျက်က အံ့သြစရာကောင်းလောက်အောင်ကို ထူးဆန်းပါတယ်ဘုရား၊ တပည့်တော် ဦးဇင်းနဲ့ရော ဦးဇင်းဆီက ထူးထူးဆန်းဆန်း အရပ်နဲ့ရော လာတွေ့ပြီး ဝတ္ထုတစ်ပုဒ်လောက် ရေးချင်ပါတယ်ဘုရား"

"အကာကြီးရေးချင်တယ်ဆိုရင် ကျုပ်ကတော့ခွင့်ပြုပါတယ်၊ ကျုပ်အရပ်က ခွင့်ပြုတယ်ဆိုရင် ရေးပေါ့ဗျာ၊ သူ့ကိုတော့ ကျုပ်မနိုင်ဘူး သူ့သဘောနဲ့ ကျုပ်နေနေရတာ"

"ဦးဇင်းရဲ့အသက်သခင် ကျေးဇူးရှင်ပဲလေ"

"မှန်တော့ မှန်ပါတယ် ... ဒါပေမယ့် တစ်ခါတလေ ကြောက်ကြောက်လာတယ်"

"ဘာဖြစ်လို့လဲ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"သူက သတ္တဝါကိုးမျိုးရဲ့ အင်္ဂါရုပ်တွေ ပိုင်ဆိုင်ထားလို့ လားမသိဘူး၊ စိတ်ကလည်းအမျိုးမျိုး၊ သူစားချင်တာ လုပ်ချင်တာလည်း အမျိုးမျိုး ..."

"ဟုတ်လား ... ဘာတွေ တောင်းဆိုလို့လဲ ဘုရား"

"အစုံပဲ ဒကာကြီး ... လူလိုလည်း ဒန်ပေါက်၊ ရေခဲမုန့် စားချင်တယ် ကျား၊ ခြင်္သေ့၊ ဘီလူးလိုလည်း သားစိမ်းငါးစိမ်းစားချင်တယ်၊ ကြက်လိုလည်း တီကောင် တွေ၊ ကျွတ်တွေ စားချင်တယ်၊ နဂါးလိုလည်း အအိပ်ကြီးတယ်၊ ကြောင်လိုလည်း ငါးကြော်ကြိုက်တယ်၊ ခွေးလိုလိုလည်း အညီအပေါက် အမဲရိုးဝါးချင်တယ်၊ ကျုပ်က လူမှ မဟုတ်တာ၊ ဘုန်းကြီးဆိုတော့ သူတောင်းဆိုတာ တွေ ဖြည့်ဆည်းဖို့ခက်တာပေါ့၊ ဒါပေမယ့် မဖြစ်ဖြစ်အောင်လုပ်ပေးရတယ်ဗျာ၊ အဲဒါပါပဲ ဦးဇင်းနဲ့ တွေ့ချင်ရင် အခုလောလောဆယ် မြသပိတ်တောင်ခြေက ကျောင်းထိုင်ဆရာတော်ပျံလွန်တော်မူသွားလို့ ကျုပ်ကျောင်း ထိုင်နေရတယ် ... ဒကာကြီးလာချင်ရင် မြသပိတ်တောင်ခြေက အရပ်ဘုန်းကြီး တောရကျောင်းလို့ မေးရင် သထုံကလူတွေသိပါလိမ့်မယ် ... ဒါပဲနော် ဒကာကြီး အခု ဒကာကြီးနဲ့ ကျုပ်ဖုန်းပြောခဲ့တာတွေကို စာရေးချင်ရေးလို့ရပါတယ်၊ ကျုပ်အရုပ်က မဟန့်တားပါဘူး"

ဦးဇင်း ဦးဣန္ဒဘာသ ဖုန်းချသွားတော့ ကျွန်တော့်ရင်ထဲမှာရော ဦးနှောက်ထဲမှာရော တွေးတောခံစားစရာတွေ တစ်ပုံတစ်ပင်ကျန်နေခဲ့တော့သည်။

ဦးဣန္ဒဘာသ
မြသပိတ်တောင်ခြေ
သထုံမြို့။



စာပေပရိသတ် အမျိုးမျိုးရှိသည်။ တချို့က စာရေးသူ ရေးသားခဲ့သော စာပေ လက်ရာအပေါ် ရှုမြင်သုံးသပ် အကဲဖြတ်ကြသည်။ တချို့က စာရေးသူအား သူတို့ရေးစေလိုသော အကြောင်းအရာအမြင်အယူအဆတို့ကို ချပြရပ်ပြင်ကြသည်။ တချို့က စာရေးသူနှင့် ခင်မင်ရင်းနှီးလို၍ မိတ်ဖွဲ့ကြသည်။ ဤသုံးမျိုးသုံးစားထဲမှ နံပါတ်နှစ်အမျိုးအစား စာပေပရိသတ်မှ ကိုယ်တွေ့ရပ်ပြင် ဖုန်းဆက်ပြောကြသူများရှိရာ စာရေးသူကိုယ်တိုင် ရင်ထဲ စွဲထင်ကျန်ရစ်ရသော ပရိသတ်ရပ်ပြင်သံကို ဤဖုန်းတလျှာ၌ ဖော်ပြလိုက်ပါသည်။



"ဟဲ့ ..."

"ဟုတ်ကဲ့ စာရေးဆရာ ဖွားလောက်ကြီးပါ ..."

"ဆရာ ... ကျွန်တော်ကိုယ်ကျွန်တော် အရင်မိတ်ဆက်ပါရစေ၊ ကျွန်တော့် နာမည်မောင်မျိုးပါ၊ မအူပင်အပိုင် ကရင်ချောင်းရွာလေးရဲ့ ကျေးလက်ဆေးပေးခန်းရဲ့ ဆေးမှူးပါ၊ ဆရာ့စာအုပ်တွေ အမြဲတမ်း မလွတ်တမ်း အားပေးဖတ်ရှုနေတဲ့ ဆရာ့စာပေပရိသတ်တစ်ယောက်ပို့ ကျွန်တော် ဆရာ့ကို အားကိုးတကြီး ဖုန်းဆက် လိုက်ရတာပါ"

"ပြော် ... ပြောပါ ဆရာမျိုး၊ ကျွန်တော်ပေးနိုင်တဲ့ အကူအညီဆို အချိန်မရွေးပေးပါ့မယ်၊ ပြောစရာရှိတာ အားမနာပါနဲ့ခင်ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါ၊ ဆရာက ဝိညာဉ်လောကနဲ့ပတ်သက်တဲ့ ဇာတ်လမ်းတွေရေးနေတာဆိုတော့ ကျွန်တော့်ချစ်သူနဲ့ကျွန်တော် ပြန်လည်နီးစပ်ဖို့ အကြံဉာဏ် ရယူချင်လို့ပါ"

"ဆရာမျိုးရဲ့ ချစ်သူက"

"အဟင်းဟင်း ... ချစ်သူဆိုပေမယ့် ကျွန်တော်တို့နှစ်ယောက်က တကယ့်ချစ်သူတွေမဖြစ်ခဲ့ကြပါဘူး၊ နှလုံးသားချင်းပဲ စွဲလမ်းမြတ်နိုးကြတဲ့ ချစ်သူတွေပါ"

"ဪ ... ဟုတ်တာပေါ့၊ အဲဒီအချစ်မျိုးကမှ တကယ့်အင်အားကြီးတာဗျ၊ ဒါနဲ့ ... သူက အခု ဘယ်မှာလဲ"

"မဝေ ဆုံးသွားပါပြီ"

"ဗျာ ..."

"ဟုတ်ပါတယ် ... ဆရာမလေး မဝေဝေမွန် ဆုံးသွားပါပြီ၊ ကျွန်တော့်ရဲ့မဝေ ဆုံးသွားပါပြီဆရာ ... ကျွန်တော့်လက်ထဲမှာပဲ ဆုံးသွားခဲ့တာပါ၊ သူ ဆုံးသွားပေမယ့် ကျွန်တော့်အနားမှာ သူအမြဲရှိနေတယ်လို့ ကျွန်တော်ခံစားနေရတယ်"

"စိတ်မကောင်းစရာပဲဗျာ ... "

"ဟုတ်တယ်ဆရာ ... ကျွန်တော်ဆိုရင် မခံစားနိုင်လောက်အောင် စိတ်မကောင်းဖြစ်ရတာပါ၊ မဝေနဲ့ကျွန်တော့်ရေစက်က ဘယ်လိုလဲတော့မသိဘူး ဆရာ၊ အခု ကျွန်တော် တာဝန်ကျတဲ့ မအူပင်မြို့နယ်အပိုင် ကရင်ချောင်းရွာလေးမှာ အတူတူ တစ်ရက်တည်း ပို့စတင်ကျတဲ့ ဝန်ထမ်းတွေပါ၊ ကျွန်တော်က ဆေးမှူး မဝေဝေမွန်က အလယ်တန်းပြ ကျောင်းဆရာမအဖြစ်နဲ့ပါ၊ ရွယ်တူတန်းတူ လည်းဖြစ် ညီညီညွှန်ထမ်းအချင်းချင်းလည်းဖြစ်တော့ တစ်နှစ်အတောအတွင်းမှာ ကျွန်တော်တို့



ရင်နီးမှုက တော်တော်ကြီးနိုင်မာခဲ့ပါတယ်၊ ဆရာ ကျွန်တော်စကား အပျိုးရှည်လို့ ပျင်းသွားပြီလား"

"အာ ... မပျင်းပါဘူး၊ ကျွန်တော် စိတ်ဝင်စားပါတယ် ဆက်ပြောပါ ဆရာမျိုး၊ ဆရာမျိုးရဲ့မဝေ ဆုံးသွားတာ ဘယ်လောက်ကြာပြီလဲ"

"အခု ... ဆရာ့ဆီ ဖုန်းစဆက်တဲ့အချိန်မှာပဲ မဝေဆုံးတာ တစ်နှစ်တိတိပြည့်တာပါ"

"ဘာရောဂါနဲ့ဆုံးသွားလဲ မသိဘူးနော်"

"ရောဂါအကြီးအကျယ်ဆိုရင်တောင် ကျွန်တော် ဒီလောက်ခံစားချင်မှ ခံစားရမှာပါ၊ အခုတော့ မဝေက ခြေထောက်မှာအနာသေးသေးလေး စဖြစ်ပြီး အဲဒီအနာကြောင့် အပြင်းဗျားဗျားရာကနေ ဆုံးရတာဗျ"

"အင်းနော် ... နမျောစရာဗျာ ဆရာမျိုးက ဆေးပညာတတ်ကျွမ်းတဲ့ ဆေးမှူးလည်းဖြစ်၊ ချစ်ရတဲ့ချစ်သူလည်းဖြစ်ဆိုတော့ အရမ်းကြေကွဲရမှာပဲ"

"မဝေနဲ့ပတ်သက်လို့ကတော့ ကြေကွဲမှုရော၊ ခံပြင်းမှုရော၊ အံ့ဩမှုရော၊ မြတ်နိုးမှုရော အမှုပေါင်းများစွာနဲ့ စွဲလမ်းရလွန်းလို့ ရူးမတတ်ပါဘဲ ဆရာရယ်၊ မဝေက နည်းနည်းလည်း ထူးဆန်းတယ်ဆရာ ... "

"ဟုတ်လား ဘယ်လိုမျိုး ထူးဆန်းတာလဲ"

"သူက သိုက်ကလာတာတဲ့ အသက်နှစ်ဆယ့်ခုနစ်နှစ်မှာ သိုက်ကိုပြန်သွားရမှာတဲ့၊ ချစ်သူရှာလို့မရဘူး၊ အိမ်ထောင်ပြုလို့မရဘူး၊ သံယောဇဉ်သိပ်မထားချင်ဘူးလို့ ခဏခဏပြောတယ်ဆရာ၊ ကျွန်တော်ကတော့ ကျွန်တော် ချစ်စကားပြောမှာစိုးလို့ ကြိုပိတ်ထားတယ်ပဲထင်ခဲ့တာ၊ တစ်ခါတစ်လေတော့လည်း စိတ်ချဉ်ပေါက်ပြီး သိုက်ကလာတာဆိုရင် ကျွန်တော့်ကို ချမ်းသာအောင် ရွှေမကျည်းသီးတောင့် ငါးပိဿာလောက်ပေးပါလား၊ ဒါမှမဟုတ် ထီဆုကြီးပေါက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဂဏန်းပေးပါလားလို့ ပြောလိုက်တယ်"

"အဲဒီတော့ သူက ဘာပြောလဲ ဆရာမျိုး"

"ပေးမယ်တဲ့ သိုက်ပြန်ရောက်ရင်ပေးမယ်တဲ့"

"ဘယ်သိုက်ကလာတာလဲ မမေးကြည့်ဘူးလား"

"မေးတယ်ဆရာ၊ ကျွန်တော်တို့အခုတာဝန်ကျတဲ့ရွာလေးရဲ့ အရှေ့ဘက်မှာ ရှိတဲ့ ရွှေလောင်းကြီးသိုက်ကလာတာတဲ့၊ လူ့ပြည်ကို သူနဲ့သူ့အစ်မ အတူတူလာခဲ့တာတဲ့ ပြန်တော့လည်း အတူတူပြန်ရမှာတဲ့၊ သူ့အစ်မက အခု ရန်ကုန် အုံတက္ကသိုလ် ရုက္ခဗေဒဌာနမှာ Demonstrater (သရုပ်ပြဆရာမ) ဖြစ်နေတယ်တဲ့၊ နာမည်က မလှဲလှဲမွန်တဲ့ဆရာ"

"ဟုတ်လား ... အတိအကျပဲနော်"

"တိကျတာမှ ကြက်သီးထစရာကောင်းလောက်အောင် တိကျတာပဲ ဆရာရေ၊ မဝေဆုံးပြီး တစ်လလောက်နေတော့ ကျွန်တော် ရန်ကုန်တက်သွားပြီး အုံတက္ကသိုလ် ရုက္ခဗေဒဌာနမှာ သွားစုံစမ်းတယ်ဆရာ"

"တွေ့လား ဆရာမျိုး မဝေပြောတဲ့အတိုင်း မလှဲလှဲမွန်နဲ့တွေ့လား"

"ဘယ်လိုလုပ်တွေ့တော့မလဲဆရာ၊ မဝေဆုံးတဲ့နေ့ရက် နာရီအတိအကျမှာပဲ မလှဲလှဲမွန် ကားအက်ဆီးဒင့်ဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးမှာ ဆုံးသွားတာ၊ သူတို့ ညီအစ်မက သေတာတောင် တစ်နေ့တည်း တစ်ချိန်တည်း တစ်နေရာတည်းမှာ ဆုံးကြတာဗျာ"

"ဩော် ... မဝေကလည်း ရန်ကုန်ဆေးရုံကြီးမှာ ဆုံးတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ဆရာ ... ထူးဆန်းတယ်နော်၊ အရင်တုန်းက မဝေပြောပြော နေတဲ့သိုက်အကြောင်းတွေ သိုက်ကဘယ်လိုထွက်လာရင် ဘယ်လိုပြန်ရမယ်ဆိုတာ



တွေကို ကျွန်တော် အခုယုံနေမိပြီ၊ မဝေတို့ ညီအစ်မက သိုက်ကနေကျောကုံးလေး တွေကုံးပြီး ထွက်ခဲ့ရလို့ သက်တမ်းစေ့ရင်ပြန်ကိုပြန်ရမယ်ဆိုတဲ့ စကားက မှန်နေတာကိုး"

"ဘယ်လို ဆရာမျိုး၊ ကျောကုံးကုံးပြီးထွက်တယ်ဆိုတာ ဘာပြောတာလဲ"

"အလိုဆရာ မဝေက သူ့သိုက်အကြောင်းတွေ အလျှင်းသင့်ရင်သင့်သလို ကျွန်တော့်ကို ပြောလေ့ရှိတယ်၊ သိုက်ကနေ လူ့ပြည်ကိုသွားတဲ့နည်းသုံးနည်းရှိတယ်တဲ့"

(၁) မတ်တတ်ရပ်လျက် ထွက်နည်း

(၂) ကျောကုံးကုံးပြီး ယို့ယို့လေးထွက်နည်း

(၃) ပက်လက်နေလျက် ထွက်နည်းတဲ့

နံပါတ်တစ်ဖြစ်တဲ့ မတ်တတ်ရပ်လျက်ထွက်ရင် လူ့ပြည်ရောက်၊ လူ့ပြည်မှာ ပျော်ရင် သိုက်ကြိုးဖြတ်ပြီး သိုက်ကိုလုံးဝပြန်မသွားလို့ရတယ်တဲ့၊ နံပါတ်နှစ်ဖြစ်တဲ့ မဝေတို့လိုကျောကုံး ကုံးပြီးထွက်ရင် သတ်မှတ်သက်တမ်းရောက်ရင် မဖြစ်မနေ သိုက်ကိုပြန်ရတယ်တဲ့၊ နံပါတ်သုံးဖြစ်တဲ့ ပက်လက်နည်းနဲ့ထွက်ရင် မွေးကင်းစပဲ ဖြစ်ဖြစ်၊ ပုခက်တွင်းပဲဖြစ်ဖြစ် မတ်တတ်ပြေးပဲဖြစ်ဖြစ် ကလေးတစ်ကောင်အမေပဲ ဖြစ်ဖြစ် သိုက်ကခေါ်ချင်တဲ့အချိန်မှာ အချိန်မရွေးခေါ်ခွင့်ရှိတယ်တဲ့၊ ဒါတွေ အရင်တုန်းက ကျွန်တော် လုံးလုံး မယုံကြည်ခဲ့ပါဘူး"

"ဩော် ... ဆရာမျိုးရယ်၊ လောကသုံးပါးမှာ ကိုယ့်အသိ၊ အတွေး၊ အတွေ့နဲ့ လိုက်မမီတဲ့အရာတွေအများကြီးရှိတာပဲဗျာ၊ ဒါနဲ့ ... စောစောက ဆရာမျိုး ပြောခဲ့တာလေး ဆက်ကောက်ပါဦး၊ ဆရာမျိုးရဲ့ချစ်သူက သူသိုက်ပြန်ရောက်ရင် ဆရာမျိုးကို ရွှေမကျည်းသီးတောင့် ငါးပိသာပေးမယ်ဆိုတာကရော အခုတကယ်ပေးသလား"

www.burmeseclassic.com

www.burmeseclassic.com

"ပေးတယ်ဆရာ ... "

"ဟာ ... ကတယ် ... "

"ရွှေမကျည်းသီးတောင့်တော့ မဟုတ်ဘူးဆရာ"

"ဪ ... ထီဆုကြီးပေါက်တာပေါ့"

"ထီဆုကြီးလည်းမဟုတ်ဘူး၊ နှစ်လုံးထီ ဂဏန်းပေးတာဆရာ။ ကျွန်တော်တင် မကဘူး အယုံအကြည်ရှိလို့ ထိုးတဲ့လူမှန်သမျှ အကုန်လုံးနှစ်လုံးထီပေါက်ကြတာ၊ ငါးကြိမ်ရှိပြီဗျာ၊ မဝေ ကျွန်တော့်ကို ဂဏန်းပေးလို့ ကျွန်တော် နှစ်လုံးထီပေါက်တာ ငါးကြိမ်ရှိပြီ ... ထည့်ပဲဗျာ"

"ဟုတ်လား ... ဘယ်လိုမျိုးပေးတာလဲ အိပ်မက်ထဲမှာ လာပေးတာလား"

"မဟုတ်ဘူး ဆရာ၊ ကျွန်တော်က မဝေဆုံးသွားပေမယ့် မဝေကိုစွဲလမ်း ချစ်နေတော့ မဝေပြောတဲ့ သူတို့ရဲ့ ရွှေလောင်းကြီးသိုက်ဆိုတဲ့ တောစပ်သွားပြီး မဝေ ကျွန်တော့်ကိုချစ်ရင် ကျွန်တော့်ဆီလာလောက်ဖြစ်ဖြစ်တွက်တွေ့ပါလို့ သွားသွားအော်တိုင်း ခဏနေတော့ တောတိုးသံတွေ၊ ချိုးမြတ်လှုပ်သံတွေ ကြားရပြီး ကျွန်တော့်ဆီ မဝေပြေးဖက်လိုက်တာဗျ။ မဝေလည်းဖက်လိုက်ရော ကျွန်တော် ဘာကိုမှ သတိမရတော့ဘူး၊ ကျွန်တော့်ခန္ဓာကိုယ်ထဲ မဝေဝိညာဉ် ဝင်လာတယ်ထင်တယ်၊ ကျွန်တော် ပူးပူးပြီးပြောတာ ... "

"ဪ ... ဒါဆို မဝေကလည်း ... ဆရာမျိုးကို ချစ်နေတာပဲဗျ"

"ဟုတ်တယ်ဆရာ၊ ကျွန်တော် မဝေနဲ့ အတူနေချင်ပြီဗျာ၊ မဝေ ကျွန်တော့်ဆီရောက်အောင် ဆရာအကြံဉာဏ်လေးများပေးနိုင်မလားလို့ပါ။ မဟုတ်ရင်တော့ ကျွန်တော် မဝေနောက်လိုက်သွားရတော့မှာ"



"ဘယ်လို ဆရာမျိုး ... မဝေကော သေသွားပြီလေ"

"သိုက်ကိုပြန်တယ်ပဲ ပြောပါဆရာ"

"ဪ ... အင်း ... "

"ကျွန်တော့်ကိုလည်း သူခေါ်တော့မယ်တဲ့၊ အခုဆိုရင် သူဂဏန်းပေးလို့ ကျွန်တော် နှစ်လုံးထီပေါက်တာ ငါးကြိမ်ရှိသွားပြီ၊ ခုနစ်ကြိမ်မြောက်ကျရင် ကျွန်တော် သူ့နောက်လိုက်ရတော့မယ်ထင်တယ်၊ ကျွန်တော်လည်း လိုက်တော့မယ် ဆရာ၊ အကယ်လို့ ဆရာ့မှာ ကျွန်တော့်ချစ်သူဆီ ကျွန်တော်မလိုက်ရဘဲ ကျွန်တော့်ဆီ ကျွန်တော့် ချစ်သူရောက်လာအောင် လုပ်လို့ရတဲ့ နည်းလမ်းလေးရှိရင် ပေးပါလို့ အားကိုးတကြီး ဗုန်းဆက်တာပါ၊ ဆရာက ပရလောကနဲ့ ပတ်သက်ပြီး နံ့စပ်ကျွမ်းကျင်မယ်ထင်လို့ပါ၊ ကျွန်တော် မသေဘဲနဲ့ မဝေနဲ့ပေါင်းချင်တယ်ဆရာ ရယ် ကူညီပါနော် ... "

" ... "

ကျွန်တော့်ရင်ထဲ ဆို့နင့်သွားရသည်။

ကျွန်တော့်ဆရာမျိုးဆိုသော ဆေးမှုးလေးကို ဘယ်လိုမျိုးနှစ်သိမ့်ရပါမည်နည်း။ ကျွန်တော့်မှာ သူတောင်းခံသောနည်းမရှိပါ။ ငြင်းရအောင်လည်း စိတ်ထဲမှာမကောင်း။

"ဆရာမကူညီနိုင်လည်း စိတ်မထိခိုက်ပါနဲ့ဗျာ၊ ကျွန်တော်က မဖြစ်နိုင်တာကိုတောင်းဆိုမိတာပါ၊ ကျွန်တော့်ကံပေါ့ဆရာရယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့် ချစ်သူနဲ့ ကျွန်တော် မဖြစ်ဖြစ်အောင်ပေါင်းမှာပါ"

အစွဲအလမ်းကြီး အချစ်ကြီးသော ဖမောင်မျိုးဟူသည့် ဆေးမှုးလေးအတွက် ကျွန်တော် ဘယ်လိုဆုတောင်းရမှန်းပင်မသိအောင် တွေဝေမိန်းမူးနေမိသည်မှာ မည်မျှကြာသွားသည် မသိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာမျိုး ဖုန်းချသွားလေပြီ။
"ကံကောင်းပါစေ ဆရာမျိုးရေ ... "
ဟုသာ တိုးတိုးသဲ့သဲ့ ဆန္ဒပြုလိုက်မိတော့သည်။

ဆရာမျိုး
ကရင်ချောင်းကျေးရွာ၊ မအူပင်မြို့နယ်။

## ပါဝင်သောအခန်းများ


| | | |
|---|---|---|
| အခန်း | ၁။ | နာရေးနေ့ |
| အခန်း | ၂။ | အိမ်ကလေးဆီလာသူ |
| အခန်း | ၃။ | ဆုံတဲ့ကံကြမ္မာ |
| အခန်း | ၄။ | အစိမ်းစားသူလေး |
| အခန်း | ၅။ | တစ္ဆေခြောက်တဲ့ရှုံတင် |
| အခန်း | ၆။ | ကားနက်ကြီး |
| အခန်း | ၇။ | အလင်းကြောက်လို့ |
| အခန်း | ၈။ | ပျောက်သွားသောအသားစိမ်း |
| အခန်း | ၉။ | တစ္ဆေမလေးရဲ့ တစ်နေ့တာ |
| အခန်း | ၁၀။ | နာရေးဖိတ်စာ |


ရိုးရှင်းအောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၁။ နာရေးလာပို့တဲ့ တစ္ဆေ

အခန်း ၁၂။ ဘာမှမရခဲ့သူတစ်ယောက်

အခန်း ၁၃။ လောကထဲရောက်လာမည့်သူ

အခန်း ၁၄။ လိပ်ပြာစေရာ

အခန်း ၁၅။ ဝိညာဉ်၏ခံစားချက်


နိဂုံး



## အခန်း (၁)
## နာရေးနေ့

''မမဇော်

အသက် (၂၇)နှစ်''

ရေဝေးသုသာန်၏ ခန်းမကျယ်ကြီးထဲတွင် နာရေးလာပို့သူများ လွှန်စွာများပြားနေသည်။ အားလုံးလိုလိုက မမဇော်ပုံပါသည့်အနက်ရောင် တီရှပ်လက်တိုဝတ်ထားကြ၏။

စည်ကားလွန်းလှသည့် နာရေးလာပို့သူတို့ကို အထူးအဆန်းသဖွယ် လာရောက်ကြည့်ရှုနေကြသည့် လူများကလည်း မနည်းလှ။ သုသာန်ရှေ့ကားပါကင်ကျယ်ကြီးမှာလည်း အဖိုးတန် အကောင်းစားကားများဖြင့် ပြည့်ကျပ်နေ၏။

လုံခြုံရေးကုမ္ပဏီတစ်ခုက ဝန်ထမ်းများမှာ လာရောက်ကြသည့် ပရိသတ်တို့ကို ထိန်းသိမ်းနေရသည်။

မမဇော်ရဲ့ ရုပ်အလောင်းကို ပြင်ဆင်ထားပုံ ထူးခြားလွန်းပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်ဆတ်ဆတ် စံပယ်ပွင့်များကို မွှေးရာသဖွယ်လုပ်ကာ ဂါဝန်
ည်ဖြူဖြူဖွေးဖွေးကို လှပစွာဝတ်ဆင်ပေးထားသည်။

လဲလျောင်းနေသည့် ခန္ဓာကိုယ်ပေါ်မှာတော့ စံပယ်ပွင့်တို့ကိုခြုံစောင်
သဖွယ် လွှမ်းခြုံလို့ထားသည်။

အလောင်းကိုမြင်ရသူအပေါင်းက မမဇော်တစ်ယောက် စံပယ်မွေ့ရာ
ပေါ်တွင် သက်သောင့်သက်သာ လဲလျောင်းနေသည်ဟု ထင်ရသည်။

နာရေးခန်းမထဲမှာ ဗီဒီယိုရိုက်သည့်အဖွဲ့များ ဓာတ်ပုံရိုက်သည့်
သူများကြောင့် မီးရောင်များက တဖျပ်ဖျပ် ...

မမဇော်အလောင်းဘေးမှာလည်း နာမည်ကြီးတယောဂီတဝိုင်းက
ခမ်းနည်းဆွေးမြေ့ဖွယ် တယောသံစဉ်ကို ကြားရသူအပေါင်း လှိုက်ဖိုဝမ်းနည်း
အောင် သံစဉ်များ ဖန်တီးနေသလားဟု ထင်ရလောက်အောင် ကြားနေရ
သည်။

ဒါတွေကို မမဇော် ကြားနိုင်မလား ... ။

ဘယ်ကြားနိုင်မလဲ ... သူတမလွန်ကိုအပြီးသွားခဲ့တာ မဟုတ်
လား။

"ဦးမိုးဇော် ရောက်မလာသေးဘူးလား"

"မတွေ့သေးဘူး ... သူက အမေရိကားကလာရမှာ အချိန်မီရောက်
မယ်လို့ ... သူမန်နေဂျာတွေပြောနေတာပဲ"

မမဇော်တို့အသိုင်းအဝိုင်းက မိတ်ဆွေဖြစ်သူတချို့စကားသံကို
တိုးတိုးပြောနေကြသည်။

"ဦးမိုးဇော်က မမဇော်ကိုတော်တော်ချစ်တယ်နော် ... နာရေး





အခမ်းအနားကိုတောင် အကြီးအကျယ်လုပ်ထားတာ ငါနာရေးလိုက်ပို့ဖူးတဲ့
သက်တမ်းတစ်လျှောက် ဒီလောက်ကြီးကျယ်တဲ့ နာရေး မတွေ့ဖူးဘူး"

"ဟုတ်တယ်ကွ ... နာရေးခန်းမထဲရောက်တဲ့လူတိုင်း မျက်ရည်စို့
ရတယ် ... နံရံတွေမှာကြည့်လေ မမဇော်ပိုစတာပုံတွေ အပြည့်ကပ်ထား
တာ

တယောဝိုင်းက အသံကလည်း အလိုလိုငိုချင်လာတယ် ခန်းမတစ်ခု
လုံးလည်း စံပယ်နံ့တွေ သင်းအီနေတာပဲ"

ထိုင်ခုံမှာ ထိုင်နေသူတိုင်း မျက်ရည်တွေဝဲနေသည်။ ဦးမိုးဇော်
ဆိုတာ မြန်မာပြည်ရဲ့ အချမ်းသာဆုံး သူဌေးတွေထဲက ထိပ်တန်းတစ်ယောက်
ကုမ္ပဏီများစွာပိုင်ဆိုင်ထားသလို သူအလွန်ချစ်သော ဇနီးချောလေးမမဇော်
ကို ပိုင်ဆိုင်ထားရာမှ မမျှော်လင့်သော ကံကြမ္မာဆိုးတွေသူတို့မိသားစုထဲကို
ဝင်ရောက်ထိုးမွှေခဲ့သည်။

ကြမ္မာဆိုးရဲ့ အဆုံးမှာတော့ မမဇော်တစ်ယောက် သေခြင်းတရားနှင့်
နိဂုံးချုပ်သွား၏။

မမဇော်ဟာ ဘယ်သူလဲ လူတွေဟာ ဘာလို့ မမဇော်ကိုစိတ်ဝင်စား
တာလဲ ... ။

ဒီမေးခွန်းရဲ့ အဖြေကတော့ ရှင်းသည်။

မမဇော်ဆိုတာ ဒီနေ့ရုပ်ရှင်နဲ့ဗီဒီယိုလောကမှာ လွန်စွာအောင်မြင်နေ
တဲ့ မင်းသမီးတစ်ယောက် ကြော်ငြာများ၊ ရုပ်ရှင်၊ ဗီဒီယို မော်ဒယ်ရှိုး အခမ်း
အနားပွဲများ ... စတာတွေမှာ မမဇော်တစ်ယောက်မပါလျှင် ပွဲမဖြစ်တော့
လောက်အောင် မမဇော်ရဲ့ အရှိန်အဝါကကြီးလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတူအောင် လှပလွန်းတဲ့ရုပ်ရည် စကားပြောညက်ညောလွန်းလှတဲ့ အသံတို့ကြောင့် ပရိသတ်များရင်မှာ သည်းသည်းလှုပ်စွဲငြိစေသူ တစ်ယောက်ဖြစ်၏။

အောင်မြင်နေတဲ့ အချိန်မှာအခုလို ရုတ်တရက်သေဆုံးသွားခြင်းအတွက် အားလုံးက နှမြောတသဖြစ်ကြသည်။

"ဦးမိုးဇော် လာပြီဟေ့"

ခန်းမအပြင်ဘက် ပရိသတ်တစ်ယောက်ရဲ့ အသံကြောင့် ခန်းမထဲမှာ လှုပ်လှုပ်ရှရှ ဖြစ်သွားသည်။

"တကယ် သားနားတယ်ကွာ ... ကျိမ်းစ်ဘွန်းမင်းသားနဲ့ တူတယ်"

"သူ့ဘေးက ကလေးက မမဇော်သမီးလေးလား"

"ဟုတ်တယ်လေ ... ချစ်ရာကောင်းလိုက်တာ ဖအေချော မအေချော ဆိုတော့ သူလည်းချောတာပေါ့"

လွန်စွာကြီးကျယ်ခန်းနားလှသည့် ကားနက်ကြီးပေါ်မှ ကိုယ်ရံတော်အစောင့်လေးဦးနှင့်အတူ ဦးမိုးဇော်နှင့်အတူ သုံးနှစ်အရွယ်ကလေးတစ်ဦး နာရေးခန်းမထဲသို့ တစ်လှမ်းချင်းလျှောက်၍လာသည်။

မျက်နှာပေါ်မှာ ဝမ်းနည်းရိပ်တို့သမ်းနေသော်လည်း လူကြီးလူကောင်းပီသစွာ မိမိခံစားမှုကို ထိန်းသိမ်းထားမှုကြောင့် တည်တံ့စွာလျှောက်လာ၏။

သူ၏လက်တစ်ဘက်တွင်ဆွဲထားသည့် သုံးနှစ်အရွယ်သမီးငယ်လေးမျက်နှာကတော့ ဘာမှမသိသေးသည့် အရွယ်ကြောင့် ခံစားမှုကင်းမဲ့နေသည်။





လူတွေက သူတို့သွားသာရုံ လမ်းရှင်းပေးကြသည်။ နာရေးခန်းမထဲရောက်တော့ ထိုင်ခုံများတွင် ထိုင်နေသူများက မတ်တတ်ထရပ်၍ အရိုအသေပြုကြသည်။

အားလုံးလိုလိုက မမဇော် ဒါမှမဟုတ် ဦးမိုးဇော်နှင့်တနည်းနည်းနှင့် ပတ်သက်ကြသူများဖြစ်၏။

တစ်ယောက်တစ်ပေါက် တိုးတိုးနှင့်ဆူညံနေသည့်အသံများမှာလည်း ရုတ်တရက်တိတ်ဆိတ်လို့သွားသည်။ ဦးမိုးဇော်က သူ့သမီးလေး သံသာသာကို လက်ဆွဲလျက် မမဇော်အလောင်းပြင်ထားရာ လျှောက်လာသည်။

တယောသံစဉ်တို့လည်း ရပ်သွားတော့ ဦးမိုးဇော်ကမမဇော်အလောင်း ဘေးရပ်၍ မမဇော်အား ကြေကွဲဆို့နင့်စွာ ကြည့်နေသည်။

"ပါးပါး မာမီအိပ်နေတာလား ဟင်"

"သြော် ... အင်း ... လာ သမီး"

သမီးလေးရဲ့အသံကြောင့် ဦးမိုးဇော်သမီးလေးကို ကောက်ချီ၍ မမဇော်ကိုပြလိုက်၏။

"မာမီ"

သမီးလေးရဲ့ နှုတ်ခမ်းကထွက်လာတဲ့အသံ သူမာမီ မမဇော်ကြားနိုင်မှာမဟုတ်တော့ ... ။

"မာမီ"

"သမီးရယ် သမီးရဲ့ အသံကို သူကြားမှာမဟုတ်တော့ဘူး"

ဦးမိုးဇော်က ဆို့နင့်စွာပြောတော့ သမီးလေးက ...

"ဘာလို့လဲ ပါးပါး မာမီ အိပ်ပျော်နေလို့လား ... "



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... မာမီ ဆုံးသွားပြီ သမီးရဲ့ ... "

ဦးမိုးဇော် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ ထင်ထားသည့်ကြားက မျက်ရည်တို့တွေ ဝေစွာကျလာသည်။

"ဟင်း"

သမီးလေးက သူ့ဖခင် မျက်ရည်ကျတာ မြင်တော့ဝမ်းနည်းစွာ ငိုတော့သည်။

"မမဇော် ငါမင်းကို တကယ်နှုတ်ဆက်ပါတယ် _ ခုတစ်ခါကတော့ မင်း ငါတို့တဝထဲက အပြီးထွက်သွားတာပါ _ ငါတို့မိသားစုဘဝ ဘယ်တော့မှ ရှိမှာမဟုတ်ဘူးလေ ... မင်းအေးအေးချမ်းချမ်း သွားပါတော့"

ကြေကွဲစွာ မမဇော်အလောင်းကိုကြည့်ရင်း ဦးမိုးဇော်ရင်ထဲကပြော လိုက်တဲ့ စကားသံတွေကို မမဇော်ကြားမှာလား ...

အခုတော့ ...

မမဇော်ရဲ့ဘဝက သူ့အောင်မြင်ကျော်ကြားမှုတွေ ဥစ္စာဓနတွေနဲ့ သူ့မိသားစုတွေကို အပြီးခွဲလို့သွားပြီလေ ...

"ဆရာ ... သင်္ဂြိုဟ်ဖို့ အချိန်ရောက်ပြီ"

"အင်း ... "

ဦးမိုးဇော်ရဲ့ တပည့်တစ်ယောက်က လေသံတိုးတိုးနှင့်သတိပေး စကားပြောတော့ ဦးမိုးဇော်က ခေါင်းညိတ်ပြ၏။

"မာမီ ... "

သမီးလေးရဲ့ သူ့မာမီကို နိုးထလာဖို့ မျှော်လင့်ချက်ကြီးကြီးနဲ့ ခေါ်လိုက်တဲ့အသံက ရှုံးရှုံးရှုံ ထွက်လာသည်။





"လာ ... သမီး ပါးပါးတို့သွားရအောင်"

"ပါးပါး _ မာမီနိုးအောင်စောင့်ဦးလေ _ မာမီ့ကိုသမီးကို့ခေါ်သွားရအောင်"

သမီးလေးက မျက်ရည်တွေနှင့် ရှိုက်ကာပြောတော့ ဦးမိုးဇော်က–

"သူ မလိုက်နိုင်တော့ပါဘူး သမီးရယ်"

ပြော၍ အလောင်းစင်ဘေးက လှည့်ကာထွက်လာတော့ ဝမ်းနည်း ဆို့နင့်ဖွယ် တယောသံစဉ်တို့ ထွက်လာသည်။

မမဇော်ရဲ့ ရုပ်အလောင်း မကြာခင်အချိန်လေးမှာ လူ့လောကမှာ ရှိမှာမဟုတ်တော့ ...

သူချစ်သော သူ့ကိုချစ်သော လူတွေကိုသူကမ္ဘာမြေက အပြီး ထွက်သွားတဲ့ အချိန်မှာ နှုတ်ဆက်ဖော်မရ _ သေခြင်းတရားရဲ့ အဆုံးတစ်နေ့ ကို သူလျှောက်သွားခဲ့ပြီလေ ...

နာရေးခန်းမထဲမှာ မမဇော်ရုပ်အလောင်းထည့်ထားသည့် ကျွန်း ခေါင်းကြီးကို မ လာသူတွေ ...

အဲဒီနောက်မှာ ရုတ်ရုတ်သဲသဲလူတွေ ...

သင်္ဂြိုဟ်စက်ရှေ့မှာ တိုးမပေါက်အောင် များပြားလွန်းတဲ့ သူ့ပရိသတ် တွေ ...

မမဇော် မြင်တွေ့ခွင့်မရတော့ ...

ဦးမိုးဇော်ကတော့ သူ့သမီးလေးကိုချီလျက် သူ့ကားနက်ကြီးထဲက သင်္ဂြိုဟ်စက်ဆီသို့ သွားနေသည့် မမဇော်ရုပ်အလောင်းကို ထည့်ထားသည့် ကျွန်းခေါင်းကြီးကို တွေတွေကြီးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒိုး ... ဝုန်း”

သဂြိုဟ်စက် သံတံခါးကြီး ပိတ်လိုက်သည့်အသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ဦးမိုးဇော်ရဲ့ အကြည့်ကပြောင်းသွားသည်။

သူကြည့်နေတာက သဂြိုဟ်စက်ခေါင်းတိုင်ပေါ်က မီးခိုးငွေ့တွေ ဒီမီးခိုးငွေ့တွေဟာ မမဇော်ရဲ့ ရုပ်အလောင်းသဂြိုဟ်ရာမှ ထွက်လာသည့် အခိုးအငွေ့တွေ ... ခုတော့လည်း ...

သူတို့ဘဝထဲက မမဇော် အပြီးထွက်သွားခဲ့ပါပြီလေ ...

ဦးမိုးဇော်ရဲ့ မျက်ရည်ပူတစ်ပေါက် ကျဆင်းလို့ သွားလေတော့သည်။



ဒီနေရာလေးကိုရောက်လာတာက
ဘာလို့လဲဆိုရင် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
## အိမ်ကလေးဆီလာသူ

''ဟာ ... ကျွန် ... ကျွန်တော်ဘယ်ရောက်နေတာလဲ''

မွန်းတည့်တစ်ယောက် ခုတင်ပေးထထိုင်၍ ဘေးဘယ်ညာကြည့်ပြီး အံ့ဩနေသည်။ မျက်နှာကြက်ဖြူဖြူ၊ သူ့ခုတင်နောက်မှာ ခုတင်တွေအစီအရီ

''ဟင် ... ငါ ... ငါဆေးရုံရောက်နေတာပါလား၊''

ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့ ဦးခေါင်း၊တွင်ပတ်တီးဖြူဖြူ ညာလက်၌ ပတ်တီးများ ခြေထောက်ကလည်း အနည်းငယ်ကိုက်နေ၏။

''လူနာ ... သတိရပြီလား''

အင်္ကျီအဖြူ ထဘီအစိမ်းနှင့် သူနာပြုဆရာမတစ်ဦးရောက်လာကာ သူ့ကို မေးသည်။

''ဆရာမ ကျွန်တော် ဘယ်လိုလုပ်ဒီကိုရောက်လာတာလဲ''

''ရှင် ... အခုမှသတိရလာတာမလား၊ ပြန်လှဲနေပါ ... ရှင်သတိလစ်နေတာ သုံးရက်ရှိပြီ''

ရိုရှင့်အောင်စာပေ

Kaung / YYA (1134)4



''ရှာ ...''

မွန်းတည့်အံ့ဩသွားသည်။ ပြီးတော့ ...

''ဆရာမ ကျွန်တော် သတိလစ်တာ သုံးရက်ရှိပြီ ဟုတ်လား''

''ဟုတ်ပါတယ် ... ရှင်စကားတွေအများကြီးပြောမနေနဲ့ ... လှဲနေပါ ကျွန်မ ဆရာဝန်ကြီးသွားခေါ်လိုက်ဦးမယ်''

''ဟုတ် ... ဟုတ်ကဲ့''

မွန်းတည့် အိပ်ရာပေါ်ပြန်လှဲလိုက်သည်။ ခေါင်းထဲ၌လည်း မူးနောက်နောက်ဖြစ်နေ၏။

အမှန်ဆို ခုချိန်မှာ သူဆေးရုံမရောက်သင့် ....

သူ့မှာအရေးတကြီးလုပ်စရာကိစ္စတွေရှိသည်။

''အင်း ... မမဇော် ငါ့ကိုစောင့်နေမှာပဲ ငါဘယ်လိုလုပ်ရမလဲ''

မမဇော်ရဲ့ မျက်နှာ သူ့အာရုံထဲပေါ်လာသည်။ ညို့အားပြင်းလှန်းသည့် မိန်းမတစ်ယောက် ...

သူ့အကြည့်တစ်ချက်နှင့် ရင်တစ်ခုလုံး သိမ့်သိမ့်ခါအောင် ဖြစ်သွား ရလောက်အောင် ဆွဲဆောင်မှုရှိလွန်းသူ ...

အေးချမ်းတိတ်ဆိတ်သည့် အဝေးပြေးအမြန်လမ်းမဘေးက ခြံကျယ်ကြီးထဲကအိမ်လေး ... မမဇော်နှင့်သူတို့ရဲ့လှပတဲ့ အိပ်မက်တွေကို တယုတယ ဖော်ဆောင်ပေးမယ့် ကွန်းခိုရာ နေရာလေး ...

အဲ့ဒီနေရာလေးကို သူအရောက်လာခဲ့တာ ...

ခုတော့ ...

''လူနာ ... ခင်ဗျား သက်သာရဲ့လား''

ရိုရှင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကိုမှိတ်ကာ အတွေးလွန်နေတဲ့ သူ့ကို လာမေးတဲ့အသံကြောင့် ကြည့်လိုက်တော့ အသက်လေးဆယ်ဝန်းကျင်ခန့် အသားဖြူဖြူ ခန့်ခန့်ချောချော နှင့် လူတစ်ဦး ...

သူ့ဘေးမှာ သူနာပြုဆရာမလေး ...

"ခင်ဗျား ကားအက်ဆီးဒင့်ဖြစ်တာဗျ ... "

"ဗျာ"

အံ့သြစွာထထိုင်မည်အပြု သူနာပြုဆရာမလေးက ...

"ရှင် ... ရုတ်တရက် မထနဲ့လေ ရှင့်ခေါင်းကိုထိခိုက်ထားတယ်"

"ဟုတ်ပါတယ် ... ခင်ဗျား ငြိမ်ငြိမ်နေပေးပါ၊ ပြီးရင် ကျွန်တော်မေးတဲ့ မေးခွန်းဖြေပေးပါ"

"ဟုတ်ကဲ့ ... "

မွန်းတည့် အိပ်ရာပေါ်ပြန်လှဲကာငြိမ်နေ၏။

"ဒေါက်တာ သူ့ကိုဆေးထိုးပေးရဦးမလား"

"ရတယ် ဆရာမ ကျွန်တော်လိုအပ်တာမေးဦးမယ် ... လိုအပ်ရင် ကျွန်တော်ပြောမယ်"

ဆရာဝန်က သူနာပြုဆရာမလေးဘက်လှည့်ပြောပြီး မွန်းတည့်ဘက်လှည့်၍ ...

"ခင်ဗျား နာမည်ပြောပါ"

"မွန်းတည့်နေ"

မွန်းတည့်ကခပ်ပြတ်ပြတ်ပြောတော့ ဆရာဝန်ကပြုံး၍ခေါင်းညိတ်သည်။





"ခင်ဗျား ... ကားအက်ဆီးဒင့်ဖြစ်တာ မှတ်မိသလောက်ပြောပြပါ"

"ဟို ... ဟို"

မွန်းတည့် စဉ်းစားရင်းခေါင်းတွေ မူးဝေလာသည်။ ဆရာဝန်က သဘောပေါက်စွာနှင့် ...

"ကိုမွန်းတည့် စဉ်းစားရခက်နေရင် မပြောပါနဲ့၊ ကျွန်တော်က အမှုစစ်တစ်ယောက်မဟုတ်ပါဘူး ... ကိုမွန်းတည့် ဦးနှောက်နဲ့အာရုံကြော ထိခိုက်မှု ရှိမရှိ အခြေအနေသိချင်လို့ မေးတာပါ"

"ကျွန်တော့်ခေါင်းတွေ သိပ်မူးနေတယ်ဗျာ ... လောလောဆယ် ကျွန်တော် မဖြေနိုင်သေးဘူး"

"ဟုတ်ပါပြီ ... ကိုမွန်းတည့် ဆန္ဒရှိတာပြောပါ"

ဆရာဝန်က ပြုံးပြုံးလေးပြောတော့ မွန်းတည့်က လေသံတိုးတိုးနှင့်

"ကျွန်တော် မမနဲ့တွေ့ချင်တယ်ဗျာ ... ခုလောက်ဆို မမကျွန်တော့်ကိုစောင့်နေပြီ"

"မမ ... ဟုတ်လား ... မမဆိုတာ ... "

ထိုစဉ် ...

သူနာပြုဆရာမတစ်ဦးရောက်လာပြီး ဆရာဝန်အား ...

"ဒေါက်တာ ... ဟို ... လူနာဆုံးပြီ"

"ဗျာ ... ဟုတ်ပြီ ကျွန်တော်လာကြည့်မယ် ... ကိုမွန်းတည့် သက်သက်သာသာနေပါ ... ခဏနေ ကျွန်တော်ပြန်လာမယ်"

"ဟုတ် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်နှင့် သူနာပြုဆရာမများထွက်သွားတော့ မွန်းတည့် တစ်ယောက် လှဲနေရာမှ ထထိုင်လိုက်သည်။

"ဟင်"

အခန်းနံရံကတိုင်ကပ်နာရီမှာ ဆယ့်တစ်နာရီကျော်လေပြီ ...

"မမနဲ့ ငါ ရှစ်နာရီချိန်းထားတာ ဘယ်လိုလုပ်ရမလဲ"

အတွေးတွေရှုပ်လာသည်။ ခေါင်းထဲကအနည်းငယ်မူးနေတာမှ တစ်ပါး ကျန်ဒဏ်ရာတွေရဲ့ နာကျင်မှုတွေ မပြေပလောက် ...

"ငါ ဘာလုပ်ရမလဲ ... မမ ငါမရှိရင် တစ်ယောက်တည်းဖြစ်နေမယ် ... အင်း ... ငါဆေးရုံကထွက်သွားရင် ဘယ်သူမှသိမှာမဟုတ်ဘူး"

ဆုံးဖြတ်ချက်ကိုချ၍ ခုတင်ပေါ်မှဆင်းကာ ဘယ်သူမှမမြင်အောင် အရေးပေါ်အခန်းထဲမှ တိတ်တဆိတ်ထွက်လာခဲ့လေတော့သည်။

◆ ◆ ◆



"ဟော့ ... တက္ကစီ"

အငှားကားတစ်စီး ပဲခူးဘက်မှ ဆင်းလာတာတွေ့တာနှင့် လှမ်း၍ တားလိုက်ရာ သူ့ရှေ့မလှမ်းမကမ်းတွင်ရပ်ပေးသဖြင့် ကားနားသို့လျှောက်လာသည်။

"ကားငှားလို့ရမလား"

"ရန်ကုန်ဆိုရမယ်ဗျ ... ကျွန်တော် ရန်ကုန်ပြန်မလို့ပါ"

မွန်းတည့် စိတ်ညစ်သွားသည်။

"အမြန်လမ်းက မိုင်နှစ်ဆယ်ကိုသွားချင်တာပါ၊ ကူညီပါဗျာ ကျွန်တော် အရေးကြီးလို့"

"မဖြစ်ဘူးဗျ ... ညဉ့်နက်နေပြီ"

"ကူညီပါဗျာ ... ကျွန်တော်သိပ်အရေးကြီးနေလို့ပါ"

မွန်းတည့်က သူ့အင်္ကျီအိတ်ကပ်ထဲစမ်းကြည့်တော့ ငါးထောင်တန် လေးရွက်ထွက်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



"နှစ်သောင်းပေးပါ့မယ် ... ဘယ်လိုမှ သဘောမထားပါနဲ့"

"အင်း ... "

ကားသမားကစဉ်းစားနေသည်။ ငွေနှစ်သောင်းကနည်းတာမဟုတ် မိုင်နှစ်ဆယ်ကလည်း ဝေးတာမဟုတ် ... အဝေးပြေးလမ်းဆိုတော့ အချိန်က သိပ်မကုန် ...

"ကျွန်တော် လူကောင်းပါ ... ခင်ဗျားအတွက် ဘာအန္တရာယ်မှ မပေးပါဘူး"

"ဟုတ်ပြီလေ ... တက် ... "

"ကျေးဇူးပဲဗျာ"

မွန်းတည့်လည်း ကားနောက်ခန်းထဲဝင်ထိုင်တော့ တက္ကစီမောင်း သမားလည်း ကားကိုအရှိန်ပြင်းပြင်းနှင့် မောင်းထွက်လာသည်။

မွန်းတည့်က ကားသမားမပျင်းစေရန် ...

"ခင်ဗျား ... ပဲခူးအော်ဒါလား"

"ပဲခူး မရောက်ပါဘူး ... အင်းတကော်နားတင်ပါ၊ ငှားတုန်းက အသွားအပြန်ဗျ ... ဟိုရောက်တော့ အဲဒီလူက ပြန်မလိုက်ဘူး နေခဲ့တယ်"

ကားသမားကပြောရင်း ကားကိုအရှိန်အမြင့်ဆုံးတင်၍ မောင်းရင်း အဝေးပြေးလမ်းပေါ် ချိုးကွေ့လိုက်၏။

လမ်းအသုံးပြုခ ကောက်ခံရေး ဂိတ်ကျော်တော့ ကားကိုစိတ်ရှိလက်ရှိ မောင်းတော့သည်။

"ခင်ဗျား ... ကားမောင်း အတော်ကျွမ်းကျင်တာပဲ"

မွန်းတည့်က ချီးကျူးရာ တက္ကစီမောင်းသူက ...





"ကျွမ်းကျင်တယ်မလုပ်နဲ့ ဟိုင်းဝေးလမ်းမို့ မောင်းရဲတာ ... အင်းတကော်ကိုသွားတုန်းက ထောက်ကြံ့အကျော်မှာ ကားတိုက်ထားတာ တွေ့တာ မြင်မကောင်းဘူး"

"ဗျာ ... ကားတိုက်တာ"

မွန်းတည့် အံ့သြစွာရေရွတ်၏။

"ကားချင်းတိုက်တာပါ ... နှစ်စီးလုံးကြေမွနေတာ ရစရာမရှိဘူး"

"ကားပေါ်က လူတွေသေပြီပေါ့"

"အင်း ... သေမှာပဲဗျ ... တိုက်ကြတာအတော်ပြင်းပုံရတယ် လေ"

"အား ... မူးတယ်ဗျာ"

မွန်းတည့်ခေါင်းထဲ မူးလာသဖြင့် ကားနောက်ကူရှင်ကို မှီထားရ သည်။ တက္ကစီသမားက ...

"ဟေ့လူ ... ဘာဖြစ်တာလဲ"

"ခေါင်းမူးလို့ပါဗျာ ... "

"ဟာ ... ခင်ဗျား ခေါင်းမှာပတ်တီးနဲ့ပါလား၊ ခုနသတိမထားမိဘူး လူငယ်တွေစတိုင်လုပ်ပြီး ပဝါစီးထားတယ်ထင်တာ"

"အင်း ... ကျွန်တော် ဘာမှမဖြစ်ပါဘူး ... မောင်းသာမောင်းပါ"

ကားသမားက သူ့စိတ်ထဲ မွန်းတည့်ကိုမသင်္ကာသလို ဖြစ်ကာ နောက်ကြည့်မှန်မှ ခဏခဏကြည့်နေသည်။

"ခင်ဗျား ... သက်သာပါတယ်နော်"

"ရပါတယ်ဗျာ ... ခင်ဗျား ဘာမှမစိုးရိမ်နဲ့ ကျွန်တော်လူဆိုးမည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး … မိုင်နှစ်ဆယ်ကိုသာမောင်း''

''ဟုတ်ပါပြီ … ကျွန်တော်က စိတ်ပူလို့ပါ''

ကားသမားလည်း ကားကိုမောင်းလာရာ မိုင်တိုင်နှစ်ဆယ်နားရောက်တော့ အရှိန်လျှော့လိုက်သည်။

မွန်းတည့်က …

''ဟို … ခြံတံခါးဝမှာ ရပ်လိုက်ရပြီ''

''ဟုတ်ပြီ … ''

ကားသမားလည်း ခြံတံခါးရှေ့ကားရပ်တော့ မွန်းတည့်ကကားပေါ်မှ ဆင်းလိုက်၏။

''ကျေးဇူးပဲ ဟိုရှေ့နားမှာကွေ့လို့ရတယ်''

''ကောင်းပြီ … ''

ကားသမားကမောင်းထွက်သွားတော့ မွန်းတည့်လည်းခြံတံခါးကို တွန်း ဖွင့်ကာဝင်လာသည်။

ခြံထဲအဝင် မြေနီလမ်းလေးကဖြူးနေ၏။

ထိုလမ်းဘေးမှာတော့ ပင်လယ်ကစွန်းပင်တို့စီတန်းကာ စိုက်ထားပုံမှာ လှပလွန်းသည်။ လမ်းကလေးကတဖြည်းဖြည်းမြင့်တက်သွားရာ လမ်းအဆုံးမှာတော့ တောင်းကုန်းလေး …

ပေနှစ်ရာ ဝန်းကျင်ကျယ်ဝန်းပြီး သီးသန့်ခြံခတ်လို့ထားသည်။

နှစ်ခန်းတွဲ ကျွန်းသစ်သားအိမ်လေးကို ဆောက်ထားသည့် ထိုတောင်ကုန်းပေါ်တွင် ဆောက်ထား၏။

ခြံဝိုင်းလေးထဲမှာတော့ ရွက်လှ၊ ဂမုန်းစတဲ့ အလှစိုက်ပန်းပင်တို့





အပြင် သစ်ခွ၊ ပန်းခြံသေးသေးလေးပါရှိသည်။

သောက်ရေ သုံးရေအတွက် စက်ရေတွင်းရှိသလို အိမ်လေးထဲမှာတော့ ခေတ်မှီအသုံးအဆောင် ပရိဘောဂပစ္စည်းများအပြင် ရေခဲသေတ္တာ၊ တီဗွီ၊ အဲယားကွန်း စုံလင်စွာရှိ၏။

မွန်းတည့်နှင့် သူချစ်သူတို့အတွက် အရာရာပြီးပြည့်စုံစေရာ နေရာလေးတစ်ခုကို အချိန်ယူပြင်ဆင်ထားခဲ့သည်လေ …

မွန်းတည့်တစ်ယောက်လျှောက်လာရင်း အိမ်လေးကိုလှမ်းကြည့်တော့ မဲမှောင်နေသည်၊ မမတစ်ယောက် သူ့အလာကိုမျှော်ရင်း စိတ်မရှည်တော့သဖြင့် မီးစက်ပိတ်ကာအိပ်နေပြီလားဟုတွေးကာ သွက်လက်တဲ့ ခြေလှမ်းတို့ဖြင့် လှမ်းလာလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

*မမရဲ့ ရယ်မောသံက ကားထဲလွင့်လာတယ်*
*ဒါပေမယ့် . . .*
*ကားထဲမှာ မမ မရှိဘူး*

အခန်း (၃)

## ဆုံတဲ့ ကံကြမ္မာ

"ကျွီ"

အိမ်လေးရဲ့တံခါးကို တွန်းဖွင့်ကြည့်လိုက်တော့ အိမ်လေးထဲမှာ မဲမှောင်လို့နေသည်။

"ဟင်"

အိမ်လေးထဲရှိ ဆိုဖာထိုင်ခုံများ ... အိပ်ရာများပေါ်တွင် မမကို မတွေ့ရ ...

"မမ ... မရောက်သေးပါလား ... ဘာလို့လဲ"

စိတ်ထဲကတွေးကာ တစ်အိမ်လုံးကို ဝေ့ဝဲကာကြည့်သော်လည်း မတွေ့ရသဖြင့် အိမ်ပြင်ပြန်ထွက်ကာ မီးစက်နှိုးလိုက်၏။

"ဖလပ် ... "

မီးစက်ရဲ့အလင်းရောင်ကြောင့် အိမ်လေးတစ်အိမ်လုံးလင်းထိန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် _ မမ မရောက်သေးပါလား _ ဘာလို့မရောက်သေးတာလဲ"

ဆိုဖာထိုင်ခုံပေါ်ထိုင်ချပြီး နောက်ကျောကိုမှီ၍ထားလိုက်သည်။ အိမ်နံရံ များရှိ မမပုံပန်းချီကားချပ်များမှာ တကယ့်သက်ရှိများလိုထင်ရ၏။

"ဒီအိမ်လေးကို မောင့်စိတ်တိုင်းကျ ပြင်ဆင်နော်၊ မမကတော့ ဒီနေရာလေးမှာ မောင်နဲ့နေရတာ အရမ်းပျော်စရာကောင်းမှာပဲ"

မမရဲ့ စကားသံတွေ သူ့နားထဲ ကြားယောင်လာသည်။

"မောင်ကတော့ မမနဲ့ဆို ဘယ်လိုပဲနေရ နေရ နေမှာပဲ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ _ မောင်ရယ်၊ လူဆိုတာ သေသေသပ်သပ် နေဖို့လိုတယ်မလား ..."

အိပ်မက်ဆန်ဆန်ပေါ့ မောင်ရယ် _ မောင်နဲ့ မမတို့တွေ့ခဲ့တာလည်း အိပ်မက်လိုပဲ မဟုတ်လား"

ပြုံးပြုံးချိုချိုနှင့် ပြောတော့ မမရဲ့ စကားသံတွေက သူ့နားထဲချိုမြနေသည်။

"အင်း ... မမက ငါ့ကိုသိပ်ချစ်တာ ငါ့ဆီလာမှာပါ"

သူ့စိတ်ထဲမှာ ယုံကြည်မှုတွေအပြည့်ရှိနေဆဲ _ မမက သူ့အတွက် ပေးဆပ်ခဲ့တာတွေ အများကြီးလေ ...

မမအကြောင်းတွေးရင်း တွေးရင်း ခေါင်းထဲ မူးလာသဖြင့် ဆိုဖာ နောက်ကျော မှီထားရင်း အိပ်ပျော်လို့သွားတော့သည်။

* * *



မှန်းတည့်စိတ်တွေ အလွန်စိတ်စောနေသည်။ ကားကို စက်ကုန်ဖွင့်ကာ မောင်းလာ၏။

ညနေ ငါးနာရီကျော်လောက်မှာ သူ့ဆီဖုန်းဝင်လာသည်။

"မမဆီ မြန်မြန်လာခဲ့ပါ မောင် ... မမ မိုင်နှစ်ဆယ်အိမ်ကစောင့်နေမယ်"

မမရဲ့အသံက အလွန်မောဟိုက်နေတာကြောင့် မှန်းတည့်စိတ်ပူလို့သွားသည်။

"မမ ... ဘာဖြစ်တာလဲ ... "

"မောင်ရောက်မှ ပြောတော့မယ် ... မောင်ရယ်၊ ဒီတစ်ခါ မမ မောင်နဲ့မခွဲတော့ဘူး"

"တကယ်လား ... မမ"

"တကယ်ပေါ့ မောင်ရယ် ... ဒါပဲနော်"

မမက ဖုန်းပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကားကိုထောက်ကြံ့ဘက် ဦးတည်ကာတောက်လျှောက်မောင်းလာသည်။

နဂိုထဲက ကားမောင်းလျှင် သူကစိတ်မရှည် ကားကိုလည်းမြန်မြန်မောင်းရတာ သဘောကျ၏။ ထောက်ကြံ့လွန်တော့ ကားအရှိန်ကို ပိုမြှင့်ကာမောင်းလာစဉ် ...

''ဟင် ... ဟာ''

ရှေ့တည့်တည့်မှာမောင်းလာသည့် BMA ပြိုင်ကားအမျိုးအစားကားလေး အရှိန်ပြင်းစွာ သူ့ကားရှေ့တည့်တည့်တိုးဝင်လာသည်။

-''ဒိုင်း ... ''

ကားကိုဘယ်လိုမှ ရှောင်ချိန်မရတော့ ...

အရှိန်ပြင်းစွာနှင့် ကားနှစ်စင်းခေါင်းချင်းဆိုင်ကာ တိုက်လေရာနှစ်စီးစလုံး လွင့်စဉ်၍သွားသည်။ မှန်းတစ်ယောက် လေထဲတွင် လွင့်စဉ်သွားသလို သူ့အာရုံတွေ မဲမှောင်ကျသွားသည်။

''ခစ် ... ခစ် ... ခစ်''

''ဟင် ... ''

မမရဲ့ရယ်မောသံ ... ချိုမြတဲ့အပြုံးတွေ ပြီးတော့ မမရဲ့ပုံရိပ်တွေကကားချပ်တစ်ခုလို တစ်ချပ်ပြီးတစ်ချပ် ...

''မောင့်ကို မမသိပ်ချစ်တယ် မောင်ရယ် ... ''

မမရဲ့နှုတ်ဖျားက ထွက်လာတဲ့ စကားသံတွေ ...

မမရဲ့ခန္ဓာကိုယ်က လေထဲမှာလွင့်နေသည်။ ဆံနွယ်ရှည်တို့ကလည်းဝေ့ဝေ့ဝဲဝဲ ...





''မမ ... ''

''မောင်''

သူခေါ်တာကို မမက ပြန်ထူးသံနှင့်အတူ တဖြည်းဖြည်းဝေးလို့သွားသည်။

''မမ ... ''

''မောင် ... လုပ်ပါဦး''

''မမ ... ''

သူအသံကုန်ကြိုး၍ ခေါ်လိုက်သည်။

သို့သော် ...

မမတစ်ယောက် လွင့်ထွက်လို့သွားရာ သူလည်းနောက်ကလိုက်ရင်း အမှောင်ထဲ လဲကျလို့သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

*သား စိမ်း ငါး စိမ်း ဆိုတာ သူ့အတွက်တော့*
*အလွန် အရသာ ရှိတဲ့ စားစရာ ဆိုတာ မောင် သိမှာလား*

အခန်း (၄)

## အစိမ်းစားသူလေး

"မောင်"

"ဟင်"

မမရဲ့ကိုယ်သင်းရနံ့က သူ့နှာခေါင်းထဲတိုးဝင်လာသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ဘေးမှာ အနီရောင်ဂါဝန်ရှည်နှင့် အတူ ပြုံးပြုံးလေး သူ့ကို ငုံ့ကြည့်နေ၏။

"မမ _ ဘယ်ရောက်နေတာလဲ၊ မောင်ရောက်လာတော့ မမကို မတွေ့ဘူး"

မမက သူ့ပခုံးလေး တစ်ဘက်ပေါ် လက်တစ်ဖက်တင်လိုက်ပြီး–

"မမ ရန်ကုန်ကို ခဏပြန်သွားတာ မောင့်ကိုစောင့်နေတာကြာပြီ မောင်ရဲ့"

"မောင်လည်း မမဆီက ဖုန်းလာလာချင်း ထွက်လာတာ ... ဘယ်လိုလုပ်အေးရုံရောက်သွားတာလည်း မသိဘူး၊ သတိရတော့ ဆရာဝန် မသိအောင် လစ်ထွက်လာတာ မမရဲ့ ... "

---

ခိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မမက သူ့ကိုပြုံးပြုံးလေးကြည့်နေသည်။

"မမ ... မောင်နဲ့ တစ်သက်လုံး အတူတူနေတော့မှာပေါ့နော်"

"မောင်ရယ် ... "

မမက ခပ်ညီးညီးလေးပြောပြီး သူ့ရင်ခွင်ထဲခေါင်းဝင်ကာနေသည်။ မမရဲ့နဖူးက ဆံနွယ်စများကို မွန်းတည့်က သူ့လက်ဖဝါးနှင့်သပ်ကာတင်ရင်း

"မမကို မောင်သိပ်ချစ်တယ် မမရယ် ... ဘယ်လိုအခက်အခဲတွေ ပဲရှိရှိ ... မောင်တို့အတူတူကျော်ဖြတ်ကြမယ်နော်"

"အင်းပါ ... မောင်ရယ် မမ အခု မောင့်နားမှာပဲလေ ... မောင် မပျော်ဘူးလား"

"ပျော်တာပေါ့ ... မမရဲ့၊ ဒါပေမယ့် မမက မမရဲ့အလုပ်ကိစ္စတွေနဲ့ မောင့်ဘေးက ပျောက်သွားတော့ မောင်မနေတတ်ဘူးလေ"

"ခစ် ... ခစ်"

မမက သူ့ရင်ခွင်ထဲကထွက်လိုက်ပြီး မျက်နှာချင်းဆိုင်နီးကပ်အောင် နေ၍ –

"မမရဲ့ အလုပ်တွေကို မမစွန့်လိုက်ပြီ ... မောင့်ဘေးနားမှာပဲနေတော့မယ်"

"ဟင် ... ဘယ်လို မမ"

"ဟုတ်တယ် ... မောင် မမလုပ်နေတဲ့အလုပ်တွေနဲ့ဆို မောင့်ဘေးနားမှာ နေလို့ရမှာမဟုတ်ဘူး မောင်ရဲ့"

မွန်းတည့် မမစကားကိုယုံသည်။ မမက သူနှင့်ပတ်သက်ရင် ပြတ်သား၏။ အရာရာကို စွန့်လွှတ်ခဲ့တဲ့ မမရဲ့အချစ်ကို သူတန်ဖိုးထားသည်။





"မမ ... မောင်ဗိုက်ဆာတယ်ကွာ၊ ဘာမှစားမလာခဲ့ရဘူး"

"ခဏလေးမောင် ... ရေခဲသေတ္တာထဲမှာ ဘာရှိမလဲမသိဘူး"

မမက မွန်းတည့်ဘေးကထ၍ ရေခဲသေတ္တာကိုဖွင့်၍ ကြည့်သည်။

"မောင်ရေ ... အမဲသား အစိမ်းတွေပဲရှိတယ် ... ချက်ရဦးမယ် ဘယ်လိုလုပ်မလဲ"

"မချက်ဘဲ စားလို့ရတာမှမဟုတ်တာ မမရယ် ... ချက်ရမှာပေါ့"

"အင်း ... "

မမက ရေခဲသေတ္တာထဲက အမဲသားတုံးကြီးကိုထုတ်၍ အိမ်လေး အနောက်ဘက် မီးဖိုခန်းသို့ယူသွားသည်။

မွန်းတည့်လည်း နောက်မှလိုက်သွား၍ ...

"မမ ... မောင်ဘာကိုင်းကူရမလဲ"

"ရတယ် ... မောင်ရဲ့"

မမက အမဲသားတုံးကြီးကို ရေဆေး အကုံးလေးတွေတုံးကာ ဟင်းချက်အိုးထဲထည့်မည်အပြုတွင် အသားစိမ်းတစ်တုံးကို ကောက်ယူကာ ပါးစပ်ထဲထည့်လိုက်၏။

"ဟင် ... ဘာလို့အသားစိမ်းစားတာလဲ မမရဲ့"

"ဟင်း ... ဟင်း ... မမကြိုက်လို့ပါ မောင်လည်းစားကြည့်ပါလား"

"ဟာ ... အစိမ်းကြီးကို မစားပါဘူး မမလည်းနောက်မစားနဲ့"

မွန်းတည့်ကပြောတော့ မမက ပလုပ်ပလောင်းဝါး၍ ...

"ကောင်းလို့ပါ မောင်ရယ် ... ဟင်း ... ဟင်း"

"မမကတော့လုပ်ပြီ ... "



www.burmeseclassic.com

www.burmeseclassic.com

မွန်းတည့်ကပြော၍ အိမ်ရှေ့ထွက်လာတော့ မမက ထမင်းချက်သည့် Rice Cooker အိုးဖြင့် ထမင်းအိုးတည်၍ ကျွန်ခဲ့သည်။ ဒီလိုပါပဲ ...

သူနဲ့မမတို့ရဲ့ ကြည်နူးဖွယ်ရာ လှပတဲ့ ညခင်းလေးဟာအခုလိုမဲ့ သာသာယာယာပါပဲ။

မမကလည်း သူ့ကိုချစ်တယ် သူကလည်း မမကိုချစ်တယ်၊ ဘာမှမလိုပဲ နံနက်ခင်းမရောက်ခင် ကြယ်စုံတဲ့ညတိုင်း ရင်ခုန်သံတွေမြန်ခဲ့သည်လေ။

◆ ◆ ◆



"ဟင်"

မွန်းတည့်အိပ်ရာနိုးတော့ သူ့ဘေးမှာ မမ မရှိတော့ ...

"မမ ... ဘယ်များသွားနေလဲ၊ ခြံထဲမှာပဲလမ်းဆင်းလျှောက်နေလား"

မနက်နေကအတော်ကိုမြင့်နေပြီ မွန်းတည့်အိပ်ရာကထပြီး နာရီကြည့် လိုက်တော့ မနက်ကိုးနာရီရှိလေပြီ ... ။

မျက်နှာသစ်ရန် ရေချိုးခန်းဝင်သွားတိုက် ကိုယ်လက်သန့်စင်၍ မီးဖိုခန်းထဲဝင်တော့ စားပွဲပေါ်တွင် သူ့အတွက်မနက်စာပြင်ဆင်ထားသည်။

ပေါင်မုန့်မီးကင်နှစ်ချပ် ကြက်ဥကြော်နှစ်လုံး အေးစက်စက်ကော်ဖီ တစ်ခွက် ...

"မမ ... ငါစားဖို့လုပ်ပေးထားတာပဲ"

စားပွဲအောက်ကထိုင်ခုံကိုဆွဲယူထိုင်၍ နံနက်စာကိုအားရပါးရစားလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



အခုလို သူ့အတွက် မနက်စာပြင်ဆင်ထားခြင်းဖြင့် မမတစ်ယောက် ခြံထဲမှာရှိတာသေချာသည်။

မမက ပန်းပင်လေးတွေကိုချစ်သည်။ သစ်ခွပန်းပင်လေးတွေဆို အမြဲ တမ်းတယုတယ ရှိတတ်တာကြောင့် သစ်ခွပန်းခြံလေးထဲပဲ မမရောက်နေ မလား တွေးမိ၏။

စားသောက်ပြီးတော့ အိမ်လေးထဲမှထွက်၍ သစ်ခွပန်းခြံဘက် မမကိုရှာသော်လည်း မတွေ့။

"မမ ဘယ်ရောက်နေလဲ"

စိတ်ထဲက တစ်မျိုးဖြစ်သွားသည်။

သူတို့နေထိုင်သည့် ကျယ်ဝန်းလှသော ခြံကျယ်ကြီး၏အနောက်ဘက် ခြံထောင့်၌ သပ်သပ်ရပ်ရပ်ဆောက်ထားသည့် သစ်လုံးအိမ်လေးတစ်လုံး ရှိသည်။

ထိုအိမ်လေး၌ ဦးစောထီးနှင့်ဒေါ်မိုးတို့နေကြသည်။

ယခင်ခြံရှင်များလက်ထက်ကတည်းက နေလာကြသူများဖြစ်တာကြောင့် ခြံကြီးကို လိုသလိုပြုပြင်ကြသည်။

ကရင်လူမျိုး အဘိုးအဘွားနှစ်ဦးဖြစ်တာကြောင့် ရိုးသားလှပြီး သစ္စာ အလွန်ရှိသည်။

ခြံကြီးက ယခင် ပဲခူးရိုးတောစပ်၌ရှိပြီး ယခုရန်ကုန်–မန္တလေးအမြန် လမ်းဖောက်မှ လမ်းမဘေး၌ ရှိနေသလိုဖြစ်သွား၏။

သစ်လုံးအိမ်လေးဆီသို့ မွန်းတည့်လျှောက်လာတော့ အိမ်လေးဘေး တွင် မီးခိုးတို့ အူထွက်နေသည်။





အိမ်ရှေ့ရောက်တော့ မွန်းတည့်က ...

"ဖထီးရေ ... ဖထီး ... အမိုး"

အော်ခေါ်လိုက်သော်လည်း အထဲမှပြန်ထူးသံမကြားရ။

"ဖထီးရေ ... ဖထီး ... အမိုး မရှိကြဘူးလား"

"ဝေး ... "

အမိုးရဲ့ပြန်ထူးသံကြားရသည်။ အသံက အိမ်ထဲကမဟုတ် အိမ်လေး ရဲ့ အနောက်ဘက်မှဖြစ်သည်။

"အမိုး ... "

"လာပြီ ဝေး ... ငါ ခြံနောက်ဘက်မှာ ပဲသီးချိုးနေလို့ဟေ့"

သစ်လုံးအိမ်လေးအနောက်ဘက်တွင် စိုက်ခင်းလေးရှိသည်။ ပဲသီး မုံလာ၊ ပန်းဂေါ်ဖီ၊ ကွမ်း စတာတွေကို သူ့အခင်းနှင့်သူ စိုက်ပျိုးထားသည်။ ထိုမှရတဲ့ ဝင်ငွေများနှင့် အမိုးတို့လင်မယားစားကြ၏။

မမဇော်နှင့် မွန်းတည့်က လစာအပြင် ဆန်၊ ဆီတို့ကိုမပြတ်စေရန် ဝယ်ပေးသည်။

ခြံကြီးကို သန့်ရှင်းသပ်ရပ်အောင် ထိန်းသိမ်းသလို မမဇော်နှင့်မွန်း တည့် တို့နေသည့် အိမ်လေးကို ထိန်းသိမ်းပေးသည်။

"ကောင်လေး ညကရောက်တာမလား ... ငါတို့ကြားတယ်၊ ခဏနေရင် ခြံထွက် အသီးအရွက်တွေလာပို့မလို့ ... "

အမိုးက ပဲသီးများပွေ့ကာ ခြံနောက်ထဲကထွက်လာပြီး မွန်းတည့် အား ပြော၏။

"အမိုး ... မမ ဒီကိုလာသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ကောင်မလေး ပါလာလို့လား"

"ညတည်းကရောက်လာလေ … အမိုး မသိဘူးလား"

အမိုးက အံ့ဩနေသည်။

"ညက – နင်ပဲလာတယ်ထင်တာ – ကောင်မလေး ငါတို့ဆီတော့ မလာဘူး၊ နင်တို့လာတာ ကားလည်းမတွေ့ပါလား"

"ဟုတ်တယ် … ကျွန်တော်က အငှားကားနဲ့လာတာ မမက … "

သူ့အခုမှ သတိထားမိသည်။ မမစီးလာသည့် ကားကိုမတွေ့ရ။ မမက ကားလေးငါးစီးရှိတာကြောင့် ကားတစ်စီးထဲကို ပုံမှန်စီးလေ့မရှိ … စီးချင်တဲ့ကားကိုစီးလာသည်။ ကားဒရိုင်ဘာလည်းမထား။ ကားကိုသူကိုယ်တိုင်မောင်းသည်။

"မမ အပြင်သွားတယ်နဲ့တူတယ်"

စိတ်ထဲကတွေးကာ အိမ်လေးဆီသို့ ပြန်လျှောက်လာခဲ့လေတော့သည်။



တိုက်ပျက်ကြီး ထဲကထွက်လာ သူက
သူ့ရှေ့ရောက်တော့ …

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## တစ္ဆေခြောက်တဲ့ ရှုတင်

ညမှောင်စ သူ ရှုတင်ရှိရာ ခြံထဲရောက်တော့ လူမရှိခြောက်ကပ်လို့နေသည်။

"စက်အဖွဲ့တွေလည်း မရှိပါလား ... ရှုတင်မန်နေဂျာလည်း ဘယ်ရောက်နေလဲ — တစ်ယောက်မှမရှိပါလား"

မမဇော် စိတ်ညစ်သွားသည်။ အလုပ်အလွန်လေးစားသည့် ရှုတင်မန်နေဂျာ ကိုသန်းစိုး တစ်ယောက်ရောက်မလာတာကို အံ့ဩမိသည်။

ကိုသန်းစိုးက အလုပ်ကို အလွန်လေးစားသူဖြစ်သည်။ နာရီကြည့်လိုက်တော့ ညခုနစ်နာရီကျော်နေပြီ။

မမဇော်လည်း ခြံထဲက ခရေပင်ကြီးအောက်ကခုံပိုင်းတွင် ထိုင်လိုက်သည်။

သူ့လိုနာမည်ကြီးမင်းသမီးတစ်ယောက် ရှုတင်စဖို့စောင့်ရသည်မှာ အခုအကြိမ်ဟာ ပထမဆုံးအကြိမ်ဖြစ်သည်။





"အင်း ... မောင် ... မောင် ခုချိန်လောက်ဆို သူ့ကိုစောင့်နေမလား"

စိတ်ထဲက တွေးပူလာသည်။ မနေ့ညက မောင်နဲ့အမြဲအတူနေဖို့ မောင့်ကိုကတိပေးခဲ့သည်လေ — လုပ်လက်စအလုပ်လေးတွေဆီ စိတ်ကရောက်နေသဖြင့် သည်ရှုတင်ခြံထဲသို့ရောက်လာခြင်းဖြစ်၏။

အချိန်အနည်းငယ်ကြာသွားသော်လည်း ဘယ်သူမှရောက်မလာကြ ရှုတင်ခြံကြီးဟု ဆိုရာ၌လည်း ကျယ်ဝန်းလှသောခြံကျယ်ကြီးထဲတွင် တောင်ကုန်းများ လျှိုမြောင်းများ ရထားလမ်း ကားလမ်း ဘူတာစတာတွေကို ဖန်တီးထားသည်။

အထူးခြားဆုံးက ရှေးဟောင်းတိုက်ပျက်ကြီးသဖွယ် ဆောက်လုပ်ထားသော တိုက်အိမ်ကြီးဖြစ်သည်။

ထိုတိုက်အိမ်ကြီးမှာ ညမှောင်မဲနေလျှင်ကြောက်စရာကောင်းပေ၏။ လွန်ခဲ့သည့် နှစ်များစွာက ထိုတိုက်အိမ်ကြီးထဲတွင် ရုပ်ရှင်ရိုက်ရင်း သက်ကြီးသရုပ်ဆောင်တစ်ယောက် ရုတ်တရက်နှလုံးသွေးရပ်ကာသေဆုံးခဲ့၏။

သရဲခြောက်သည်ဟုလည်း အလွန်နာမည်ကြီးသည်။

မမဇော်ကတော့ အယုံအကြည်မရှိ သရဲဆိုတာကိုလည်း သူမကြောက်တတ် ...

ညဘက် ထိုတိုက်ပျက်ကြီးထဲ ရုပ်ရှင်ရိုက်ရင်း တခြားသူများက အစုအဖွဲ့နေကြပေမယ့် မမဇော်ကတစ်ယောက်တည်း သူသွားလိုရာကို သွားသည်၊ သရဲကပဲ သူ့ကိုကြောက်တာလားတော့မသိ တစ်ခါမှကြုံတွေ့ခြင်းမရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရင်ကောင်းမယ် _ ထင်တယ်၊ မောင် ခုလောက်ဆို ငါ့ကိုမျှော်နေဦးမယ်"

တွေးနေစဉ် ... တိုက်ပျက်ကြီးထဲမှ လှုရိပ်ထွက်လာသည်။

"ဟင်"

ရင်ထဲထိတ်ခနဲဖြစ်သွား၏။ လူရိပ်က အမှောင်ထဲမှ သူ့ဆီတရွေ့ရွေ့လှမ်းလာသည်။ အနားရောက်၍ ကြည့်လိုက်သောအခါ _

အလွန်ရုပ်ဆိုးလှသည့် အဘွားအိုတစ်ဦးဖြစ်နေ၏။ မမဇော်ရှေ့မလှမ်း မကမ်းတွင်ရပ်၍သေချာကြည့်နေတာကြောင့် မမဇော်က _

"အ ... အဘွားက ဘယ်သူလဲ"

အဘွားအိုက ပြုံးပြသည်။

သို့သော် ... အဘွားအိုပြုံးတာ ဘယ်လိုမှကြည့်မကောင်း _

အရိုးပေါ်အရေတင်ရုံရှိသည့် အသားအရည်က မဲ၍ကြုလို့နေသည်၊ ပါးနှစ်ဘက်ကလည်း ချိုင့်ဝင်နေသလို မျက်တွင်းကလည်း ဟောက်ပက်ဖြစ်နေ၏။

ဝတ်ထားသည့် အဝတ်အစားမှာ ခရစ်ယာန်သီလရှင်တွေဝတ်ထားသည့် ဝတ်ရုံလိုမျိုးခေါင်းကို အဝတ်ဖြင့်ဆောင်းထားသေးသည်။

"မင်း ဘာလုပ်နေတာလဲ"

"ရှင် ... "

အဘွားအိုရဲ့ အသံသြသြကြောင့် မမဇော်အံ့အားသင့်သွားသည်၊ အဘွားအိုက သူ့ရှေ့တိုးလာပြီးရပ်တော့ နှာခေါင်းထဲ၌ အနံ့တစ်မျိုးရလာသည်၊ အဝတ်အစား မီးလောင်၍နံသည့် ညော်နံ့မျိုးဖြစ်သည်။





"မင်း ... ရောက်တာကြာပြီလား"

"နည်းနည်းတော့ကြာပြီ ရှုတင်စဖို့ခုထိရောက်မလာကြသေးဘူး"

မမဇော်က ခြံဝသို့မျှော်ကာပြောလိုက်တော့ အဘွားအိုက ပြုံးပြီ ...

"မင်းစောင့်နေလည်း အပိုပဲ ... သူတို့လာမှာမှမဟုတ်တာ"

"ရှင် ... ဘာလို့လဲ သူတို့လာရမှာလေ ... "

"မဟုတ်ဘူး ... ကလေးမ မင်းမှားနေပြီ ...

ခုချိန်မှာ မင်းဒီကိုလာဖို့မသင့်ဘူး"

အဘွားအိုက စကားကိုတစ်လုံးချင်းပြောလေ၏။ မမဇော်က အဘွားအို ကိုမော့ကြည့်ပြီး ...

"ဘာလို့လဲ အဘွား ... ကျွန်မက အလုပ်ကိုလေးစားတယ်၊ အချိန်လည်းတိကျတယ် ... ကျွန်မ ကားရိုက်စရာ ကျန်သေးလို့လာတာ။ ပါ ... ပြီးရင် ဒီလောက,က ကျွန်မအနားယူတော့မှာလေ"

"မင်းကို လောကကြီးက အနားပေးလိုက်ပါပြီ"

"ဟင် ... ဘယ်လို အဘွားပြောတာ ကျွန်မနားမလည်ဘူး"

မမဇော်ကထိုင်နေရာမှ မတ်တတ်ထရပ်ကာပြောလေ၏။

အဘွားအိုက တည်ငြိမ်သောလေသံနှင့် _

"တဖြည်းဖြည်းတော့ မင်းနားလည်လာမှာပါ၊ မင်း ဒီမှာ ဆက်စောင့်လည်း ဘယ်သူမှလာမှာမဟုတ်ဘူး _ သွားတော့"

"ဟင်"

အဘွားအိုက _ သူ့ကိုရှင်းပြသလိုလိုနှင့် နှင်နေမှန်း မမဇော်သိသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟိုလေ"

"ဘာမှမပြောနဲ့တော့ မင်းသွားတော့"

အဘွားအိုစကားကြောင့် မမဖော်ခံပြင်းစိတ် ဖြစ်ပေမယ့် အမိန့်ဆန်သည့် စကားတို့ကြောင့် လန့်လာသည်။

"ကိုယ့်ဘဝကို ကိုယ်နားလည်းအောင် ကြိုးစားပါ"

အဘွားအိုကပြောစဉ် မမဖော်လည်း ဆက်မနေလိုတော့တာကြောင့် ခြံထဲမှ ထွက်လာခဲ့လေတော့သည်။

❖ ❖ ❖

စိတ်ထဲမှာ ဒေါသထွက်မိသည်။ ရှုတင်အဖွဲ့ကလူတွေကိုလား ဒါမှမဟုတ် သူ့ကိုမောင်းထုတ်သည့် အဘွားအိုကိုလား ... ဘယ်သူ့ကိုမုန်းတော့ မသိအလိုလို ဒေါကန်နေ၏။

လမ်းမီးတိုင်အောက်က ပလပ်ဖောင်းပေါ်လျှောက်လာရင်း ဟိုတွေးဒီတွေး တွေးမိသည်။

သူလို မင်းသမီးတစ်ယောက်အတွက် အခုလိုညဘက်လွတ်လွတ်လပ်လပ် လမ်းလျှောက်ရတာ အရသာတစ်မျိုးဖြစ်သည်။

လူကလည်းရှင်းနေသလို ကားတချို့သာဖြတ်သွား ဖြတ်လာရှိပေမယ့် အားလုံးက သူ့အာရုံနှင့်သူ ... သူ့ကိုလည်း သတိမထားမိကြ ...

ညလေပြေလေးကလည်း ဖြည်းဖြည်းညင်သာစွာ လွင့်လို့နေသည်။ မမဖော် ဝတ်ထားသည့် ဂါဝန်အနီရောင်လေးကလည်း လွင့်လို့နေသလို ဆံပင်ရှည်တို့ကလည်း ပျံ့လွင့်နေ၏။



ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

သူ့ရှေ့တည့်တည့်မှ လျှောက်လာသည့် အသက်နှစ်ဆယ်ကျော် ဝန်းကျင် လူငယ်သုံးယောက် စကားတပြောပြောလျှောက်လာရင်း သူနှင့် မျက်နှာချင်းဆိုင် အနီးရောက်တော့ မမြင်တာလား မသိဟန်ဆောင်ထားလား တော့မသိ။

သူတို့ဘာသာ စကားပြောပြီး ဆက်လျှောက်သွားကြသည်။

''ဘာတွေလဲ ... ငါ့ကိုတောင် မသိကြဘူး၊ ကောင်းပါတယ် ဟိုမေး ဒီမေးနဲ့ အလုပ်ရှုပ်တယ်၊ အခုလိုဆိုတော့ လွတ်လပ်လိုက်တာ''

တစ်ယောက်ထဲတွေးကာ ဆက်လျှောက်လာသည်။

''ဟေး''

''ဟင်''

လမ်းမပေါ်ဖြတ်သွားသည့် ကားနက်ကြီးတစ်စီး ကားရဲ့ပုံစံက သူမြင်နေကြကားများပုံစံမဟုတ် သေတ္တာပုံစံကို ဘီးတပ်ထားသည့် ကားကြီး - ကားထဲမှာလည်း လူတွေအများကြီး သူ့ကိုကြည့်၍ လှမ်းအော်ကာ လက်ပြသွားသည်။

ကားကိုတော့ အရှိန်မလျှော့

မမဇော်ကလည်း လက်တစ်ဖက်ကိုမြှောက်ကာ လမ်းလှမ်းပြလိုက်၏။ ဒီလိုပါပဲ ...

သူလို မင်းသမီးတစ်ယောက်ကို ပရိသတ်ကမှတ်မိနေတာ အဆန်းမှ မဟုတ်တော့ ...

''ဟင် ... မောင် ငါ့ကိုစောင့်နေတော့မယ်''





ခေါင်းထဲတွင် ဖျတ်ခနဲအတွေးဝင်လာသည်။

''မဖြစ်ဘူး ကြုံတဲ့ကားတားပြီး စီးသွားမှ''

လမ်းမီးတိုင်တစ်ခုအောက်မှ လမ်းမပေါ်ဖြတ်သွားသည့် တက္ကစီတို့ကို တစ်စီးပြီး တစ်စီးတားလိုက်သည်။

သို့သော် ...

ကားများက တစ်စီးမှသူ့ကို ရပ်မပေး ...

''ဘယ်လိုလဲ ... ''

စိတ်တိုတိုနှင့် မတားတော့ဘဲ ရှေ့နားဆက်လျှောက်လာရာ ...

''ဟင်''

အသက်ငါးဆယ်ဝန်းကျင် လူကြီးတစ်ဦးကားတားနေရာ ကားတစ်စီးပြီး တစ်စီးသူ့ရှေ့ရပ်၏။

ဈေးမတည့်၍လားမသိ တစ်စီးရပ်၍ စကားပြောပြီးတာနှင့်ပြန်ထွက်သွားသည်။ အဝါရောင် တက္ကစီတစ်စီးရပ်တော့ ...

''ထောက်ကြံ့ဘက် လိုက်မလား''

''လေးထောင်ကျမယ်''

''သုံးထောင်ထားပျာ''

ကားသမား စဉ်းစားပြီး ...

''ရတယ် ... တက်''

လူကြီးက ကားခေါင်းဘက်ကပတ်၍ တက်လိုက်သည်။ မမဇော်လည်း နောက်ပြဿနာ နောက်မှ ရှင်းတော့မည်ဟုသဘောထား၍ ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါ ကားကထွက်တော့သည်။

ကားငှားတဲ့လူကြီးက ...

''ကားသမားတွေကလည်း လောဘကြီးတယ်ဗျာ လေးထောင်ငါးထောင်ဆိုတာချည်းပဲ''

ကားသမား ကားမောင်းရင်း ...

''အဲလောက်တော့ တောင်းမှာပေါ့ ... ကျွန်တော်တောင် လမ်းကြုံလို့ တင်တာ ... ''

''မောင်ရင်က ဘယ်ပြန်မှာလဲ''

''လှည်းကူးပါ''

မမဇော် စိတ်ထဲကြိတ်၍ ဝမ်းသာသွားသည်။ ဟိုလူကြီးဆင်းလျှင် သူဆက်ငှားလို့ရသည်လေ ...

ဒါပေမယ့် ...

သူကားပေါ်ပါလာတာ ရှေ့ခန်းကနစ်ယောက်လုံး သတိမထားမိကြ။

ကားငှားသည့် လူကြီးက သိပ်မကြာခင်မှာပဲ အိပ်ငိုက်နေသလို ကား မောင်းသည့် သူကတော့ လေလေးတချွန်ချွန်နှင့် ကားကိုမောင်းလို့ လာလေတော့သည်။

◆ ◆ ◆



သူသွား လိုရာကိုလိုက်ပို့သည့်ကား နက်ကြီးက တကယ်ဆိုရင်တော့ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ကားနက်ကြီး

ထောက်ကြံ့အကျော် ပဲခူးလမ်းမပေါ်တစ်နေရာတွင် ကားငှားလာသည့် လူကြီးကဆင်းသွားသည်။ ကားသမားလည်း ကားကိုဆက်၍မောင်းလာသည်။

မမဖော်က _ လေလေးတချွန်ချွန်နှင့် ကားမောင်းနေသည့် သူများ

"ကားဆရာ"

"..."

ကားဆရာက သူခေါ်တာကို မကြားတာလားတော့မသိ ပြန်၍မထူးဘဲ နေသည်။

မမဖော်က လေသံကိုမြှင့်၍ –

"ကားဆရာ ကျွန်မခေါ်နေတယ်လေ မကြားဘူးလား"

"..."





ကားဆရာက ဘာမှပြန်မဖြေ ကားကိုသာဂရုစိုက်ဆက်၍မောင်းနေသည်။

"ခက်တာပဲ ဘယ်လိုလူမှန်းကိုမသိဘူး ... ခေါ်တာလည်း မကြားဘူး"

စိတ်ထဲက ညည်းညူလိုက်ပြီး အတွေးတစ်ခုဝင်လာကာ ရင်ထဲထိတ်သွားသည်။

"ကားကိုမရပ်ဘဲ ငါ့ကိုခေါ်ပြီး တစ်နေရာရာမောင်းပြေးသွားရင် ပြဿနာပဲ"

စိတ်ထဲမှလာတာကြောင့် ဘယ်လိုလုပ်ရင်ကောင်းမလဲတွေးနေစဉ်

ထိုစဉ် ...

"ကျွီ ..."

ကားဘရိတ်အုပ်သံကြောင့် ဘေးဘက်သို့ကြည့်လိုက်ရာ မုန့်ဆိုင်တန်းလေး _ ကားသမားက ကားပေါ်မှဆင်း၍ မုန့်ဆိုင်တစ်ဆိုင်ထဲဝင်သွားရာ မမဖော်လည်း ကားပေါ်မှဆင်းလာသည်။

ဘာပဲဖြစ်ဖြစ် သူသွားမည့်ခရီးက ယခင်ထက်စာရင် နီးလာသည်။

ရွှေနားနည်းနည်းလျှောက်တော့ အမြန်လမ်းမအစကိုမြင်ရသည်။

"ဒီကပဲ ကားကြုံစောင့်စီးတော့မယ်"

ခရီးသည်တင်ကားကြီးများ တစ်စီးပြီးတစ်စီး သူ့ရှေ့မှဖြတ်သွားရာ တားသော်လည်း တစ်စီးမှမရပ်ကြ။

"ဟာ ... စိတ်ညစ်လိုက်တာ ကိုယ့်ကားနဲ့ကိုယ်ဆို ဒီလောက် ပြဿနာရှိမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အိမ်မပြန်တော့ဘူးဟု ဆုံးဖြတ်ထားတာကြောင့် ကားကိုယ့်မလာခြင်း ဖြစ်သည်။

ထိုစဉ် ...

"ဟင် ... "

သူလမ်းမှာတွေ့ခဲ့သည့် ကားနက်ကြီး သူ့ရှေ့မှာဖြည်းဖြည်းချင်း ရပ်လို့သွားသည်။

"ဟော့ ... ဘာလုပ်နေတာလဲ ကားပေါ်တက်"

"မိုင်နှစ်ဆယ်ကိုသွားမလို့"

"ရောက်တယ် တက် ... "

ကားနက်ကြီးက ဘေးတံခါးဖွင့်လို့ မမဖော်လည်း မထူးတော့ဘူးဟု တွေးကာ ကားပေါ်တက်လိုက်၏။

"ဟား ... "

ကားထဲကထွက်လာသည့် အသံများကြောင့် ကားထဲကြည့်လိုက်သော် လည်း ဘယ်သူ့ကိုမှ မတွေ့ရ။

ကားမောင်းသည့် အသားမည်းမည်းနှင့်လူထွားကြီးမှလွဲ၍ ကား ပေါ်တွင် သူတစ်ယောက်တည်း ကားထဲတွင်လည်း အနံ့အသက်က မကောင်း ... ကားမောင်းသည့် အရှိန်ကလည်း များလွန်းလှသည်။

"အု ... ရှူး"

ဘယ်ကခွေးတွေလည်းမသိ ကားနက်ကြီးကိုကြည့်၍ အူလိုက်သည့် အသံကို မမဖော်တစ်ယောက် ကားပေါ်မှကြားလိုက်ရလေတော့သည်။



"ရပြီ ... ရပ်တော့"

ခြံဝရှေ့နားရောက်တော့ ကားနက်ကြီးက ရပ်လို့သွားသည်။ မမဖော် လည်း ကားပေါ်ကဆင်းတော့ ကားမောင်းသည့် လူနက်ကြီးက ...

"နောက်မှ လာခေါ်မယ်"

"ဟင် ... "

မမဖော်လန့်သွားသည် လူနက်ကြီးက သူ့ကိုဘယ်လိုအစီပွါယ်နှင့် ပြောတာလည်း သူ စဉ်းစားမရ ...

"သွားပြီ ... "

"ရှူး ... "

ကားကြီးကိုမောင်းထွက်သွားရာ မမဖော်လည်းခြံထဲသို့ဝင်လာခဲ့ သည်။ အိမ်လေးဆီသို့ရောက်ဖို့ သူ့ခြေလှမ်းတွေသွက်နေ၏။

အိမ်ကလေးကတော့ မဲမှောင်နေတာကြောင့် မောင်ရှိမှရှိပါ့မလားဆို တဲ့ အတွေး သူ့ခေါင်းထဲဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အု ... ဂူး ... "

ခြံထဲတွင် ဖထီးနှင့်အမိုးတို့မွေးထားသည့် ခွေးကြီးနက်ကျော်နှင့် ငနီက သူ့ကိုမြင်တော့ အူလေသည်။

"ဟဲ့ ... ခွေး ငါ့ကိုတောင် မမှတ်မိဘူးလား ... တောက် ... သေတော့မယ်"

သူဒေါသထွက်စွာအော်တော့ ခွေးနှစ်ကောင်က ခပ်လှမ်းလှမ်းသို့ ဆုတ်ကာ အူပြန်သည်။

ဟောင်တာလည်းမဟုတ် ...

"ကျက်သရေမရှိတဲ့ ခွေးတွေ ဖထီးကိုပြောပြီး ခြံထဲကနှင်ရမယ်"

စိတ်တိုတိုနှင့်ပါးစပ်ကကြိမ်းမောင်းလိုက်ရာ ခွေးနှစ်ကောင်ရဲ့အသံ တိတ်သွားပြီး ဖထီးတို့ရှိရာ တဲဘက်ဆီသို့ထွက်သွားတော့သည်။

မမဇော်လည်း အိမ်လေးဆီသို့လျှောက်ကာ တံခါးဝသို့ရောက်သော အခါ အသာစေ့ထားတာကို တွန်း၍ အိမ်လေးထဲဝင်လာသည်။

"မောင် ... "

ဆိုဖာထိုင်ခုံပေါ် လှဲကာအိပ်နေသည့် မှန်းတည့်ထံ မမဇော်လျှောက် သွား၍ နံဘေး၌ထိုင်ကာ လှုပ်၍ခေါ်လေ၏။

"မောင် ... မမ ပြန်လာပြီလေ"

"ဟင် ... "

မှန်းတည့်တစ်ယောက် သူ့ကိုလှုပ်နှိုးသည့်အသံကြောင့် နိုးလာ သည်။

"မမ ... "





"မောင်"

"ဘယ်တွေလျှောက်သွားနေတာလဲ မမရယ် ... မောင် မမကို ဘယ်လိုလိုက်ရှာရမှာလဲ"

မမဇော်က ကြင်နာစွာ မှန်းတည့်လက်ကလေးကို ကိုင်၍ ...

"မမအလုပ်တွေ လက်စသတ်အောင် လုပ်နေလို့ပါ"

"အလုပ်တွေလည်း ဖျက်လိုက်ပါ မမရယ် ... မောင်နဲ့အမြဲအတူနေ နော်"

"အင်းပါ ... "

မမဇော်က မှန်းတည့် ရင်ခွင်ထဲဝင်ကာမှေးစက်လို့ နေလေတော့ သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အလင်းရောင်ထိတာဘာလို့မခံနိုင်တာလဲ
ဆိုရင် . . .

အခန်း (၇)

## အလင်းကြောက်လို့

"ဒေါက် … ဒေါက်"

တံခါးခေါက်သံကြောင့် မွန်းတည့်နိုးလာကာ ဘေးသို့ကြည့်လိုက်တော့ မမဇော် … စောင်ကိုခေါင်းမြီးခြုံထားသည်။

"ဖထီးနဲ့တူတယ် … "

မွန်းတည့်လည်း ခုတင်ပေါ်မှဆင်း၍ အိမ်တံခါးကိုဖွင့်ရန်ထွက်လာသည်။

"ဒေါက် … ဒေါက်"

"လာပြီ ဖထီးရေ … လာပြီ"

မွန်းတည့်က တံခါးကိုဖွင့်ပေးလိုက်ရာ ခြင်းတစ်ခြင်းကိုလက်ကဆွဲလျှက် ဖထီးကိုတွေ့ရသည်။

"လာ … ဖထီး အထဲဝင်"

"အေး … အေး"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဖထီးက အိမ်ထဲသို့ဝင်လာပြီး ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။

"ဒီမှာလေကွယ် မောင်ရင်စားဖို့ မုန့်တွေရယ်၊ အမဲသား၊ ကြက်သားနွားနို့ မင်းကုန်းဈေးကိုသွားပြီး ဝယ်လာတာ"

"အားနာစရာကောင်းလိုက်တာ ဖထီးရယ် ... မင်းကုန်းဈေးက အဝေးကြီးမလား ... ဘယ်အချိန်တည်းက ထသွားတာလဲ"

"အိုကွယ် ... ဒီခရီးနဲ့ ဒီခရီးက တို့အတွက် မဝေးပါဘူး ... အခင်းကထွက်တဲ့ ပဲသီးတွေဖောက်သည်သွားပေးပြီး ပြန်လာတော့ ဝယ်လာတာလေ ... ရေခဲသေတ္တာထဲထည့်ထားပေါ့ ...

မောင်ရင်တစ်ယောက်ထဲဆို လေးငါးရက် လောက်ပါတယ်"

မွန်းတည့်က ဖထီးဝယ်လာတာတွေကို ခြင်းထဲမှထုတ်ကြည့်ပြီး ...

"ပစ္စည်းတွေက အတော်စုံတာပဲ"

"လိုအပ်ရင်ပြော ဖထီးသွားဝယ်ပေးမယ်"

"အင်း ... မမ ... ဘာစားချင်မလဲ ... မသိဘူး၊ မေးရဦးမယ်"

ဖထီးက အံ့ဩစွာနှင့် ...

"ကောင်မလေး ရောက်နေလို့လား ... "

"ရှိတယ် ... ဖထီးရဲ့၊ မနိုးသေးဘူး နိုးရင်မေးလိုက်မယ် ... သူ ဘာစားမလဲ မသိဘူး ... ဖထီးကို လာပြောမယ်"

"အင်း ... ညက ခွေးအူသံတော့ကြားတယ် ... တကယ်ဆို မောင်ရမှာ ... ဘာလို့အူတာလည်း မသိဘူး"

ဖထီးက စကားကို အဆက်အစပ်မရှိပြောတော့ မွန်းတည့်ရဲ့မျက်နှာ





အနည်းငယ်ပျက်သွားသည်။

"ဖထီး ပြောတာက ဘယ်လိုအဓိပ္ပါယ်လဲ"

"ဘာကိုလဲ ... မောင်ရင်၊ ကျုပ်က ခွေးအူတာကိုပြောတာပါ၊ ကဲ ကဲ ကျုပ်သွားဦးမယ် ... ကောင်မလေးနိုးလာရင် မေးလိုက် ... လိုအပ်တာရှိရင် ကျုပ်တို့ကို လာပြော ... သွားဝယ်ပေးမယ်"

"ဟုတ်ကဲ့ ... ဖထီး"

ဖထီးထွက်သွားတော့ မွန်းတည့်လည်း ဖထီးဝယ်လာတာတွေကို ရေဆေး၍ ရေခဲသေတ္တာထဲ ထည့်လိုက်သည်။

သူတို့ခြံတွေက လျှပ်စစ်မီးရှိတာမဟုတ် ... ကိုယ်ပိုင် မီးစက်နှင့် မောင်းမှသာမီးရသည်။ လျှပ်စစ်ပစ္စည်းတွေအတွက် မီးစက်မောင်းပေးရသည်။

မွန်းတည့် မျက်နှာသစ်၊ သွားတိုက် ကိုယ်လက်သန့်စင်ပြီးသည်ထိ မမဖော်က မနိုးသေး ... စောင်ကို တစ်ကိုယ်လုံးကို ခြုံလို့ထားဆဲ ...

မွန်းတည့်က ...

"မမ ... မထသေးဘူးလား"

"ဟင့်အင်း ... မောင် ပြတင်းပေါက်ပိတ်လိုက်၊ ပြတင်းပေါက်က ထိုးတဲ့ နေက တအားပူတယ်"

"ဟာ ... မမကလည်း နေရောင်ကမပူပါဘူး ... ခုမှ မနက်ခုနစ်နာရီ စွန်းစွန်းပဲရှိသေးတာ"

မွန်းတည့်ကပြောတော့ မမဖော်က စောင်ခြုံထဲကနေ၍ ...

"မမ မနေနိုင်ဘူး ပြတင်းပေါက်ပိတ်လိုက်"

"အင်း ... အင်း ... ပိတ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မှုန်းတည့်က ပြတင်းပေါက်တံခါးပိတ်လိုက်ရာ အခန်းကမှောင်လို့သွား၏။ ထိုအခါမှ မမဇော်က စောင်ကိုလှန်၍ ထထိုင်သည်။

"ဘာလို့လဲ ... မသိဘူးမောင်ရယ်၊ နေရောင်ထိတာနဲ့အသားတွေ ပူစပ်လာတာပဲ"

"မမ နေမကောင်းလို့လား"

"နေတော့ကောင်းပါတယ် ... အပူဒဏ်မခံနိုင်တာပဲရှိတယ်၊ အဲယားကွန်း ဖွင့်ထားလိုက် ... "

"အင်း ... အင်း"

မှုန်းတည့်က မီးစက်သွားမောင်းတော့ မမဇော်က အိမ်ထဲကတံခါးတွေ ပိတ်သည်။

မှုန်းတည့်ဝင်လာတော့ အိမ်တစ်အိမ်လုံးမှောင်နေတာကိုတွေ့၍ မမဇော်အား ...

"တစ်အိမ်လုံးမှောင်နေတာပဲ မမရယ် ... "

"အဲယာကွန်းကလေ့လုံမှ အေးမှာမလား ... မောင်မနေတတ်ရင် မီးဖွင့်လိုက်လေ ... "

"ရတယ် မမ ... မောင်မနက်စာပြင်လိုက်မယ်"

"အင်း ... အင်း"

မှုန်းတည့်က မီးဖိုခန်း၌ ချက်ပြုတ်နေတော့ မမဇော်က ရေချိုးခန်းဝင်ကာ ကိုယ်လက်သန့်စင်နေသည်။

ပြန်ထွက်လာတော့ မှုန်းတည့်က ...

"မမ အဝတ်အစားလဲဦးလေ ... ဟိုနေ့တည်းက ဒီဂါဝန်နဲ့"





"ဟဲ ... ဟဲ ... မလဲတော့ပါဘူး ... မမက ဒီဂါဝန်ကြိုက်တယ် မောင်ရဲ့"

ပြောပြီး အိပ်ခန်းထဲဝင်သွားသည်။ မှုန်းတည့်စိတ်ထဲမှာတော့ တစ်မျိုးပဲတွေးနေမိ၏။

မနက်စာအတွက်ပြင်ဆင်ပြီး၍ စားကြတော့လည်း မမဇော်က အမဲသားများကိုသာစားကြသည်။

"ပေါင်မုန့် ဘာလို့မစားတာလဲ ... မမ ကြည်ဥကြော်လည်းစားလေ"

"ဟင့်အင်း ... မမ အမဲသားပဲကြိုက်တယ် မောင်"

မှုန်းတည့်လည်းစိတ်ထဲက ဘဝင်မကျသဖြင့် စကားမပြောတော့ဘဲနေလိုက်သည်။ မမပုံက အရင်လို တတ်ကြွမှုမရှိ ...

စက်ရုပ်တစ်ရုပ်လို ဖြစ်နေသည်။ မမက သူကိုယ်တိုင် သတိထားမိပုံရ၏ အဓိက မမရဲ့မျက်လုံးများ လွန်စွာလှပ၍ညို့ဓာတ်ပြင်းလှသော မမရဲ့မျက်လုံးများဟာ အခုအခါမှာတော့ မျက်တောင် မခတ်ဘဲပြူးကြောင်ကြောင်ဖြစ်နေသည်။

"ဟော့ ... မောင်အစာမစားပဲ မှုန်းကိုင်ပြီး ဘာတွေစဉ်းစားနေတာလဲ"

"ဟို ... ဘယ်ရယ် မဟုတ်ပါဘူး"

အတွေးလွန်နေသည့် မှုန်းတည့်တစ်ယောက် မမဇော်ရဲ့ရုတ်တရက်အမေးကို ဘာဖြေရမှန်းမသိတော့ ... ။

"မောင်နော် ... ဟိုကောင်မလေး သက်သက်ကို သတိရနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘယ်ကလာ ခေါင်းထဲမှာတောင် မရှိဘူး"

မွန်းတည့်က ချက်ချင်းပင် ငြင်းပစ်လိုက်သည်။ သက်သက်ဆိုတာ မွန်းတည့်နှင့်ခြေရင်း ခေါင်းရင်းနေသည့် ငယ်ငယ်တည်းက ခင်လာသည့် ကောင်မလေး ...

ခုတော့ သက်သက်က ဆရာဝန်ဖြစ်နေပြီ ... သူ့ကိုလည်း သံယောဇဉ်ထက်ပိုတဲ့ အရိပ်အယောင်တွေ ပြလာပေမယ့် သူကတော့ မမ မမပဲလေ။

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြားရ၍ မွန်းတည့်က စားနေရင်းမှ ထ၍ ...

"ဘယ်သူလဲ မသိဘူး ... မောင်သွားကြည့်ဦးမယ် ... ဖထီးနဲ့ အမိုးတစ်ယောက်ယောက်ပဲ နေမှာပါ ... "

မွန်းတည့်ထွက်သွားတော့ မီးဖိုခန်းထဲ၌ထားသော အမဲသားဟင်း တို့ကို လှန်ရှာ၍ မမဖော်စားနေတော့သည်။

◆ ◆ ◆



အရသာရှိလွန်းတဲ့ အဲဒီအသားကို
စားရင်း ...စားရင်း ...နဲ့

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

## ပျောက်သွားသော အသားစိမ်း

"အမိုးပါလား ... "

"ကောင်လေး ... ဟင်းချက်ပြီးပြီလား ... နင့်ဖထီးက လုပ်စရာရှိတာ သွားလုပ်ပေးလိုက်ဆိုလို့ ငါလာခဲ့တာ"

အမိုးက တံခါးဝမှနေ၍ ပြောတော့ မွန်းတည့်က ...

"အထဲဝင်လေ အမိုး ... "

"အေး ... "

အမိုးဆိုသည့် ကရင်မကြီးက အိမ်ထဲဝင်လာသည်။

"အထဲကလည်း မှောင်လိုက်တာ တံခါးတွေဘာလို့ မဖွင့်တာလဲ"

"မမဖော်လေ အလင်းရောင်က ပူလို့တဲ့ ... နေဦး ကျွန်တော် မီးဖွင့်လိုက်မယ်"

မွန်းတည့်က မီးချောင်းတစ်ချောင်းကို ဖွင့်လိုက်ရာ အိမ်ရှေ့အခန်းတစ်ခုလုံး မီးလင်းသွား၏။





အမိုးက သူတို့မရှိတဲ့အခါ အိမ်လေးရဲ့သန့်ရှင်းရေးကို အမြဲလုပ်ပေးသည်။ ဖုန်သုတ် လိုက်ကာလဲ စတာတွေအပြင် လိုအပ်သည့်ပြင်ဆင်သင့်တာတွေကို ပြင်ပေးသည်။

"ကောင်လေး ... အမိုး ဟင်းချက်ပေးရမလား"

"အမိုး အားလို့လား ... မအားရင် ကျွန်တော်တို့ဘာသာချက်မယ်လေ ... "

"အားပါတယ်ကွယ် ... လျှော်စရာရှိတာတွေလည်းပေး အမိုးလျှော်မယ် ... "

အမိုးက ပြောပြောဆိုဆိုနှင့် အိမ်နောက်ဘက်မီးဖိုခန်းထဲ ဝင်လာရာ မွန်းတည့်လည်း နောက်မှလိုက်လာသည်။

"ဟင် ... "

မီးဖိုခန်းထဲတွင် မမဖော်ကို မတွေ့ရ ...

"ကောင်လေး ကောင်မလေးမတွေ့ပါလား ... "

အမိုးက စားပွဲပေါ်မှ စားထားသည့် ပန်းကန်နှစ်ချပ်ကိုယူ၍ဆေးရန် ပြင်ရင်းမေးသည်။

"အိပ်ခန်းထဲမှာနေ့ တူတယ်"

"အေးပါကွယ် ... ဒါနဲ့ ဘာချက်မှာလဲပြော ... အမိုးချက်ပေးမယ် ချက်မယ့် အသားတွေထုတ်ပေး ... "

မွန်းတည့်က ရေခဲသေတ္တာကို ဖွင့်လိုက်ရာ ...

"ဟင် ... အမဲသားတွေ မရှိတော့ပါလား"

အမဲသားတွေက နည်းတာမဟုတ် ... ခုတော့ အမဲသားတုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားသည့် လင်ပန်းသာ ကျန်တော့သည်။

"မမဇော်များ ... မဟုတ်နိုင်ပါဘူး ... အစိမ်းကို သူဘယ်လိုစားမလဲ"

စိတ်ထဲကတွေး၍ ကြက်သားနှင့်ဟင်းသီးဟင်းရွက်တချို့ကိုထုတ်၍ အမိုးအားပေးလိုက်သည်။

"ကောင်လေး ... ဘယ်လိုချက်မလဲ"

"ကြိုက်သလိုသာချက် အမိုး ... ပြီးရင် အမိုးတို့အတွက် တစ်ခွက်ခပ်သွား ... "

"ရပါတယ်ကွယ် ... အမိုးတို့မှာ ဟင်းရှိပါတယ်"

"အဲလိုမလုပ်နဲ့ အမိုး ... တစ်ခွက်တော့ယူသွား မယူရင်စိတ်ဆိုးမှာနော် ... "

"အေးပါ ... အေး"

အမိုးက ချက်စရာရှိတာများကို ချက်ပြုတ်နေစဉ် မွန်းတည့်က အခန်းထဲဝင်လာရာ ခုတင်ပေါ်တွင်ထိုင်နေသည့် မမဇော်ကိုတွေ့ရသည်။ ပါးစပ်ကလည်း တစ်ခုခုကို လှုပ်၍ဝါးနေသည်။

"မမ ... ဘာစားနေတာလဲ"

"ဟင် ... အင်း"

မမဇော်က စားနေတာတွေကို လျင်မြန်စွာစားကာ မြိုချလိုက်၏။

"မမ ရေခဲသေတ္တာထဲက အမဲသားတွေ မမစားလိုက်လား ... "

"ဟင်"

မမဇော်က သူ့ကိုမျက်လုံးပြူးကာ စောင်ကြည့်သည်။ ပါးစပ်ထဲမှာ





လည်း အစားအစာတွေက ပလုတ်ပလောင်း ...

"မမ ဘာဖြစ်နေတာလဲ ... အမဲသားတွေက အစိမ်းတွေ"

"ကြိုက်လို့ပါ"

"ခက်တာပဲ မမရယ် ... "

မွန်းတည့်ကပြောတော့ မမဇော်က တစ်ဘက်သို့ပြန်လှည့်ကာ စားမြဲစားနေသည်။

"မမ အခန်းထဲကမှောင်တယ် ... အပြင်ထွက်ဦး ... တီဗွီကြည့်ရအောင်"

"အင်း ... အင်း"

မွန်းတည့်ကလှည့်ထွက်သွားရာ မမဇော်လည်းမွန်းတည့်နောက်က မလိုက်ချင်လိုက်ချင်နှင့် လိုက်လာသည်။

ဧည့်ခန်း ထိုင်ခုံတွင်ထိုင်၍ တီဗွီကြည့်တော့ မွန်းတည့်က –

"မမ ... ဘာကားကြည့်မလဲ"

"အင်း ... သရဲကား"

မမဇော်က သရဲကားကိုအလွန်ကြိုက်သည်။ ချောက်ချားစရာများကြည့်ပြီး သဘောကျနေသူလည်းဖြစ်၏။

မွန်းတည့်က CD ချပ်ထိုးကာ သရဲကားကိုကြည့်ကြစဉ် တီဗွီထဲမှ သရဲက အစားအစာများကို မရွံမရှာစားနေတာကို မမဇော်ကြည့်၍ နှုတ်ခမ်းကို လျှာနှင့်သပ်ကာ ...

"အဲလို စားချင်လိုက်တာ"

"ဟင် ... ဘယ်လိုပြောလိုက်တယ် မမ ... လူသေကောင်ဖိုက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အုတွေအသည်းတွေထုတ်စားပြနေတာ ရွံစရာကြီး ... ''

''စားလို့ကောင်းမှာပေါ့ ... မောင်ရဲ့''

''မမ ... ဘာဖြစ်နေတာလဲ ... အရင်ကဆို အဲဒါတွေကို မမ မကြည့်ချင်ဘူးလေ ... ''

''ဟင်း ... ဟင်း''

မမဇော်က မွန်းတည့်ကို ဘာမှပြန်မပြောဘဲ အခြောက်တိုက်ရယ်လို့သာနေသည်။

''မမ ဘာဖြစ်နေတာလဲ''

မွန်းတည့်က စိတ်တိုစွာမေးလိုက်မှ မမဇော် ရယ်တာရပ်လို့သွားသည်။ ကားတစ်ကားလုံး စိတ်မပါစွာ မွန်းတည့်ထိုင်ကြည့်ပြီး ကားပြီးတော့ မမဇော်မတ်တတ်ရပ်၍ ...

''မမ အခန်းထဲသွားလိုက်ဦးမယ်''

''နေဦး''

မွန်းတည့်က မမဇော်ကိုလက်ကိုလှမ်းဆွဲရာ ...

''ဟင်''

လွန်စွာအေးစက်၍ ထုံနေသော မမဇော်၏လက်အထိအတွေ့ကြောင့် မွန်းတည့် အံ့ဩသွားသည်။

''မမ ... မမလက်တွေ အေးစက်နေပါလား၊ ဘယ်လိုဖြစ်တာလဲ''

''ဒီလိုပါပဲ''

မမဇော်က သူ့လက်ကို ကိုင်ထားသည့် မွန်းတည့်လက်ကိုဖယ်ကာ ပြောလေ၏။ ပြီးတော့ ... အခန်းထဲဘက်သွားရန်ပြင်ရာ မွန်းတည့်က ...





''နေဦး ... မမဘာဖြစ်နေတာလဲ''

''မမ ... ဘာဖြစ်လို့လဲ မောင် ... မောင် မမကို စိတ်ထဲ ဘာမတွေ့လို့လဲ ... ''

''ဟင်း ... ''

မွန်းတည့်ကသက်ပြင်းကိုချ၍ ခေါင်းကိုအောက်သို့ ငုံ့ကာခါလိုက်သည်။ မမဇော်က လုံးဝမကြည့်ဘဲ အခန်းထဲသို့ဝင်သွားသည်။

မမဇော်နှင့် ပတ်သက်၍ မွန်းတည့်စိတ်ထဲတစ်မျိုးဖြစ်နေသည်။

အရင်ကဆို သွက်သွက်လက်လက်ရှိသည့် မမဇော်တစ်ယောက်ရဲ့ ပုံစံ ဟာ ... အခုတော့ ...

ဆံပင်တို့မှာ ဖရိုဖရဲဖြစ်နေပြီး အဝတ်အစားဆို လုံးဝမလဲ မျက်နှာပေါ်၌ ခြယ်သထားခြင်းသည်းမရှိ အသားအရည်တို့မှာ အရင်ကဝင်းဝါနေပေမယ့် အခုခါမှာတော့ ဖြူဖတ်ဖြူလျော်ဖြစ်နေသည်။

''မမ ... ဘာဖြစ်နေလဲ မသိဘူး''

မွန်းတည့်စိတ်ထဲတွေးလို့သာ နေလေတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်က တစိမ့်စိမ့်ထွက်လာတဲ့
အရည်တွေဟာ . . .

အခန်း (၉)

## တစ္ဆေမလေးရဲ့ တစ်နေ့တာ

"ဟာ ... မမ ... ဘာ ဘာဖြစ်တာလဲ"

ခုတင်ပေါ်ရှိ အိပ်ရာပေါ်တွင် လှဲအိပ်နေသော မမဇော်ရဲ့ခန္ဓာကိုယ်မှာ ရေတွေလား ချွေးတွေလားမသိ စိုရွှဲနေသည်။

မွန်းတည့်ရဲ့အသံကြောင့် မမဇော်မျက်လုံးကိုဖွင့်ကြည့်ပြီး ...

"ဘာလဲ ... မောင်"

"မမ ... ထဦး တစ်ကိုယ်လုံးချွေးတွေလား . . . ရေတွေလား ထ ... ထ"

"ဟင်"

မမဇော်က ထ၍ထိုင်လိုက်၏။

ပြီးတော့ ... သူ့ကိုယ်သူကြည့်ပြီး ...

"ဟင် ... ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ရှိ ချွေးပေါက်တို့မှတစ်ဆင့် ရေငွေ့စိမ့်ထွက်နေသည်။ မမဇော်က သူ့ခန္ဓာကိုယ်ကို သူကြည့်၍အံ့သြနေ၏။

"မမ ... ဆေးခန်းသွားပြရအောင် မမဘာဖြစ်နေလဲ ... မသိဘူး"

"ဟုတ်တယ် … မောင် … ဒါပေမယ့် ဆေးခန်းတော့မပြချင်ဘူး၊ မ … မမကြောက်တယ်"

မမဇော်က မွန်းတည့်ကိုဖက်ထားလိုက်ရာ အေးစက်စက်အထိ အတွေ့နှင့် ညှီစို့စို့အနံ့အသက်ကြောင့် မွန်းတည့်က မမဇော် ပခုံးနှစ်ဖက်ကို ကိုင်၍ အသာအယာတွန်းလိုက်ပြီး …

"မမ … ဆေးခန်းမပြချင်ရင် ဒေါက်တာစန်းမင်းကိုခေါ်လိုက်မယ် ဒီအတိုင်းနေလို့မဖြစ်ဘူး ..."

"မောင် ..."

"ဘာမှမပြောနဲ့တော့ မမ … မမ အိပ်ရာပေါ်လှဲနေ မောင်ဖုန်းဆက်လိုက်မယ်"

မမဇော်က မွန်းတည့်ပြောစကားအတိုင်း အိပ်ရာပေါ်လှဲနေရာ မွန်းတည့်က ဖုန်းကိုကောက်နှိပ်လိုက်သည်။

ဖုန်းကတော်တော်နှင့် မဝင် ... အတန်ကြာမှ ...

"ဟဲလို ..."

"ဒေါက်တာလား … ကျွန်တော်မွန်းတည့်ပါ"

"မွန်းတည့်ပြော ..."

"ခြံထဲကို လာခဲ့ပါဦး … ဒေါက်တာ မမနေမကောင်းလို့"





ဒေါက်တာစန်းမင်းဘက်က ခေတ္တအသံတိတ်သွားသည်။

ခဏကြာမှ ...

"မွန်းတည့် နေကောင်းပါတယ်နော်"

"ကျွန်တော်က နေကောင်းတယ် ... နေမကောင်းတာက မမ ... မြန်မြန်လာခဲ့ပါ ... ဒေါက်တာ"

"မွန်းတည့် … ကျွန်တော်သန်လျင်ဘက် ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ရောက်နေလို့ ..."

"ဒေါက်တာ လာလို့မဖြစ်ဘူးပေါ့"

"Sorry ပါ မွန်းတည့်"

ဒေါက်တာစန်းမင်းက တောင်းပန်၍ ဖုန်းပိတ်သွားသည်။

"ဟင်"

မွန်းတည့်လည်း သက်ပြင်းကိုချကာ အခန်းထဲဝင်လာတော့ မမဇော်က အိပ်ရာပေါ် ငြိမ်သက်လို့နေသည်။

အိပ်ပျော်နေတာပဲဟုတွေး၍ အိမ်ရှေ့သို့ထွက်လာက ဖထီးတို့တဲရှိရာ လျှောက်လာ၏။ ထင်းခွဲနေသော ဖထီးက သူ့ကိုမြင်သောအခါ လှမ်း၍ ...

"ဝေး ... ထမင်းစားပြီးပြီလား"

"မစားရသေးပါဘူး ဖထီးရယ် ... ဖထီးကိုမေးစရာရှိလို့"

ဖထီးက ထင်းခွဲနေတာရပ်၍ထလာပြီး လက်နှစ်ဘက်ကိုပုတ်၍ ဖုန်ခါပြီး ...

"ဘာမေးမှာလဲ မောင်ရင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ လူရဲ့ခန္ဓာကိုယ်က ရေတွေစိမ့်ထွက်လာရင် ဘာဖြစ်တာလဲ ဖထီး"

"ဟင်"

ဖထီးက မွန်းတည့်ကို အံ့သြစွာကြည့်နေသည်။

"ဘာလဲ ... ဖထီး ကျွန်တော်မေးတာ ဖြေဦးလေ"

"ဪ ... အင်း ... မောင်ရင်ပြောတာ ဆန်းနေလို့ပါ ... ဖထီး အသိတစ်ယောက်က ရေခဲတိုက်စောင့်တဲ့ အလုပ်လုပ်ဖူးတယ် ... လူသေတွေကို အအေးတိုက်ထဲထားလို့ကြားလာရင် အရည်တွေ ထွက်လာတယ်တဲ့ ... ထွက်လာတဲ့ အရည်တွေကလည်း တအားနံတယ်ဆိုပဲ"

"ဟာ ... ဖထီးကလည်း ဘာတွေပြောနေတာလဲ"

မွန်းတည့်က မျက်နှာပျက်ကာပြောတော့ ဖထီးက ...

"မောင်ရင်မေးလို့ ငါဖြေတာလေ ... လူတွေမှာ ခန္ဓာကိုယ်ကအရည် ထွက်တဲ့ ရောဂါဖြစ်ကြတယ်လို့ ငါမကြားဖူးဘူး"

"တော်တော့် ဖထီးရာ ... ကျွန်တော်သွားမယ်"

မွန်းတည့်ကဆက်၍ မမေးလိုတော့သဖြင့် ဖထီးရှေ့မှထွက်ကာ အိမ်လေးဆီ ပြန်လာခဲ့လေတော့သည်။

◆ ◆ ◆



အိမ်ထဲပြန်ရောက်တော့ မမက အိပ်ပျော်လို့နေဆဲ နံနက်စာကို သူတစ်ယောက်တည်း ထိုင်ကာစားလိုက်သည်။ ထမင်းစားပြီးတော့ ခေါင်းက မူးလာသဖြင့် အိမ်ရှေ့ခန်းက ဆိုဖာဆက်တီခုံပေါ်လှဲလိုက်ရာ ခဏကြာတော့ အိပ်ပျော်သွားသည်။

"မောင် ... "

ရုတ်တရက် သူ့ဘေးက လာနိုးသံကြောင့် မျက်လုံးကိုဖွင့်ရာ တော်တော်နှင့် ဖွင့်မရ ...

"မောင် ... "

"ဟင် ... အမလေး"

မြင်လိုက်ရသည့် မြင်ကွင်းက လုံးဝမယုံနိုင်စရာ လွန်စွာမှလည်း ထိတ်လန့်တုန်လှုပ်သွားသည်။

"မောင် မမလေ ... မိုက်ဆာနေပြီ ၊ ဘင့်ကိုထမင်းစားဖို့ လာနိုးတာ"

"ဟင့်အင်း ... ခင် ... ခင်ဗျား ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့် အသားတွေတဆတ်ဆတ်တုန်နေသည်။ အသံကတော့ မမဇော်ရဲ့ အသံဖြစ်ပေမယ့် ချိုင့်ဝင်နေသည့် မျက်လုံးနှစ်ဖက်က မျက်ဆန် မရှိတော့ …

ဆံပင်တို့မှာ ဖရိုဖရဲ ကြီးမားလှသည့် ပါးစပ်ကြီးပြဲလို့နေသည်။

ဝတ်ထားသည့် ဂါဝန်မှာ မမဇော်ဝတ်ထားသည့် အနီရောင်ဂါဝန် ရှည်

"ထ … ဆို"

"ဟင့်အင်း … ခင် … ခင်ဗျား အနားမကပ်နဲ့နော်သွား …"

မွန်းတည့်က အတင်းကြုံးအော်သော်လည်းမရ …

"မောင် … မမကို ဘာလို့အော်ရတာလဲ"

မွန်းတည့် ထထိုင်လိုက်သည်။

"ကဲ … လာ မမနဲ့ထမင်းအတူတူစားကြမယ်"

"သွား … "

မွန်းတည့်ပဲ လက်နှစ်ဖက်နှင့် အတင်းတွန်းပစ်လိုက်ရာ မျက်နှာချင်း ဆိုင်ဆိုဖာ ဆက်တီထိုင်ခုံပေါ် ဖင်ထိုင်ကျလို့သွားသည်။

"ဟင်"

မွန်းတည့် သူကိုယ်သူ သတိထားမိလိုက်တာက ဆိုဖာဆက်တီထိုင်ခုံ ရှည်မှာ အိပ်လျက်ပင် …

"ငါ … ငါ အိပ်မက် မက်နေတာပါလား"

မျက်လုံးကိုဖွင့်လိုက်တော့ မျက်နှာကျက်နှင့်ကပ်လျက် မီးလုံးတို့၏ အလင်းရောင်ကို မြင်လိုက်သည်။





"ဟွန်း … တော်ပါသေးရဲ့"

လေပူကိုမှုတ်ထုတ်၍ ထထိုင်လိုက်ရာ …

"ဟင်"

သူနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ထိုင်နေသည့် မမဇော် …

"မမ … "

သူ့နှုတ်ဖျားက ရုတ်တရက်လွှတ်ခနဲ ထွက်သွားသည်။ မမဇော်ရဲ့ ပုံက အိပ်မက်ထဲကလိုတော့မဟုတ် ပုံမှန်ပင် …

"မ … မောင့်ကိုနိုးနေတာကြာပြီ"

"ဟင် … အဟုတ်"

"ဒါ လိမ်ပြောရမှာမှ မဟုတ်တာ … ထပါ မမတို့ ထမင်းစားရအောင်"

"ဟုတ် … "

မွန်းတည့်လည်း မမဇော်နှင့်အတူ ထမင်းစားခန်းဝင် ထမင်းစား လိုက်သည်။ စကားလုံးဝမပြောဘဲ ထမင်းစားနေသော မမဇော်ကိုကြည့်၍ မွန်းတည့် က …

"မမ … ဘာဖြစ်နေတာလဲ … မောင့်ကို စိတ်ကောက်နေတာလား"

"ဘာကိုလဲ … "

"မမနိုးတာ ချက်ချင်းမထလို့လေ … "

"မဟုတ်ပါဘူး"

မမဇော်က တုံးတိတိဖြေကာ ထမင်းဆက်စားနေသည်။ ထမင်းဝိုင်း က အေးစက်စက်နှင့်စားလို့ ပြီးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခန်းထွက်ထိုင်၍ တီဗွီကြည့်နေစဉ် ...

"ဒေါက် ... ဒေါက်"

အိမ်တံခါးခေါက်သံ ကြား၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြပြီး မမဇော်က ...

"မမ သွားကြည့်လိုက်မယ်"

"အင်း ... "

မွန်းတည့်ကခေါင်းညိတ်လိုက်တော့ မမဇော်ကထ၍ တံခါးဆီလျှောက်လာကာ အသာဖွင့်လိုက်သောအခါ ...

"ဟင်"

မမဇော်တစ်ကိုယ်လုံး အေးစက်တောင့်တင်း၍ ကြက်သေသေလို့ သွားလေတော့သည်။

◆ ◆ ◆



*အမှောင်ထဲမှ တံခါးခေါက်ပြီး လာပေးတဲ့ ပိတ်စအထုပ်ကို ဖြေကြည့်လိုက်သော အခါ . . .*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)
## နာရေးပိတ်စာ

"ဖိတ်စာလာပေးတာ ..."

စကားကိုတစ်လုံးချင်းပြောလျက် စာရွက်အဖြူတစ်ရွက်ကို မမဇော် လက်ထဲထည့်ပေးရာ ...

"ရှင် ... ရှင် ဘယ်သူလဲ"

မမဇော်က စာရွက်ဖြူလေးကို ချက်ချင်းမယူ သူတစ်ခါမှမမြင်ဖူးသည့် ကြောက်စရာအလွန်ကောင်းသည့် မျက်နှာနှင့်သူ့ကိုမေးလေ၏။

"မင်း ... အချိန်မှီ မလာမှာစိုးလို့ ငါလာပေးရတာပါ ... ငါ့အလုပ်က ဒါပဲ ... ကျန်တာ ဘာမှပြောပိုင်ခွင့်မရှိဘူး ရော့ ... ယူလိုက်"

မမဇော်လည်း အတင်းထိုးပေးသည့် စာရွက်ဖြူလေးကိုလှမ်းယူလိုက်တော့ ဝတ်ရုံအနက်နှင့်လူက ချာခနဲလှည့်ထွက်သွားသည်။ မမဇော်က စာရွက်ကို အလျှင်အမြန်ဖြန့်၍ ဖတ်လိုက်ရာ ...

"ဟင် ..."





ရုတ်တရက် ယိုင်မလိုဖြစ်သွားသည့် ခန္ဓာကိုယ်ကို မနည်းထိန်းထားရသည်။

မယုံနိုင်ခြင်း အံ့ဩခြင်း ဝမ်းနည်းခြင်း စတဲ့ခံစားမှုတို့က သူ့ရင်တစ်ခုလုံးကို ထိုးဖောက်ဝင်နှောက်သွားသည်။ မျက်လုံးထဲက အလိုလိုကျလာတဲ့ မျက်ရည်တို့က ပါးပေါ်စီးကျလို့လာ၏။

"မမ ..."

မွန်းတည့်ရဲ့ လှမ်းခေါ်သံကြားတော့ အလျှင်အမြန် တံခါးဝလေးက ပန်းအိုးလေးထဲ စာရွက်လေးကို တင်ထားလိုက်သည်။

"မမ ခုန ဘယ်သူလဲ"

မွန်းတည့်ကမေးတော့ မမဇော်က မျက်နှာကိုချက်ချင်းပြင်၍ ...

"အမိုးပါ ..."

"အမိုးက ဘာလို့ အိမ်ထဲမဝင်တာလဲ ... မမ မခေါ်ဘူးလား"

"ခေါ်ပါတယ် ... မဝင်တော့ဘူးတဲ့"

မမဇော်က မွန်းတည့် ထိုင်ခုံနားလျှောက်လာပြီး ဘေးမှာဝင်ထိုင်လိုက်သည်။

"အမိုး ... ဘာလာပြောတာလဲ မမ"

"ဟို ... ဟိုလေ"

မမဇော် အလျှင်အမြန်စဉ်းစားပြီး ...

"မနက်ရောက်ရင် ဘာအစားမလဲတဲ့"

"အမိုးနဲ့ ဖထီးက အဲလိုပဲ မောင်တို့ကို သိပ်ဂရုစိုက်တာ သူတို့သွားဝယ်ရမှာ နီးနီးလေးမဟုတ်ဘူး ... မင်းကုန်းဈေးထိသွားရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... "

"မောင်တို့အတွက် ဖထီးနဲ့ အမိုးရှိတာအဆင်ပြေပါတယ် ... ကူညီ ဖော်လည်းရတယ် မောင်တို့တာသာနှစ်ယောက်တည်းဆို မလွယ်ဘူး"

မွန်းတည့်က တီဗွီကြည့်ရင်းပြောနေတာကို မမဇော်က မွန်းတည့် မျက်နှာကို ငေး၍ကြည့်နေသည်။ ဆို့နင့်နေသည့် ရင်ထဲက ကြေကွဲမှုတို့ မျက်နှာ၌ပေါ်မလာအောင် ထိန်းချုပ်ထား၏။

သူဟာ ရုပ်ရှင်မင်းသမီး တစ်ယောက်မလား ... မွန်းတည့်က သူပြောနေတာတွေကို နားထောင်နေတဲ့ မမဇော်အား တီဗွီကြည့်ရင်းမှ ရုတ်တရက် မမဇော်ဘက်လှည့်ကြည့်တော့ အကြည့်ချင်းဆုံသွားသည်။ ညှိုးငယ်နေတဲ့ မမဇော် မျက်ဝန်းတွေထဲက မျက်ရည်စတွေကို မွန်းတည့် မြင်တော့ ...

"မမ ... နေမကောင်းပြန်ဘူးလား ... အရည်တွေထွက်လာပြန်ပြီလား ... "

"ဟင့်အင်း ... "

မွန်းတည့် အိပ်ရာနိုးတော့ မမဇော်ရဲ့ခန္ဓာကိုယ်ထဲက အရည်တွေ ထွက်လာတာမတွေ့တော့ ဂါဝန်ရှည်ကိုလဲခိုင်းလည်းမရ ...

"မမ ... မမ မောင်နဲ့နေရတာ မပျော်လို့လားဟင်"

"ဟုတ်ပါဘူး မောင်ရယ် ... မောင့်ကို မမပြောစရာရှိတယ်"

"ဟင် ... "

မွန်းတည့် အံ့ဩနေသည်။ မမဇော်ရဲ့ စကားသံကအစ သူ့အတွက် ထူးဆန်းနေ၏။





"မမတို့ အခုည တစ်ညလုံး မအိပ်ကြဘူး ... "

"ဗျာ ... ဘယ်လို မမ"

"ဟုတ်တယ် ... မမ မောင့်မျက်နှာကို တစ်ညလုံးထိုင်ကြည့်ချင်တယ် ပြီးတော့လေ ... မောင်နဲ့စကားတွေ အများကြီးပြောချင်တယ်"

မမဇော်က သူ့လေသံကို မနည်းအားယူကာပြောရသည်။ မျက်လုံးထဲမှ မျက်ရည်တို့က ထွက်ချင်လာတာကို မနည်းတားထားရ၏။

"မမကလည်း အထူးအဆန်း မောင်နဲ့မမက တစ်သက်လုံးအတူတူ နေမှာလေ ... "

"မောင် ... "

မမဇော်ရဲ့အသံက တုန်နေသည်။

"မမ ... "

"မမကို ခွင့်ပြုပါနော် ... မမလေ မောင်နဲ့တွေ့ဖို့ အချိန်သိပ်မရှိ တော့ဘူး ... "

မမဇော်ရဲ့ ပါးပေါ်မျက်ရည်တွေ လိမ့်ဆင်းကာကျလာသည်။ မွန်းတည့် က မှိုင်ရိမ်သွားပြီး မမဇော်ပခုံးကိုဖက်၍ ...

"မမ ... နေမကောင်းလို့ အားငယ်နေတာလား ... ဘာမှမပူနဲ့ မောင်အကောင်းဆုံးဆရာဝန်နဲ့ ပြမယ်"

"မ ... မဟုတ်ဘူး မောင်ရယ် ... မမကို ဒီတစ်ည မောင်နဲ့အတူ ရှိခွင့်ပေးပါ"

"မမရယ် ... "

မွန်းတည့်ရင်ခွင်ထဲဝင်၍ ရှိုက်ငိုနေသော မမဇော်ကိုမွန်းတည့်က



www.burmeseclassic.com

www.burmeseclassic.com



ခပ် တင်းတင်းလေး ဖက်လို့ထားသည်။

မမဇော်ရဲ့ ရှိုက်သံတွေဆဲသွားတော့ မွန်းတည်က ...

"မမ ... "

"ပြောလေ ... မောင်"

"မမ ... ဘာလုပ်ချင်လဲ ဟင်"

မမဇော်က ခေါင်းလေးကိုမော့၍ မွန်းတည့် မျက်နှာကိုကြည့်ပြီး

"မမကို သီချင်းဆိုပြပါလား မောင်"

"ဆိုပြမယ်လေ ... ဘာသီချင်းဆိုပြရမလဲ"

မမဇော်က စဉ်းစားလိုက်ပြီး ...

"ခင်မောင်တိုးဆိုထားတဲ့ ပန်းချစ်သူ"

"ဆိုပြမယ်လေ ... ခဏနေ့ မောင် ဂစ်တာသွားယူလိုက်မယ်"

မွန်းတည်က ဂစ်တာကိုသွားယူ၍ ပြန်လာပြီး မမဇော်ဘေးနားထိုင်ကာ ဂစ်တာကြိုးကို ညှိလိုက်သည်။

မမဇော်က မွန်းတည့် ပခုံးလေးပေါ် မေးတင်ထားလျက် မွန်းတည်က သံစဉ်နှင့်လိုက်ဖက်စွာ ပန်းချစ်သူ သီချင်းသံလေးက ပျံ့လွင့်နေဆဲ ... လေ ... "

◆ ◆ ◆



ကိုယ်နာရေး ကိုယ်လာပို့တာကို
သူ့ကိုအသိအမှတ်မပြုကြတာဟာ . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
## နာရေးလာပို့တဲ့တရွေ

"ဟင်"

များပြားလှသော လူအုပ်ကြီးက သချိုင်းရှေ့မှာ တိုးဝှေ့လို့နေကြသည်။ မမဇော် ထိုသူတွေ တအံ့တသြကြည့်နေစဉ် သူ့ဘေးဆီသို့ အသက်သုံးဆယ်ဝန်းကျင် အမျိုးသမီးတစ်ဦး ကပ်လာပြီး ...

"ဘာလုပ်နေတာလဲ ... သွားလေ"

"ရှင် ... "

သူလှည့်ကြည့်လိုက်တော့ ရုပ်ဆိုးဆိုးအမျိုးသမီးက သချိုင်းခန်းမတစ်ခုကို လက်ညှိုးထိုးပြသည်။

"သွားရမှာလား"

မမဇော်က စကားကို တစ်လုံးချင်းမေး၏။

"သွားရမှာပေါ့ ... သွား ... လွမ်းစမ်း ... လွမ်းလို့အကောင်းဆုံး





ဝမ်းနည်းဖို့အကောင်းဆုံးအချိန် နောင်ဘယ်တော့မှ အခုလိုအချိန်ပြန်မရတော့ဘူး"

"ရှင်ပြောတာက ... "

"သွားပါ ... မေးမနေပါနဲ့ ... ခုချိန်ဟာ မင်းအတွက် နောင်တရဖို့အကောင်းဆုံးအချိန်ပဲ"

"နောင်တ ဟုတ်လား ... "

"ဟုတ်တယ် ... သွား ... သွား"

ရုပ်ဆိုးဆိုးအမျိုးသမီးက အတင်းတွန်းလွှတ်နေသည်။ မမဇော်လည်း လူအုပ်ရဲ့ဘေးမှ ရှောင်၍ခန်းမဆီသို့ ခက်ခက်ခဲခဲ လျှောက်လာ၏။ ခန်းမရှေ့အဝင်ဝတွင် ရေးထိုးထားသည့် စာတမ်းများ ပန်းခွေများကြောင့် သူ့ရင်ထဲတွင် အပူလုံးကြီးဆို့တက်လာသည်။

"ကွယ်လွန်သူ မမဇော်အတွက် မိုးရုပ်ရှင်ထုတ်လုပ်ရေး ... "

"မမဇော် ကောင်းရာဘုံဘဝကိုရောက်ပါစေ စေတနာ မိသားစု"

"မမဇော်ကို အမြဲအမှတ်ရနေမှာပါ စတား ကုမ္ပဏီ"

လွမ်းသူ့ပန်းခွေများတွင် ရေးထိုးထားသည့် စာတမ်းများက သူ့ရင်ကို တစ်စစီ ဆွဲဖွဲ့နေသည်။

အခုတော့ ...

လူအုပ်ကြီးရှေ့မှာ သူရပ်နေတာ သူ့ကို ဘယ်သူမှ မမြင်ကြ ... လူအုပ်ကြီးရဲ့ အသံကိုတော့ သူကြားနေရသည်။

"မမဇော် ... မမဇော် ကောင်းရာမွန်ရာ ရောက်ပါစေ"

သံပြိုင်ဆုတောင်းသံများ တဖွဲဖွဲရောက်လာသည့် သူ့ရဲ့လုပ်ဖော်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖက်များ ထိုလူများရဲ့ မျက်နှာမှာ အပူရှပ်တွေ ...

မျက်လုံးထဲမှာ မျက်ရည်တွေ ...

တစ်ယောက်ပြီး တစ်ယောက် မမဇော်ရှေ့မှဖြတ်သွားသော်လည်း တစ်ယောက်တလေကမှ မမဇော်ကို ဂရုတစိုက်မရှိကြ ...

ခန်းမထဲ ပြုကျလာမည့် လူအုပ်ကြီးကို လုံခြုံရေးအဖွဲ့တွေက တားထား ရသည်။ နာရေးခန်းမထဲကို ဝင်လာမည့် မမဇော်နှင့် အလွန်ရင်းနှီးသည့် မိတ်ဆွေများအတွက်လည်း လမ်းရှင်းပေးနေရသည်။

မမဇော် ခန်းမထဲ မဝင်သေး ...

သူ ... ဘာလဲ ... လူတွေ ဘာလို့ သူ့ကိုမမြင်တာလဲ ... အဖြေကို သူ သိပြီးဖြစ်သည်။

သူ့ခန္ဓာကိုယ်ထဲက အရေတွေထွက်လာထဲက စိတ်ထဲ မသက်သာ ခန္ဓာကိုယ် တစ်ခုလုံးကလည်း ပေါ့ပါးကာ ဘယ်အရာနှင့်မှ ထိသည်ဟု မထင်ရ။

ပြီးတော့ ...

အလင်းရောင်ကို ကြောက်နေသလို အသားစိမ်းများကို အလွန်စား ချင်သည့်စိတ်ကတားမရ ...

ညဘက် သူ့ကို ဖိတ်စာလာပေးတဲ့လူရဲ့စာကိုဖတ်လိုက်မှ အားလုံး သဘောပေါက်သွားသည်။

မင်းသမီးတစ်ယောက်ရဲ့ နာရေးက လိုအပ်တာထက် ပိုမိုအောင် ခမ်းနားစွာ ပြင်ဆင်ထားပုံကိုကြည့်ခြင်းအားဖြင့် ...

"ဦးမိုးဇော် ..."





ဟုတ်တယ် ဒါတွေဟာ ဦးမိုးဇော်ရဲ့ အစီအစဉ်ပဲ ... ဦးမိုးဇော် င်ဘာလို့ အခုလောက်ထိ ကျွန်မနာရေးကို တစ်ခမ်းတနား လုပ်ထားရတာလဲ န်းမထဲက ထွက်လာတဲ့ တယောသံက သူ့ရင်ကို တမြေ့မြေ့ကြေကွဲစေ နိ။

သူ့နာမည်ရေးထိုးထားတဲ့ အနက်ရောင် တီရှပ်တွေဝတ်ညီစွာဝတ်ထား ာ့် လူငယ်တွေ ...

ခန်းမထဲ ကော်ကုလားထိုင်ပေါ်မှာထိုင်၍ ဝမ်းနည်းစွာထိုင်နေသူတွေ

သူတို့အားလုံး မမဇော်ကိုမမြင်နိုင် ...

မမဇော်က တစ်လှမ်းချင်း အလောင်းစင်နားဆီသို့လျှောက်လာ၏။ မွှေးပျံ့နေသည့် စံပယ်ပန်းရနံ့များက နာရေးခန်းမတစ်ခုလုံးကို လွှမ်းခြုံထား ည်။

မမဇော်ဆိုတဲ့ သူဘဝ ပြီးဆုံးခဲ့တဲ့ နောက်ဆုံးနှုတ်ဆက်ပွဲ။ ဒါမှမဟုတ် လူတစ်ယောက်ရဲ့ နောက်ဆုံးနှုတ်ဆက်ခြင်း အခမ်းအနား ဒီအခမ်း နားမှာ သူနဲ့မှတ်သက်သူတွေကို နှုတ်ဆက်ရမည့်နေ့လေ ...

"ဟင်"

အလောင်းစင်ဘေး နံရံမှာကပ်လျက် ထိုင်ခုံပေါ်ထိုင်နေသည့် သူ နဲ့နေဂျာမလေး သရဖီက အလောင်းကိုလှမ်းကြည့်၍ တရှုံ့ရှုံ့ငိုနေသည်။ ူ သရဖီဘေးနားကပ်သွားပြီး ...

"သရဖီ ..."

ဝမ်းနည်းစွာခေါ်လိုက်စဉ် သရဖီက ငုံ့နေသည့် ခေါင်းကိုဆတ်ခနဲ ာ၍ မျက်လုံးကို ဟိုကြည့် ဒီကြည့်လုပ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကြက်သိန်းတွေ ထလိုက်တာ မမဝိညာဉ်ငါ့ဘေးရောက်နေလား မသိဘူး ... "

"ဟုတ်တယ် ... သရဖီ နင့်ဘေးမှာငါရှိတယ် ... ငါဒီမှာလေ သရဖီ"

မမဇော်က သရဖီရှေ့တည့်တည့် မတ်တတ်ရပ်ပြသော်လည်း သရဖီက သူ့ကိုမမြင် ...

"မမရဲ့ ကိုယ်သင်းအနံ့ရတယ် . . . မမ ငါ့ဘေးမှာလား မမ ... "

သရဖီမှုံ့ကိုကြည့်၍ ဘေးမှ မိတ်ကပ်ဆရာမ ခင်ခင်ကျော်က ...

"ဟဲ့ ... သရဖီ နင်ဘာဖြစ်နေတာလဲ"

"မခင် ... မမ ဒီနားမှာရှိနေတယ် ... မမရှိနေတယ်"

ခင်ခင်ကျော် လန့်သွားသည်။

"ဟဲ့ ... မမဇော် အလောင်းဟိုမှာ ... နင်ဘာတွေပြောနေတာလဲ"

မမဇော်က သူတို့ရှေ့မှာ သူတို့ကဘာယ်လိုမှမြင်နိုင်မှာမှမဟုတ်တာ

"ငါ ... နင်တို့ရှေ့မှာပါ ... နင့်တို့ဘယ်တွေ့မလဲ ... "

ပြော၍ အလောင်းစင်ပေါ်မှ သူ့ရုပ်အလောင်းကို သူ့ပြန်ကြည့်လိုက်သည်။

"မမဇော် နင့်ဘဝကပြီးသွားပါပြီ နင့်ကိုလူတွေလာလာကြည့်နေတာ တကယ်ပဲ ဝမ်းနည်းရဲ့လား ... ဒါမှမဟုတ် သေနေတဲ့ နင့်ပုံဘယ်လိုဖြစ်နေလဲဆိုတာ ... သိချင်နေလို့လား ... "





သူ့အလောင်းကို သူကြည့်ကာပြောလိုက်၏။ ကင်မရာမီးများ ဖိဖိုဆလိုက်မီးများက အလောင်းပေါ် လင်းခနဲ လက်ခနဲ ...

ထိုစဉ် ...

"ဦးမိုးဇော် ... လာပြီဟေ့ ... "

လူတစ်ယောက်ရဲ့ အော်သံကြောင့် ခန်းမထဲကလူတွေ လှုပ်လှုပ်ရှရှဖြစ်သွားသလို တယောအဖွဲ့ရဲ့ သံစဉ်တို့ရပ်သွားသည်။

"ဦးမိုးဇော် ... သူ ... သူလာနေပြီ"

မမဇော် တဆတ်ဆတ်တုန်သွားသလို အလောင်းစင်ဘေးကခွာ၍ နံရံ မှာ ကျောသွားကပ်ထားသည်။

"ငါသေတာသိလို့ ... သူ အောင်ပွဲလာခံတာလား ... မဟုတ်နိုင်ဘူး သူ့မှာ အဲလိုစိတ်ဓာတ်မရှိဘူး ... သူ ဘာလို့ ငါ့ကို စိတ်မနာတာလဲ ... ဘာလို့ ငါ့ကိုချစ်နေတာလဲ ...

သ ... သမီးလေးပါ ... ပါလာမလား ... "

သူ့ရင်ထဲ လှုပ်ခနဲ ဖြစ်သွားသည်။

သမီးလေးကို သူသိပ်တွေ့ချင်လာသည်။ သူ့အလောင်းကိုမြင်ပြီး သူ့ အမေဆိုတာ သမီးလေးသိပါ့မလား သမီးလေးရယ် ...

ပါးပေါ်သို့ မျက်ရည်များ စီးကျလာပြန်သည်။ ဒီတစ်ခါကျတဲ့ မျက်ရည်ကတော့ ဆဲမှာမဟုတ်တဲ့ မျက်ရည်တွေလေ ...



www.burmeseclassic.com

"ဟင်"

အနောက်တိုင်းဝတ်စုံနှင့် လိုက်ဖက်စွာ အရပ်ရှည်ရှည် ထောင်ထောင် မောင်းမောင်း ခန့်ထည်ချောမောလှသော ဦးမိုးဇော် ...

အစဉ်သဖြင့် ရင်ထဲကခံစားချက်ကို သိုဝှက်ထားနိုင်သူ ...

အခုတော့ ...

သူ့ရဲ့မျက်နှာမှာ ကြေကွဲဝမ်းနည်းရိပ်တွေက အထင်းသား သမီးလေး ကို လက်တစ်ဖက်ကဆွဲလာတဲ့ သူ့ခြေလှမ်းတွေကို သူရပ်တန့်ချင်နေလား မသိ။

ချစ်စဖွယ် ဖြူဖြူနုနုနယ်နယ်နှင့် သမီးလေးက ဆံပင်ရှည်ရှည်လေး ကို နှစ်ဖက်ခွဲစီးလျက် ...

ဘာမှ မသိတတ်သေးတဲ့ အရွယ်ဆိုပေမယ့် သမီးလေးမျက်နှာက လုံးဝမကောင်း ...

အဆင်မပြေခဲ့တဲ့ သူတို့အိမ်ထောင်ရေး ညှိရှယ်ချက်မတူကွဲပြားတဲ့





သဘောထားတွေ အရာရာကို တစ်ဘက်သတ်အနိုင်ယူ ကိုယ်ဖြစ်ချင်တာကို လုပ်ရမှကျေနပ်တဲ့ မမဇော်ရဲ့ မိုက်မဲမှုတွေထဲမှာ သားကောင်ဖြစ်ရတဲ့ သမီးလေး -

"ဟင်"

မမဇော် ပင့်သက်ကို တစ်ချက် ရှိုက်လိုက်သည်။ အသံက သည်ချောင်းထဲက အားယူ၍ အကျယ်လောင်ဆုံး အော်လိုက်ရာ ...

"သမီးလေး ... "

တိတ်ဆိတ်နေသော ခန်းမတစ်ခုလုံး ဟိန်းထွက်သွားသော်လည်း သမီးလေး အပါအဝင် ခန်းမထဲမှ လူအားလုံး သူ့အသံကိုမကြားကြ။ ဦးမိုးဇော် က သမီးလေးနှင့်အတူ အလောင်းစင်ဘေးနားမှရပ်၍ သူ့မျက်နှာကိုသေချာ ိုက်ကြည့်သည်။

"တော်ပါတော့ ရှင့်အကြင်နာတွေ မေတ္တာတွေမပြပါနဲ့ ကျွန်မ မခံစား နိုင်ဘူး ... "

မျက်နှာကို လက်ဖဝါးနှင့်အုပ်ကာ အားရပါးရ ငိုချလိုက်သည်။ သူ့ရဲ့ ရှိုက်သံကို ဘယ်သူမှ မကြားရ ...

သူ့ခင်ပွန်းဟောင်း ဦးမိုးဇော်က သူ့အတွက် အလှအပဆုံးနာရေး အခမ်းအနားကို ပြင်ဆင်ပေးထားသည်။ ဘယ်အရာမဆို သူနှင့်ပတ်သက်လျှင် ခမ်းတနား လုပ်ပေးတတ်တဲ့ ဦးမိုးဇော်ဟာ သူ့ဘဝရဲ့ ကယ်တင်ရှင် ...

ဒါမှမဟုတ် ...

ကျေးဇူးရှင်တစ်ယောက် ...

သူ့ကိုလည်း သိပ်ချစ်သလို သူ့ဆန္ဒတွေကိုလည်း လိုက်လျောခဲ့ပေမယ့်

www.burmeseclassic.com



အထ္ထုဆန့်မှာ ဦးမိုးဇော်ရင်ခွင်ထဲက ထွက်ခဲ့သလို မိခင်မပီသတဲ့ သူ့ရဲ့ ဝိတ်ဓာတ်တို့ကြောင့် သမီးလေးဘဝ အမေငတ်ခဲ့ရသည်။

အချစ်ဆိုတာကို သိချင်ခဲ့သူ ရှာဖွေခဲ့သူ မိသားစုဘဝမှာ သူ မပျော်တော့ အလှအပနဲ့ ကျော်ကြားမှုက သူညွှန်တဲ့လက်ညှိုးတိုင်းမှာ ပန်းပွင့်ခဲ့ပြီလေ ...

"ပါးပါး မာမီ အိပ်နေတာလား ဟင် ..."

သမီးလေးက သူ့ပါးပါးကိုမေးတော့ မမဇော် ဘယ်လိုမှမခံစားနိုင်။

"သမီး ... မာမီ ဒီမှာရှိတယ် မာမီဒီမှာလေ ..."

သူအငမ်းမရအော်လိုက်သော်လည်း သမီးလေးမကြား _ ဦးမိုးဇော်က သမီးလေးကိုကောက်ချီကာ သူ့အလောင်းနှင့်အနီးကပ်ဆုံး ဖြစ်အောင်ပြီတော့ သမီးလေးရဲ့နှုတ်က ...

"မာမီ ..."

"သမီးရယ် ... သမီးရဲ့အသံကို သူကြားမှာ မဟုတ်တော့ဘူး"

"အဲလိုမပြောနဲ့ ဦးမိုးဇော် ကျွန်မကြားတယ်မာမီ _ ကြားတယ်သမီး ..."

မမဇော်ကဘေးမှ အငမ်းမရပြောသည်။

"ဘာလို့လဲ ပါးပါး ... မာမီ အိပ်ပျော်နေလို့လား"

"သမီး ... မာမီ ဆုံးသွားပြီ သမီးရဲ့"

ဦးမိုးဇော်ရဲ့ ဆို့နင့်ကြေကွဲစွာ ပြောတဲ့အသံနှင့်အတူ မျက်ရည်ငွေ ကျလာတာမြင်တော့ ...





"ဦးမိုးဇော် ... ရှင်မငိုနဲ့ ကျွန်မတောင်းပန်ပါတယ် ... ရှင်မငိုပါနဲ့"

ညွှတ်ခွေသွားသော ဒူးတို့ထောက်ကာ ဦးမိုးဇော်ကို သူတောင်းပန်ပြန်သည်။

သူ့ ကြိုးစားမှုတွေ အရာမထင်တော့ ...

ဦးမိုးဇော်က အလောင်းကိုကြည့်၍ နှုတ်ဆက်စကားဆိုပြန်သည်။

"ရှင် ... ကျွန်မရင်ကို တစ်စစီဆွဲဖွဲ့နေတာလား ဟင်"

ဘမီးလေးရဲ့ မျက်ရည်တွေက သူ့ရင်ကိုမြားအစင်းပေါင်းမြောက်မြားစွာ စူးစေ၏။

"ဆရာ ... သင်္ဂြိုဟ်ဖို့အချိန်ရောက်ပြီ"

"ဟင်"

သူဘာလုပ်ရမလဲ ... သူ့ကိုသင်္ဂြိုဟ်တော့မယ် သူဆိုတဲ့ မမဇော် လောကကြီးမှာ မကြာခင်ပျောက်ကွယ်သွားတော့မယ် ...

"ပါးပါး _ မာမီနိုးအောင်စောင့်ဦးလေ _ သမီးတို့မာမီကိုခေါ်သွားမယ်"

"ဟုတ်တယ် ... ဦးမိုးဇော် ဒီတစ်ကြိမ်တော့ ကျွန်မကိုခွင့်ပြုပါ"

သူတောင်းပန်လိုက်သည်။ ဦးမိုးဇော်က ရှိုက်ငိုနေတဲ့ သမီးလေးအား

"သူ မလိုက်နိုင်တော့ပါဘူး ... သမီးရယ်"

"မဟုတ်ဘူး ... ကျွန်မ လိုက်မှာနော် ... ဦးမိုးဇော် ရှင်ခွင့်ပြုပါ"

လှည့်ထွက်သွားသည့် ဦးမိုးဇော်နောက် အတင်းလိုက်၍ပြောသော်လည်း ဦးမိုးဇော်က သူ့စကားကိုမကြားတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့ ... ဘာ ဘာလုပ်တာလဲ သရဲဖိုပြောစမ်း ... အဲလို မလုပ်နဲ့လို့ ... "

သူ့အလောင်းကို အခေါင်းထဲထည့်ကြတော့ သူ့အတင်းတား သော်လည်းမရ ... အခေါင်းကို အဖုံးပိတ်ကာ ဝိုင်းထမ်းတော့ ...

"မလုပ်ကြပါနဲ့ ... ငါ့ကို မသင်္ဂြိုဟ်ကြပါနဲ့"

သူ့ရဲ့အော်သံက ဘယ်လောက်ပဲကျယ်ပါစေ ဘယ်သူမှကြားခြင်းမရှိ တော့ပါလေ ...

သင်္ဂြိုဟ်စက်ထဲမှာ
မီးတွေတဟုန်းဟုန်းတောက်နေတယ် ...
သူ့အလောင်းကိုမကြာခင်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

## ဘာမှမရခဲ့သူတစ်ယောက်

"ဝုန်း … ဂျိမ်း"

မီးစက်သံတံခါးမကြီး ပိတ်သွားသည်။ သူ့အလောင်းကို မီးသင်္ဂြိုဟ်ကြတော့မည်။ သင်္ဂြိုဟ်အပြင်ဘက်မှာ ငိုယိုနေသူတွေ သူ့နာမည်ကို အော်ဟစ်၍ ဆုတောင်းပေးသံတွေ …

"ငါ … ငါ … ဘာလုပ်ရမလဲ"

သူမြင်နေရသည့် မြင်ကွင်း သူကြားနေရသည့် အသံတွေရဲ့ဝေးရာကို သူပြေးသွားချင်သည်။

ဘယ်ကိုပြေးရမှန်းတော့ သူမသိ …

"ဟင်"

စံပယ်ပန်းလေး လက်တစ်ဆုပ်ကိုင်ထားသည့် သူ့ခြံစောင့်မောင်မိုး ဆိုတဲ့ ကောင်လေး …





"မမဖော် ကျွန်တော်နဲ့လိုက်ခဲ့ မမဖော်လိပ်ပြာကို ကျွန်တော်ခေါ်မယ်"

"ဟင်"

သူ့ရင်ထဲ ထိတ်ခနဲဝမ်းသာသွားသည်။ မောင်မိုး သူ့ကို ခေါ်လေပြီ မောင်မိုးနားကပ်လိုက်လာပြီး သူတက်သည့် ကားပေါ်လိုက်တက်ထိုင်လိုက်သည်။

မောင်မိုးက ဘယ်သူနှင့်မှစကားမပြော လက်ထဲမှာလည်း စံပယ်ပန်းဘို့ကို အသာဆုပ်ထားမြဲ …

"မောင်မိုး လိပ်ပြာခေါ်လာတာလား … "

" … "

မောင်မိုးကခေါင်းပဲ ညိတ်ပြသည်။

"မောင်မိုးကို စကားမပြောကြနဲ့ သူလိပ်ပြာခေါ်လာတယ် … မောင်မိုး စကားပြောမိရင် လိပ်ပြာလွင့်သွားလိမ့်မယ်"

လူကြီးတစ်ဦးက ကားပေါ်ပါသည့် လူတို့ကို သတိပေးလိုက်၏။ ကားကလည်း လူချောင်သဖြင့် မမဖော်က မောင်မိုးဘေးကပ်ထိုင်ကာလိုက်ပါလာသည်။

သူ သွားချင်တာက သူ့အိမ်ပဲ …

ဦးမိုးဖော်နှင့် သမီးလေး အိမ်မှာရှိမလား …

သမီးလေးကို သူတွေ့ခွင့်ရတဲ့အချိန်ထိ သူတွေ့ချင်နေသည်။ သူ့ရဲ့ အတ္တရိပ်အောက်မှာ မေတ္တာမရခဲ့ရှာတဲ့သမီးလေးကို သူဘယ်လိုမှ ပေးဆပ်ခွင့်ရမှာ မဟုတ်တော့ …



www.burmeseclassic.com

www.burmeseclassic.com



"ဦးမိုးဇော်တို့သားအဖက ရက်လည်တဲ့နေ့အထိ ဒီမှာနေမှာနဲ့ တူတယ်"

"မပြောတတ်ဘူး နေမယ်လို့ထင်တာပဲ ဘာလို့လဲဆိုတော့ သူမိန်းမကို သူကိုယ်တိုင် အမှုဝေပေးချင်မှာပေါ့"

ကားပေါ်ထိုင်နေသူတွေက သူတို့အကြောင်းကို စိတ်ဝင်တစား ပြောနေကြသည်။

"ဦးမိုးဇော်နဲ့ မမဇော်က တရားဝင်ကွာရှင်းထားတာမလား"

"အဲဒါ မမဇော်ဆန္ဒအရလို့ ကြားတာပဲ … ဦးမိုးဇော်က အရမ်းသည်းခံတာ မမဇော်က ဦးမိုးဇော်ကို တအားနိုင်တာလေ … မမဇော် အခုလို အောင်မြင်လာအောင် ဦးမိုးဇော်ပဲလုပ်ပေးခဲ့တာ"

မမဇော် နှုတ်ခမ်းကို ခပ်တင်းတင်းစေ့လိုက်သည်။ စကားသံတို့က ဆက်၍ကြားနေဆဲ …

"အရင်က မမဇော်က ဦးမိုးဇော်ရဲ့ ကုမ္ပဏီမှာသာမန်ဝန်ထမ်းအလ ဦးမိုးဇော်က မမဇော်ကို မြတ်မြတ်နိုးနိုးနဲ့လက်ထပ်ခဲ့တာ မမဇော်က ဦးမိုးဇော်ကို သူဌေးမို့လက်ထပ်တာ … "

"အဲလိုလား … "

"ဦးမိုးဇော်နဲ့ ကွာရှင်းပြီးတော့ မော်ဒယ်ကောင်လေးနဲ့ သတင်းအတော်ထွက်တာ … ဟုတ်မဟုတ်တော့မသိဘူး … ကောင်လေးကို မမဇော်က တော်တော်ကိုချစ်တယ်ဆိုပဲ"

မမဇော် နားနှစ်ဖက်ကို လက်နှင့်ပိတ်ထားလိုက်သည်။ သူကိုယ်ကျင့်တရားနှင့် ပတ်သက်တာတွေ သူကြားရတော့မည်။





သူမကြားချင်ပါ …

ဦးမိုးဇော် ကျွန်မရောက်စက်ခဲ့တာတွေ နိုင်လိုမင်းထက်ပြုခဲ့တာတွေ အတွက် ကျွန်မကို လူတွေလက်စားချေအောင် … ရှင် … ခွင့်လွှတ်ခဲ့တာလား …

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ရှင် … ကျွန်မကို လက်ထပ်လိုက်ရလို့ ပိုင်ဆိုင်တယ်ဆိုပေမယ့် ကျွန်မကိုချုပ်နှောင်တာ တင်းကျပ်တာ လာမလုပ်နဲ့"

မော်ဒယ်ရှိုးတစ်ခုသွားကြည့်ပြီး ညဆယ့်တစ်နာရီကျော်မှ ပြန်လာသည့် မမဇော်ကို ဦးမိုးဇော်က နောက်ကျတဲ့အကြောင်းမေးတော့ ပြဿနာဖြစ်တော့သည်။

"ကိုယ်တင်းကျပ်တာ မဟုတ်ဘူးနော် … မင်းဟာ ကိုယ့်ဇနီး -လူတော်တော်များများက မင်းကို ဂရုစိုက်ကြမှာ … အသွားအလာ အနေအထိုင် ဆင်ခြင်ရမယ် … "

"ဒီမယ် … ဦးမိုးဇော် ကျွန်မ အသက်နှစ်ဆယ်ကျော်ပဲရှိသေးတယ် ကုမ္ပဏီတွေအများကြီးပိုင်တဲ့ သူဌေးကြီးရဲ့ဇနီးမို့ ခန့်ခန့်ညားညားမနေနိုင်ဘူး လူငယ်ပဲ လွတ်လွတ်လပ်လပ်နေမှာပေါ့ ရှင့်အသက်နဲ့မတိုင်းပါနဲ့"

ဦးမိုးဇော် စိတ်ပျက်စွာခေါင်းခါလိုက်သည်။ မမဇော်နှင့်သူက အသက်ဆယ့်ငါးနှစ်လောက်ကွာသည်။ မမဇော်က ငယ်ရွယ်သူပီပီဆိုးသည်။





"လွတ်လပ်တယ်ဆိုတာ နေရာတိုင်းကောင်းတာမဟုတ်ဘူး … ဇော်"

"ရှင့်ရဲ့ အဘိဓမ္မာပြောမလို့လား … ဒါရိုက်တာတွေနဲ့ metting မှာသွားပြော … ရှင့်ကို ကျွန်မပြောခဲ့တာပဲ ကျွန်မကငယ်ငယ်တည်းက ဆင်းရဲတယ် … ချို့ချို့ငဲ့ငဲ့နေခဲ့ရတယ် …

လုပ်ချင်ရာလုပ်ခွင့်မရခဲ့ဘူး ဒီအခွင့်အရေးရဖို့ ချမ်းသာမှဖြစ်မှာ ဒီတော့ ချမ်းသာတဲ့ရှင့်ကိုယူတာ … ကျွန်မဖြစ်ချင်တာ မင်းသမီး မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေမယ့် ခပ်ညံ့ညံ့အိမ်ထောင်ရှင်မ မဟုတ်ဘူး … "

"ကိုယ်သိတယ် … ကိုယ်ကလည်း မင်းကိုချစ်ဖို့ယူတာ မင်းဆီက အချစ် ပြန်ရဖို့မဟုတ်ဘူး"

ဦးမိုးဇော်က မမဇော်အား ပြန်အော်လိုက်ရာ မမဇော်ကပြုံးလျက်

"ရှင်မပူနဲ့ ရှင့်ဆီ ကျွန်မအချစ် ဘယ်တော့မှ ရောက်မှာမဟုတ်ဘူး"

"အေး … ငါက မီးဆိုတာ ဘာလဲသိချင်တဲ့ကောင် … စမ်းကြည့်တာ ပူတယ် အေးပူလို့နောက်ဆုတ်လိုက်မယ့် လူမဟုတ်ဘူး … ဘယ်လောက်ထိ လောင်ကျွမ်းမလဲ ဆက်ကိုင်ထားမယ့်လူ … "

"ရှင့်အယူအဆတွေ စီးပွားရေးဘက်မှာ မှန်ချင်မှန်မှာပါ … အချစ်မှာတော့ ဘာမှအသုံးမဝင်ဘူး … ကျွန်မ ကြိုပြောထားမယ်နော်

ကျွန်မ မင်းသမီးလုပ်မှာ ရှင့်ဆီက ခွင့်ပြုချက်တောင်းတာမဟုတ်ဘူး အသိပေးတာ … မကျေနပ်ရင် ကွာရှင်းနိုင်တယ်"

ဦးမိုးဇော် သွေးပျက်စွာ မမဇော်ကိုကြည့်လိုက်သည်။ မမဇော်က



www.burmeseclassic.com

www.burmeseclassic.com



လေသံ အေးအေးနှင့် ဆက်၍ ...

"ကျွန်မ ကိုယ်ကျင့်တရား မဖောက်ပြားဘူး၊ ရှင့်ဇနီးအဖြစ် တရားဝင် ရှိနေတယ် ... ရှင်ကွာရှင်းမယ်ဆိုရင် ရှင့်ပိုင်ဆိုင်မှုတစ်ဝက် ကျွန်မရမှာပဲ အဲဒီ ရတဲ့စည်းစိမ်ဟာ ကျွန်မဖြစ်ချင်တာကို ဖြစ်ဖို့ လုံလောက်တဲ့ အရင်းအနှီး ပဲ ..."

"ဒီမှာ ... မမဇော်"

"ပြောပါ ... နားထောင်နေတယ်"

"မင်းကို ငါပိုင်ဆိုင်တာအားလုံးပေးလိုက်ဖို့ ငါဝန်မလေးဘူး ... ဒါပေမယ့် မင်းကိုကွာမပေးဘူး ... ဘာဖြစ်လို့လဲ သိလား"

"ဘယ်သိမလဲ ..."

"ငါ ... မင်းကိုသိပ်ချစ်လို့"

"အဲဒါ ရှင့်အပိုင်းပါ ... ကျွန်မက ကျွန်မဖြစ်ချင်တာလုပ်မယ် ဒါပဲ"

မမဇော်က ပြောကာ အိပ်ခန်းထဲဝင်သွားသည်။ ဦးမိုးဇော်က ဆိုဖာ ထိုင်ခုံကြီးမှာ ထိုင်ရင်း စိတ်ပျက်စွာခေါင်းကိုခါရမ်းလိုက်လေတော့သည်။

◆ ◆ ◆



ဆန္ဒတွေလွန်ကဲပြီး ဖြစ်ချင်ရာကို
စွတ်လုပ်တတ်တာကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

# လောကထဲရောက်လာမည့်သူ

"မိုးဇော် ... မမဇော် မင်းသမီးလုပ်ဖို့ မင်းခွင့်ပြုလိုက်တာလား"

သူငယ်ချင်းဖြစ်တဲ့ ဒေါက်တာရဲမာန်နှင့် ဟိုတယ်မှာညစာစားကြတော့ ရဲမာန်ကမေးခြင်းဖြစ်သည်။

"ငါနဲ့ မမဇော်အကြောင်း အစအဆုံး မင်းသိနေတာပဲ ရဲမာန်ရယ် ငါခွင့်မပြုလည်း သူလုပ်မှာပဲ"

"အေးလေ _ အချိန်ကြာတော့ မမဇော်ပြောင်းလဲသွားမလားလို့ပါ ရုပ်ရှင်ကုမ္ပဏီကိုလည်း သူဘာသာထောင်တာမလား"

မိုးဇော်က အသားဖတ်တစ်ဖတ်ကို ယူစားရင်း ...

"သူ့ဘာသာ ဘာမှမလုပ်တတ်ဘူး ... ငါ့မန်နေဂျာမောင်ဦးကို ခိုင်းတာ"

"ပထမဆုံး ကားလေးမဆိုးဘူး _ မင်းသားက နာမည်ကြီးပေမယ့် မမဇော်သရုပ်ဆောင်မှုက အတွေ့အကြုံရင့် မင်းသမီးတွေအတိုင်းပဲ တစ်ကား





ထဲနဲ့လူတော်တော်သိသွားတယ်"

"သူစန်းပေါ့ကွာ _ သူကပြောတယ် ရဲမာန်၊ ဦးမိုးဇော်ရဲ့ဇနီးဖြစ်တာ စီးပွားရေးပိုင်းကလူတွေပဲသိမှာတဲ့ ...

ရုပ်ရှင်မင်းသမီးဖြစ်ရင် တစ်နိုင်ငံလုံးကသိမှာတဲ့လေ ... "

မိုးဇော်ပြောတာကို ရဲမာန်ကပြုံး၍ ...

"မင်းက မမဇော် မင်းသမီးဖြစ်သွားတာကို သဝန်တိုနေတာပေါ့"

"နိုး ... နိုး ငါသဝန်မတိုဘူး ... သူလုပ်ချင်ရာလုပ်နေတာကို ငါကြည့်နေတာ _ အလုပ်လုပ်တော့လည်း အစွမ်းအစတက်တာပေါ့ကွာ"

"ဂျာနယ်၊ မဂ္ဂဇင်းတွေရဲ့ အင်တာဗျူးတွေမှာ သူဟာ သူဌေး ဦးမိုးဇော်ရဲ့ ဇနီးပါလို့တော့ ပြောတယ်"

"အဲဒါတော့ဟုတ်တယ် _ ရဲမာန် _ မမဇော်ကပွင့်လင်းတယ် . မကွယ်ဝှက်တတ်ဘူး _ ပြတ်သားစရာရှိ ပြတ်သားတယ် သူရတဲ့ငွေတွေနဲ့ ကုမ္ပဏီထောင်ဖို့ ငါ့ဆီကယူထားတဲ့ ငွေကိုပြန်ဆပ်တယ်"

"လင်မယားချင်းပဲကွာ ... "

"ငါက မတောင်းပါဘူး _ သဘောက သူ့မှာအစွမ်းအစရှိတယ်၊ ငါ့ငွေကိုခထာရင်းတာပေါ့ ... "

ရဲမာန်က မိုးဇော်နှင့်မမဇော်တို့ တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရေးကို လုံးဝသဘောမကျ ...

"မင်းတို့နှစ်ယောက်က အပေးအယူဆန်နေတာ ငါသဘောမကျဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတတ်နိုင်မလဲ ... ရဲမာန်ရယ် ဒီလိုပဲဖြစ်နေတာ ... ဒီအတိုင်း ပဲ လျှောက်ရမှာပေါ့"

"မမဇော်ကို ကလေးယူခိုင်းပါလား"

"ဟင်"

ရဲမာန်ရဲ့ အကြံပေးမှုကို မိုးဇော်အံ့သြသွားသည်။ ကလေးယူ ကိစ္စကို သူတစ်ခါမှ မစဉ်းစားခဲ့ ...

"ဘာအံ့သြတာလဲ မိုးဇော် ... အိမ်ထောင်သည်ပဲ ကလေးယူတာ ဘာဆန်းလဲ ... "

"မမဇော်နဲ့ ငါ ဒီအကြောင်းတစ်ခါမှ မပြောဖူးကြဘူး ... သူလက်ခံ မယ် မထင်ဘူး ... အခုဆို မင်းသမီးဖြစ်တော့ ပိုဆိုးမယ် ... "

"ဆွေးနွေးကြည့်ပေါ့ ... ကလေးရရင် မမဇော်လည်း စိတ်ပြောင်း သွားနိုင်တယ် ... ကလေးကြောင့်ပဲ အိမ်ထောင်ရေးသာယာနိုင်တယ်လေ"

မိုးဇော်ငိုင်သွားသည်။ ရဲမာန်ပြောတာမှန်နေ၏။ အခု သူ့ အိမ်ထောင်ရေးက အတူနေတာပဲရှိတယ် ဘာတစ်ခုမှနွေးထွေးမှုမရှိ ...

"ငါထင်တာပြောရင် မမဇော် ငြင်းမှာကျိန်းသေပဲ ရဲမာန်"

"သူငြင်းလည်း ငါရအောင် လုပ်နိုင်တယ်"

"ဘယ်လို ... "

ရဲမာန်က အေးစက်စက်ပြုံး၍ ...

"မင်းတို့ကျန်းမာရေးကို ငါတာဝန်ယူထားတာလေ ... မမဇော် ကိုယ်ဝန်တားဆေး လစဉ်ထိုးနေတာပဲ ... ငါ တားဆေးအစား အားဆေးထိုး လိုက်မယ် ... "





"ဟာ ... ရဲမာန် ဖြစ်ပါ့မလား"

"သူမှာ ကိုယ်ဝန်ရှိသွားရင် ပြီးပြီပဲ ... သူဘယ်လိုငြင်းမလဲ မလိုချင် လို့ ဖျက်ရင် မင်းသမီးဖြစ်နေတော့ သတင်းပေါက်မှာ သူကြောက်မယ်လေ

သူယူမှာပါ ... မိန်းမတွေက သားသမီးရလာရင် စိတ်ပြောင်း တတ်တယ် ... "

ရဲမာန်ပြောတာကို လေးနက်စွာ တွေး၍ မိုးဇော်က –

"အောင်မြင်အောင်လုပ်ကွာ ... မင်းကျေးဇူး ငါမမေ့ဘူး"

"အေး ... "

နှစ်ယောက်သား အအေးခွက်ချင်းတိုက်လိုက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာ ... ဘယ်လို"

ရှုတင်မှာ ခေါင်းတွေမူးပြီး ခဏာခဏာအန်သဖြင့် အနီးရှိဆေးခန်းတစ်ခုကိုပြရာ ဆရာဝန်က ...

"ခင်ဗျားမှာ ကိုယ်ဝန်ရှိနေပြီ"

မမဇော် ဘယ်လိုမှမယုံနိုင် ... သူ လစဉ်ဆေးပုံမှန်ထိုးနေကြ၊ ကိုယ်ဝန်က ရှိစရာအကြောင်းမရှိ ...

"သရဖီ ... ငါ့ကိုအိမ်ပြန်ပို့စမ်း"

"ဟုတ်ကဲ့ ... မမ"

ဆေးခန်းကအပြန် ရှုတင်သို့မသွားတော့ဘဲ အိမ်သို့သာတန်းပြန်လာသည်။ သရဖီက ကားမောင်းရင်း ...

"မမ ... ကိုယ်ဝန်ရှိနေပြီဆိုတော့ ရိုက်လက်စကားတွေ နားရမှာပေါ့"



Kaung / YYA (1134)128



မေးတော့ မမဇော်က ...

"ငါအခုမှ အောင်မြင်စပဲရှိသေးတယ် ကိုယ်ဝန်ရလို့ မဖြစ်ဘူး သရဖီ"

"အို ... အဲလိုလုပ်လို့မရဘူး ... မမ ... မမကိုယ်ဝန်ရှိတာကို ဟိုဆေးခန်းက ဆရာဝန်သိသွားတယ် ... ဆေးခန်းမှာလည်း လူနာတွေ သိသွားတယ် ...

တဆင့်စကား တဆင့်နဲ့ သတင်းဖြစ်သွားမှာ ... မမ ကိုယ်ဝန်ဖျက်လိုက်ရင် နာမည်ပျက်မှာပေါ့"

သရဖီကစဉ်းစဉ်းစားစားနှင့်ပြောသည်။

"မသိဘူး ... ဟာ၊ ငါသေတာ သေချင်တယ် ... ပုံမှန်ဆေးထိုးနေရက်နဲ့ အခုလိုဖြစ်တာ မရိုးသားဘူး ... ဒေါက်တာရဲမာန်က ဦးမိုးဇော်သူငယ်ချင်း သူတို့နှစ်ယောက် ငါ့မှာကိုယ်ဝန်ရှိအောင် ကြံတာပဲနေမှာ ..."

"မမရယ် ... ကိုယ်ဝန်ရှိတော့လည်း မွေးပေါ့ ... ရိုက်ထားတဲ့ကားတွေလည်း ရှိတာပဲ"

"သရဖီ ဦးမိုးဇော်ဆီ ဖုန်းခေါ်လိုက် ... အိမ်ကိုပြန်လာခဲ့လို့"

သရဖီက ပြုံး၍ ... မမဇော်အား ...

"ယောကျ်ားကို ဝမ်းသာအောင် ... ပြောမလို့လား မမ ..."

"ဝမ်းသာအောင်ပြောမလို့ ... မဟုတ်ဘူး ... ဟော့ ... စာရင်းရှင်းမလို့ ..."

လေသံမာမာနှင့်ပြောသည့် မမဇော်ကြောင့် သရဖီလည်း ဘာမှဆက်မပြောတော့ဘဲ ... ကားကိုသာ ဂရုတစိုက်မောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုတိုင်းတ ရနိုင်သည့် မမဖော်လိုလူမျိုးတစ်ယောက်က လင်ယောကျ်ားနှင့် ပတ်သက်ရင် အမြဲစိတ်တိုနေတတ်တာကို သရဖီသိသည်။

မမဖော် အမြဲပြောလေ့ရှိတဲ့ စကားက ...

"ဦးမိုးဖော်ကို ငါမချစ်ဘူး ... ငါဖြစ်ချင်တာတွေ ဖြစ်ရအောင် ဦးမိုးဖော်ကို ငါယူတာ ... "

ရုပ်ရည် အရှိန်အဝါ ခန့်ကြွယ်ဝမှုတို့ဖြင့် ပြည့်စုံနေသော ဦးမိုးဖော်လိုလူမျိုးကို မမဖော် ဘာလို့မချစ်နိုင်တာလဲ တွေးမရအောင် ဖြစ်ရလေတော့သည်။



ဓာတ်ပုံထဲက ပုံကိုကြည့်နေပေမယ့်
စိတ်ညာဉ်က သူ့အနားမှာဆိုတာ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)
## လိပ်ပြာစေရာ

"ကျွန်မက ရှင့်သဘောအတိုင်း ကလေးမွေးပေးပြီးပြီ ... ကလေးထိန်းဖို့ ပြုစုဖို့ နာနီတစ်ယောက်သာငှားလိုက် ကျွန်မအလုပ်နဲ့ မအားဘူး"

မမဖော်က ဦးမိုးဖော်ရှေ့လာထိုင်၍ ပြတ်ပြတ်သားသား ပြောရာ ဦးမိုးဖော်က ...

"မင်းက အမေ မဟုတ်ဘူးလား ... သားသမီးကိုပြုစုပျိုးထောင်ပေးရမယ် ... တာဝန်ရှိတယ်လေ ... "

"အစည်းအဝေးတွေ ရေးအစွဲတွေ ကျွန်မလက်မခံဘူး ... ကျွန်မအလုပ်လုပ်ရမယ် ... ကလေးထိန်းပြီး အချိန်ကုန်မယ့်နေရာမှာ အကျိုးရှိတဲ့အလုပ်လုပ်မယ် ... ရှင်ဟာ အရည်အချင်းပြည့်ဝတဲ့သူပဲ ပြီးတော့ ရှင့်ကြွယ်ဝမှုနဲ့ ဆရာဝန်တစ်ယောက်ကို အချိန်ပြည့်ကလေးဘေးမှာ ထားလို့ရတယ်၊





နာနီတွေအများကြီးငှားထားလို့ရတယ် ... ကျွန်မရှိမှ မဟုတ်ပါဘူး"

တစ်ကိုယ်ကောင်းဆန်စွာပြောသည့် မမဖော်ကို ဦးမိုးဖော် ဘယ်လိုပြန်ပြောရမှန်းမသိတော့ ...

သမီးလေးက အသားဖြူဖြူ ဝဝတုတ်တုတ်ချစ်ရာလေး ကလေးသုံးလအထိတော့ မမဖော်ကနို့တိုက်သည်။ သုံးလကျော်တော့ နို့မတိုက်တော့ ... ။

ရှူတင်၌သာ အချိန်ကုန်နေသည်။

ဦးမိုးဖော်က နာနီလေးဦးကို နေ့နှစ်ယောက်ညနှစ်ယောက်ထားကာ ထိန်းကြသည်။

တစ်ခါတရံ မမဖော်က နယ်သို့ ကားရိုက်ထွက်သည့်အခါ တစ်လလောက် ကြာတတ်သည်။

ပြန်လာတော့လည်း ကလေးကို တယုတယမရှိ ... သာမန်အနေနဲ့သာ ဆက်ဆံသည်။

တစ်ရက် ...

"မမဖော် မင်းကိုပြောစရာရှိတယ် ... ထိုင်ပါဦး"

ရှူတင်ကပြန်လာပြီး အခန်းထဲ ဝင်မည်ပြုတဲ့ မမဖော်ကို ဦးမိုးဖော်က လှမ်းပြောတော့ ထိုင်ခုံတွင် ဝင်ထိုင်သည်။

"ဘာကိစ္စလဲ ... ဦးမိုးဖော်"

"လာမယ့် ဆန်းဒေးမှာ . . . ကလေးတစ်နှစ်ပြည့်မွေးနေ့လုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မမဇော်က ဦးမိုးဇော်ပြောတာကို နားထောင်ရင်း အသာငြိမ်၍ စဉ်းစားပြီး ...

"ကျွန်မ အဲဒီနေ့ မအားဘူး ... အခုရိုက်နေတဲ့ ရုပ်ရှင်ကားကြီး ဇာတ်သိမ်းရိုက်မှာ ... "

"ရက်ရွှေ့လိုက်ပေါ့ကွာ ... ကလေးမွေးနေ့က အရေးကြီးတာပဲ"

"မှန်ပါတယ် ဒါပေမယ့် ... ကျွန်မတစ်ယောက်ဖျက်လိုက်တာနဲ့ အစီအစဉ်တွေ အကုန်လွဲကုန်မယ် ... မင်းသားကို ရိုက်ရက်ပြန်ယူ ဇာတ်ရဲ တွေ ပြန်ချိန်းနဲ့ မလွယ်ဘူး ... "

မမဇော်ကိုကြည့်၍ ဦးမိုးဇော် အလွန်ဒေါသထွက်သွားသည်။

"ကိုယ့်သမီးမွေးနေ့ထက် ဘယ်အရာက အရေးပိုကြီးနေလဲ ... မင်းလုပ်ရပ်တွေ မလွန်ဘူးလား ... မင်းဟာ မိခင်တစ်ယောက်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိရဲ့လား မမဇော် ... "

"ရှင် ကျွန်မကိုလာမအော်ပါနဲ့ ... သံသာသာဟာ ကျွန်မရဲ့သမီးမှန်း တစ်နိုင်ငံလုံးကသိတယ် ... ကျွန်မမှာ ကလေးမရှိပါဘူးလို့ ကွယ်ဝှက်ထားလို့ လား ... မမဇော်ရဲ့သမီး သံသာသာရဲ့ ပုံရိပ်တွေ ဂျာနယ်တိုင်းမှာပါခဲ့တာ ပဲ"

"အဲဒါနဲ့ ... မိခင်တစ်ယောက်ရဲ့ တာဝန်ပြီးပြီပေါ့ ... ဟုတ် လား"

"ကျွန်မအလုပ် ကျွန်မလုပ်နေတာ စကားတွေအများကြီးပြောမနေနဲ့ ရှင့်ဘာသာ ကလေးနဲ့မွေးနေ့ပွဲ ကျင်းပလိုက်"





မမဇော်က မတ်တတ်ထရပ်ကာ သူ့အခန်းထဲသွားမယ်လုပ်တော့ ဦးမိုးဇော်က မမဇော်ပခုံးကို ဆွဲကိုင်၍ ဖိချလိုက်ရာ ထိုင်ခုံပေါ်ဖင်ထိုင်ကျသွား သည်။

"ရှင် ဘာလုပ်တာလဲ"

"မင်း လုပ်ရပ်တွေ လွန်လွန်းနေပြီ ... ငါမပြောချင်လို့ကြည့်နေ တာ သိပ်အတ္တမကြီးနဲ့ ... "

"ကျွန်မက အတ္တကြီးတယ် ... တစ်ကိုယ်ကောင်းဆန်တယ် ... ဘာဖြစ်လဲ ... လူဆိုတာ ကိုယ့်အကျိုးပဲ ကိုယ်ကြည့်ကြတာပဲ"

"မင်း ဘာဖြစ်ချင်လဲ ပြော ... "

"ကျွန်မအလုပ် ကျွန်မဆက်လုပ်မယ် ... ရှင် တားခွင့်မရှိဘူး"

ဦးမိုးဇော်က အံကိုတင်းတင်းကြိတ်၍ ...

"ရတယ် ... မင်းလုပ်ချင်တာကို စည်းလွတ်ဝါးလွတ် ဆက်လုပ် နေမယ်ဆိုရင် ငါနဲ့ကွာရှင်းလိုက်ပါ ... "

"ဟင်"

မမဇော် ဘယ်လိုမှ ထင်မထားသည့် စကားကြားရတာကြောင့် ဦးမိုးဇော်ကို အံ့သြစွာကြည့်လိုက်သည်။

ပြီးမှ ...

"ရတယ် ... ကျွန်မက ကျွန်မခံယူချက်ကိုပြောင်းမှာမဟုတ်ဘူး ရှင်နဲ့ကျွန်မ ကွာရှင်းမယ် ... ရှင့်ပိုင်ဆိုင်မှု တစ်ခုမှမယူဘူး ...

မနက်ဖြန်ကျရင် ... လိုအပ်တာ ရှင်အဆင်သင့်လုပ်ထား လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ပြော၍ အခန်းထဲဝင်သွားသည်။ ဦးမိုးဇော်က ထိုင်ခုံပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေတော့သည်။

◆ ◆ ◆



"ကဲ ... ရောက်ပြီ ဆင်းကြတော့"

လူကြီးတစ်ယောက်ရဲ့ အသံကြားမှ မမဇော်လည်း ဖျတ်ခနဲအသိဝင်လာသည်။

"အိမ်ရောက်နေပါလား"

ကားပေါ်ကဆင်းသည့် မောင်မိုးဘေးနားကပ်၍ အိမ်ထဲဝင်လာသည်။ ဒီခြံနဲ့အိမ်ကြီးက သူ့ပိုက်ဆံနှင့်ဝယ်ထားခြင်းဖြစ်သည်။

အိမ်မှာတော့ သူ့မန်နေဂျာမလေး သရဖီနှင့်နေထိုင်ကာ အလုပ်သမား တချို့ကို သူနေရာနှင့်သူငှားထားသည်။

အိမ်က နာရေးအိမ်ဆိုတော့ လူတွေက မနည်းလှ ... ဝိုင်းထိုင် စုဖွဲ့ပြီး စကားပြောနေကြ၏။

"ဟင် ... ဦးမိုးဇော်နဲ့ သမီးလေး"

အခန်းထောင့်ကထိုင်ခုံတစ်လုံးပေါ်မှာထိုင်၍ နံရံ၌ချိတ်ဆွဲထားသည့် သူ့ဓာတ်ပုံကိုငေး၍ ကြည့်နေသည်။ ဦးမိုးဇော်ရဲ့ဘေးမှာတော့ သမီးလေးက ငြိမ်၍ ထိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးရဲ့ ပါးပေါ်မှာတော့ မျက်ရည်စီးကြောင်းတွေ သမီးလေးနားကို သူတဖြည်းဖြည်းကပ်သွားတယ် ...

ပြီးတော့ ...

သမီးလေးထိုင်နေတဲ့ ထိုင်ခုံအောက်ကြမ်းပြင်မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ... သူ့မျက်ဝန်းကကျလာတဲ့ မျက်ရည်တွေနှင့်အတူ ...

"သမီးလေ ... မာမီ မာမိုကိုကြည့်ပါဦး"

"ဟင်"

သမီးလေးက သူပြောတာကိုပဲ ကြားတာလား ... ဒါမှမဟုတ် မိခင်နှင့် သားသမီးတို့ရဲ့ မေတ္တာအဆက်အနွယ်ကြောင့်လားမသိ ... သူ့ကို တွေတွေလေးကြည့်နေတယ် ...

"သမီး ... မာမိုကို မြင်လား ... မာမီ သမီးရှေ့မှာလေ"

သူ အားရဝမ်းသာပြောတော့ သမီးလေးရဲ့ နှုတ်ဖျားက လေသံတိုးတိုးနှင့် ...

"မာ ... မာမီ"

"ဟာ ... ဟုတ်တယ် သမီး ... မာမီပါ ... သမီးရှေ့မှာလေ"

သူ့အားရဝမ်းသာစွာပြောတော့ သမီးလေးက ထိုင်ခုံပေါ်က လျှောဆင်းလိုက်ပြီး ...

"မာ ... မာမီ ဒီနားမှာရှိနေတယ်မလား ... သမီး မာမီကိုမတွေ့ဘူး"

"ဟင်"





တကယ်တော့ သမီးလေးက သူ့ကိုမမြင်ပါ ... သူ အရမ်းဝမ်းနည်းသွားတယ် ...

သမီးလေးရဲ့ အပြုအမူနဲ့အသံကြောင့် ဦးမိုးဇော်က ဓာတ်ပုံကြီးကို ကြည့်နေရာမှ သတိဝင်လာကာ သမီးလေးကိုကောက်ချီလိုက်သည်။

"သမီး လာ ... ဘာဖြစ်တာလဲ"

"ပါးပါး မာမီ ဒီနားမှာရှိနေတယ် ... သမီး မာမီအသံကြားရတယ်"

"ဟင်"

ဦးမိုးဇော် အရမ်းအံ့သြသွားတယ် ... သမီးလေး မျက်နှာကိုကြည့်ပြီး

"သမီး မာမီကိုသမီးတွေ့နိုင်တော့မှာ မဟုတ်ဘူး ... သမီး မာမီက သေသွားပြီလေ ..."

"မဟုတ်ဘူး ... ကျွန်မ ရှင်တို့နားမှာရှိတယ် ဦးမိုးဇော်"

သူ အသံကုန်ဟစ်လိုက်ပေမယ့် ဦးမိုးဇော်က မကြား သမီးလေးကို ဖြေသိမ့်နေရင်းမှ ဦးမိုးဇော်က ...

"မမဇော် ... မင်းဟာ တကယ်မိခင်ကောင်းတစ်ယောက်ဆိုရင် သမီးလေး အထိတ်တလန့်ဖြစ်အောင် မလုပ်ပါနဲ့"

ပြောလိုက်ရာ မမဇော်ရင်ထဲ ဆို့နင့်ကြေကွဲစွာဖြင့် သမီးလေးကိုကြည့်ကာ သူစန္ဒာယားတီးရာအခန်းသို့ ထွက်လာခဲ့တော့တယ်။

သမီးလေးရဲ့ မျက်လုံးဝိုင်းဝိုင်းလေးက မျှော်လင့်တကြီးနဲ့ မိခင်ကို ရှာဖွေလို့နေတာကို သူ မခံစားနိုင်တော့ ...

တကယ် မေတ္တာစစ်နဲ့ တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးအ...



www.burmeseclassic.com

www.burmeseclassic.com



မသာယာခဲ့တဲ့ သူ့ရဲ့မိုက်ပစ်တွေရဲ့အဆုံးကတော့ မျက်ရည်တွေပဲဖြစ်တော့တယ်လေ။

သူတစ်ယောက်တည်း တစ်ခါတစ်ရံ စန္ဒယားတီးတတ်သည့် အခန်းကတော့ ကျယ်ဝန်းလှသည်။

အခန်းတစ်ခုလုံးမှာ ဘာပစ္စည်းမှမထား စန္ဒာယားအနက်ကြီးတစ်လုံး သာချထား၏။

သူဖခင်က စန္ဒာယားဆရာတစ်ယောက်မို့ သူလည်းစန္ဒယားကိုကောင်းစွာတီးတတ်သည်။ စန္ဒာယားခလုတ်တွေနှင့် သူငယ်စဉ်တည်းက ၎င်းနှီးခဲ့၏။

စန္ဒယား ပညာရပ်ကိုလည်း အမြတ်တနိုးရှိခဲ့သည်။

သူ စန္ဒယားရှေ့ကထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ် ...

ပြီးတော့ ...

ခလုတ်ဖြူဖြူလေးတွေပေါ် သူ့လက်စမ်းတီးလိုက်တယ် ...

"ဟင်"

ဘယ်လိုမှ လှုပ်ရှားမသွားတဲ့ ခလုတ်ဖြူဖြူလေးတွေ ...

"ငါ ... ငါဘာလုပ်ရမလဲ"

သူဖွဲ့တော့မလျှော့ ထပ်ကြိုးစားကြည့်တယ် ...

မရပြန် ... အသံကဘယ်လိုမှမထွက် အကြိမ်ကြိမ်ကြိုးစားတယ် ဘယ်လိုမှအသံမထွက်တဲ့အဆုံး စန္ဒယားခလုတ်ပေါ် မျက်နှာမှောက်ချကာ အားရပါးရကို ရှိုက်ငိုလိုက်တော့တယ်လေ ...

ဘယ်အချိန်ထိ ငိုမိမှန်းမသိ ...





ခေါင်းမော့၍ အပြင်ဘက်ကို ပြတင်းပေါက်ကတစ်ဆင့်ကြည့်လိုက်တော့ ညက မှောင်လို့နေပြီး ...

"မာမီ"

"ဟင်"

သူလှည့်ကြည့်လိုက်တော့ အခန်းဝမှ သမီးလေး သံသာသာ ...

"မာမီ ဒီအခန်းထဲမှာလား ဟင်"

သမီးလေးရဲ့ အမေးကိုသူဖြေလည်း ကြားမှာမဟုတ် ... သူ တစ်ခုခုလုပ်ပြမှ ဖြစ်မည်။

ထို့ကြောင့် ...

စိတ်အာရုံကိုနှစ်ကာ စန္ဒယားခလုတ်ပေါ် လက်ကိုဆောင့်ချလိုက်လေရာ ...

"ဒေါင် ... "

စန္ဒယားအသံက ကျယ်လောင်စွာထွက်ပေါ်လို့ လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

*သူ ... နှုတ်ဆက်ပြီးရင် တမလွန်ကိုအပြီး သွားတော့မှာပါ ... အဲဒီအခါမှာ ...*

## အခန်း (၁၅)
## ဝိညာဉ်ဓါခံစားချက်

"ကျွန်တော် တကယ်ပြောတာပါ အစ်ကို _ မမ ကျွန်တော့်ဆီကို တကယ်ရောက်ခဲ့တာပါ _ သူ့ကို တစ်ယောက်ယောက်က ညဘက် ဖိတ်စာလာပေးပြီး နောက်တစ်နေ့မှာ သူပျောက်သွားတယ် _

ကျွန်တော်လည်း အိပ်ရာကနိုးကတော့ ဆေးရုံပြန်ရောက်နေတယ် ကျွန်တော်သိရသလောက်က မိုင်နှစ်ဆယ်ကိုလာတဲ့ ကျွန်တော့်ကားနဲ့ မိုင်နှစ်ဆယ်ကနေပြန်လာတဲ့ မမရဲ့ကား တိုက်တိုက်ဆိုင်ဆိုင် လမ်းမှာတိုက်မိကြတာပါ"

မွန်းတည့်က မမဇော်နာရေး ရက်လည်ပြီးနောက်တစ်ရက်မှာ မမဇော် အိမ်ကိုရောက်လာတော့ ဦးမိုးဇော်နဲ့တွေ့ပြီးရှင်းပြ၏။

"မဖြစ်နိုင်ဘူးလို့ အစ်ကိုမပြောချင်ဘူး ... ဘာလို့လဲဆိုတော့ မမဇော်ရဲ့အငွေ့အသက်တွေ ဒီအိမ်မှာရှိနေတုန်းပဲ ငါ့ညီ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... မမ ဒီအိမ်မှာရှိနေတယ်ပေါ့"

မွန်းတည့်က တအံ့တသြမေးလိုက်၏။

"အစ်ကို မဖြေချင်ဘူး ... အစ်ကို့သမီးလေးက သူ့ကိုအမေဆိုတဲ့ အသိနဲ့ အရမ်းတွေ့ချင်ရှာတယ် ... သေသွားပြီဆိုတဲ့ အမိပ္ပါယ်ကို သူမသိဘူး ...

မမဇော်ကလည်း သူ့သမီးကို သူဒီမှာရှိနေတယ်ဆိုတာကို ကြိုးစားပြီး သူ့နည်းသူ့ဟန်နဲ့ ပြချင်ပုံရတယ် ... တကယ်တမ်း ပြောရရင် အဲဒါတွေက မကောင်းဘူး ...

တစ်ယောက်နဲ့ တစ်ယောက်က ဘဝတွေခြားသွားကြပြီပဲ ... အစ်ကို အခုနေ ပြန်သွားရင် သမီးလေးပိုခံစားရမှာစိုးလို့ မပြန်သေးတာပါ ... ပြီးတော့ မမဇော်ကို ဘဝသစ်တစ်ခုကို စိတ်ဖြောင့်ဖြောင့်နဲ့ ရောက်သွားစေချင်တယ်"

ဦးမိုးဇော်က မွန်းတည့်အား စိတ်ရှည်လက်ရှည်ရှင်းပြသည်။

မွန်းတည့်က ခေါင်းကို အောက်ငုံ့ကာနားထောင်နေရင်းမှ ...

"အစ်ကို မမအတွက် ဘာလုပ်ပေးမယ်လို့ စိတ်ကူးထားလဲ"

"မမဇော် ... တမလွန်ကိုအပြီးသွားဖို့ သူနှုတ်ဆက်ချင်တဲ့လူကို နှုတ်ဆက်ပြီးရင် သွားမယ်လို့ အစ်ကိုထင်တယ် ... "

"ဘယ်လိုလဲ ... အစ်ကို ... အစ်ကိုပြောတာ ကျွန်တော်နားမလည်ဘူး"

မွန်းတည့်ကပြောတော့ ဦးမိုးဇော်က အိမ်အပြင်ဘက်သို့ ရီဝေစွာကြည့်ပြီး ...





"လူတွေဟာ သူတို့ဇာတ်သိမ်းရင် အမှားအမှန်ကိုသိတယ် ... ရင်ထဲက ခံစားချက်အစစ်အမှန်ကို ပြတတ်ကြတယ် ... အဲဒီအခါမှာ တစ်ဘက်ဘက် သူ့ခံစားချက်ကို နားလည်ပေးလိုက်ရင် စိတ်ဖြောင့်သွားတတ်တယ် ...

သူတို့သွားလိုရာကို စိတ်ဖြောင့်ရင်သွားလို့ရပြီပေါ့"

"အစ်ကိုပြောသလိုဆို မမက သူ့ရင်ထဲက ခံစားချက်ကို မပြောခဲ့ရလို့ ဒါမှမဟုတ် မပြခဲ့ရသေးလို့ မကျွတ်မလွတ်ဖြစ်နေတာပေါ့ ... "

ဦးမိုးဇော်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... အစ်ကိုက မမဇော်ဟာ အစ်ကို့ဇနီးသာဖြစ်ခဲ့တာ သူ့ဆီက အစ်ကို ဘာမှမရခဲ့ဘူး ... အစ်ကို့ကြောင့်တော့ဖြစ်မယ်မထင်ဘူး

သူတကယ်နှုတ်ဆက်ချင်တာက အစ်ကို့အထင်တော့ သမီးလေးနဲ့ ငါ့ညီပဲဖြစ်မှာပါ ... "

" ... "

မွန်းတည့် ဘာမှမပြော ခေါင်းစိုက်ကာ ငြိမ်နေသည်။ ဦးမိုးဇော်က ဆက်၍ ...

"လာမယ့် ဆန်းဒေးညမှာ မမဇော်ဝိညာဉ်နဲ့တွေ့ဖို့ အစ်ကိုစီစဉ်ထားတယ်"

"ဘယ် ... ဘယ်လို"

မွန်းတည့်က ခေါင်းမော့ကာ ဦးမိုးဇော်ကိုကြည့်၍ စိတ်ဝင်တစားနှင့် မေးသည်။

"အစ်ကို့မိတ်ဆွေ မနောပညာရှင်တစ်ယောက်ပါ ... သူက ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ဆက်သွယ်နိုင်တယ် _ မနောပညာရပ်နဲ့ ပတ်သက်ပြီး ပညာအတော်ပြည့်သူတစ်ယောက်ပဲ ... မမဇော် ကျွတ်ဖို့ သူကူညီနိုင်မှာပါ''

''သူက ဘယ်လိုလုပ်မှာလဲ အစ်ကို ...''

''ဆန်းဒေးညပွဲမှာ ငါ့ညီတွေ့မှာပါ _ ငါ့ညီသေချာလာရမှာနော် ဘာလို့လဲဆိုတော့ မမဇော်က ငါ့ညီကို တော်တော်ချစ်တယ်လို့ အစ်ကိုသိထားလို့ပဲ''

ဦးမိုးဇော် စကားကြောင့် မွန်းတည့် မျက်နှာပူခနဲဖြစ်သွားသည်။ မမဇော်ရဲ့ ခင်ပွန်းဟောင်း မမဇော်ဖြစ်လာဖို့ အရာရာကူညီခဲ့တဲ့သူ ...

ပြီးတော့ ...

မမဇော်အပေါ် အလွန်ချစ်ရှာသည့် လူတစ်ယောက်ဆိုတာ မွန်းတည့် သိနေလို့ပဲ ဖြစ်တော့သည်။



# နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

နီညိုရောင် ဝတ်ရုံအရှည်ကြီးကိုဝတ်ထားသည့် အသက်သုံးဆယ်ဝန်းကျင် ယောက်ျားတစ်ယောက် ရှည်လျားလှသည့် ဆံပင်ရှည်တို့ရဲ့အောက်က လေးထောင့်ကျကျ မျက်နှာ။

မျက်ခုံးထူထူအောက်က တောက်ပသည့်မျက်လုံးနှစ်လုံး စင်းနေသည့် နှာတံ ပါးလွှားသည့်နှုတ်ခမ်း ခပ်ရေးရေးရှိသည့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့က ယောက်ျားပီသစွာ ချောမောလှပလွန်းသည်။

သို့သော် ...

သူလုပ်သည့်အလုပ်က မနောနှင့်ဝိညာဉ်တွေကိုဆက်သွယ်ပေးတဲ့ အလုပ် ...

ထိုပညာရပ်ဖြင့် သူကူညီခဲ့သည့်သူတွေမနည်းတော့ ...

နိုင်ငံတကာ မနောပညာရှင်အသင်းကပေးတဲ့ ဘွဲ့ထူးတွေကိုတောင် သူ ရခဲ့ပြီးပြီ ...





အခု သူကူညီပေးရမည့် ဝိညာဉ်က မမဇော်ဆိုသည့် နိုင်ငံကျော် ရုပ်ရှင် မင်းသမီးတစ်ယောက်ရဲ့ ဝိညာဉ် သူ လက်ကနာရီကိုကြည့်လိုက်သည်။ အချိန်က ညဆယ်နာရီထိုးဖို့ ငါးမိနစ်အလို ...

"ကိုမိုးဇော် ... စလိုက်ရအောင်"

"ဟုတ်ကဲ့ ... ကိုမြတ်ထွဋ်မာန်"

ဦးမိုးဇော်က ခေါင်းညိတ်ရင်းပြောပြီး မနောပညာရှင်လျှောက်သွားသည့်နောက် လိုက်လာတယ် ... အခန်းတစ်ခုရှေ့ရောက်တော့ မနောပညာရှင်က ဦးဆောင်ဝင်သွားတယ် ...

မီးချောင်း အလင်းရောင်ကြောင့် အခန်းတစ်ခုလုံးက လင်းထိန်လို့နေတယ် ... အခန်းအလယ်တည့်တည့်မှာရှိတဲ့ စန္ဒယားနားရောက်တော့ သူရပ်လိုက်ပြီး အခန်းထဲဝင်လာတဲ့သူတွေဘက်လှည့်ပြီး ...

"အားလုံးကြမ်းပြင်မှာ ထိုင်ကြပါ ... လွတ်လွတ်လပ်လပ် ထိုင်လို့ရတယ် ... တစ်ခုတော့ရှိတာက ကြောက်တတ်ရင်ပဲဖြစ်ဖြစ် နောက်ပြောင်လိုရင်ပဲဖြစ်ဖြစ် ခုချိန်မှာ အခန်းထဲကထွက်သွားလို့ရပါတယ် ...

ကျုပ်အလုပ်စရင် ထွက်ခွင့်ပြုမှာမဟုတ်ဘူး ... ဘယ်လိုအကြောင်းနဲ့မှ အသက်ရှူသံကလွဲလို့ ဘာအသံမှထွက်ခွင့်မရှိဘူး ... ဝိညာဉ်ရောက်လာတဲ့အခါ စကားပြောတာ နှုတ်ဆက်တာ ဓာတ်ပုံရိုက်တာ မလုပ်ရဘူး ...

စည်းဖောက်ခဲ့ရင် ကိုယ့်အပြစ်ကိုယ်ခံရမယ် ... "

အတည်ငြိမ်ဆုံးလေသံ ကိုယ်နေဟန်အပြည့်နဲ့ပြောတဲ့ မြတ်ထွဋ်မာန်ရဲ့ စကားကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းတဲ့ လူသုံးယောက်လောက်



www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်ထွက်သွားတယ် ...

အခန်းထဲရှိ ပါကေးကြမ်းပြင်မှာ မမဇော်နဲ့ပတ်သက်တဲ့ လူဆယ်ယောက်လောက်သာ ကျန်တော့တယ် ...

သူတို့ဟာ အခန်းထောင့်တစ်နေရာမှာ တန်းစီကာနှစ်တန်းတန်းပြီး ထိုင်နေတယ် ... အခန်းရဲ့တံခါး ပြတင်းပေါက်အားလုံးက ဖွင့်လျက်ပဲ ...

မြတ်ထွဋ်မှာန်မှာ ပါလာတာက အဖော်တစ်ယောက်ပဲ သူကမီးထိုးသမား ... လျှပ်စစ်ဆလိုက်မီးကို သူ့ဆရာအလိုကျ အချိန်အဆမှန်မှန် အတိ အကျ မီးထိုးနိုင်သည်လေ ...

"ခုချိန်ကစပြီး အားလုံးငြိမ်ငြိမ်နေပါ ... ကျုပ်ဝိညာဉ်ကိုခေါ်တော့မယ်"

"ဖလပ် ... "

မြတ်ထွဋ်မှာန်ရဲ့ စကားအဆုံးမှာ အခန်းတစ်ခုလုံး မီးမှိတ်သွားသဖြင့် မဲမှောင်သွားသည်။

မြတ်ထွဋ်မှာန်က မတ်တတ်ရပ်လျက် ပါးစပ်ကတစ်စုံတစ်ခုကို ရွတ်ဆိုနေသည် အသံတော့မထွက် ...

ခဏအကြာမှာ မီးအလင်းရောင်က မြတ်ထွဋ်မှာန်ကိုယ်ပေါ်သို့သာ ကျလာတယ် ...

ဆယ်မိနစ် ဝန်းကျင်လောက်မှာ မြတ်ထွဋ်မှာန်အသားတွေ အနည်းငယ်တုန်လာသလို ပြတင်းပေါက်က အဖြူရောင်ပဝါစတစ်ခုလွင့်လာသလို ဖြူလွလွအရောင်တစ်ခု အခန်းထဲရောက်လာတော့တယ် ...





မြတ်ထွဋ်မှာန်က ...

"မင်းဘယ်သူလဲ ... "

အေးစက်စက်လေသံနဲ့ မေးတယ် ... ရှုတတနဲ့ အသံတစ်ခုက ပြန်ဖြေတယ် ...

"မမဇော် ... "

"ဟုတ်ပြီ ... မမဇော် ဟိုစန္ဒယားက မင်းတီးခဲ့တဲ့ စန္ဒယားပဲ မင်းငါ့ကို တီးပြစမ်း ... "

မြတ်ထွဋ်မှာန်က အမိန့်ဆန်ဆန်ပြောလိုက်တော့ ဖြူလွလွအရောင်တန်းဟာ တဖြည်းဖြည်းနဲ့ အဖြူရိပ်တစ်ခုလို ပီပြင်လာတယ် ...

သေချာကြည့်လိုက်တော့ မမဇော်ရဲ့ အရိပ် ...

ထိုအရိပ်က စန္ဒယားဆီသွားပြီး ထိုင်ခုံပေါ်ထိုင်ကာ စန္ဒယားကိုတီးတော့တယ် ...

စန္ဒယားသံ ငြိမ့်ငြိမ့်လေးထွက်လာတယ် ...

အသံက လွမ်းဆွေးဖွယ်ကောင်းလွန်းတဲ့ သံစဉ်တွေ ကြားရသူတွေရဲ့ မျက်လုံးထဲ မျက်ရည်တွေ စို့တက်လာတယ် ... သံစဉ်က တဖြည်းဖြည်းကျလာပြီး ခဏအကြာမှာပဲရပ်သွားတော့တယ် ...

မြတ်ထွဋ်မှာန်က ...

"မမဇော် မင်းကိုငါမေးမယ် ... ငါမေးတာ မင်းဖြေရမယ်"

"မေးပါ ... "

မမဇော်ရဲ့ ဖြူလွလွအရိပ်က စန္ဒယားတီးတဲ့ထိုင်ခုံရှေ့ကထလာပြီး မြတ်ထွဋ်မှာန်ရဲ့ မလှမ်းမကမ်းမှာရပ်နေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း လူ့ဘဝမှာနေခဲ့တာ ပြီးသွားပြီ ... ခုရောက်နေတာ ဝိညာဉ်ပဲ ဘာလို့ ဘဝသစ်တစ်ခုကို မကူးသေးတာလဲ ... "

"ကျွန် ... ကျွန်မ ခံစားချက်ကြောင့်ပါ"

ငိုရှိုက်သံရောစွက်ပြီးဖြေတယ် ...

"ဟုတ်ပြီ ... မင်းမှာ ဘာခံစားချက်ရှိလဲ ... ရှိတဲ့ ခံစားချက်ကို ပွင့်ပွင့်လင်းလင်းပြောပါ"

"ကျွန်မ ... သက်ဆိုင်သူကိုပဲပြောပါရစေ ... လူ့ဘဝတုန်းက ပြောခွင့်မရလိုက်ဘူး ... ကျွန်မနဲ့သူနဲ့ ပြန်မှမဆုံခဲ့တာ ဆုံပြီးပြောပြီးရင် ကျွန်မသွားတော့မှာပါ ... "

မြတ်ထွဋ်မှာန်က ခေါင်းတစ်ချက်ညိတ်တယ် ... ပြီးတော့

"ကောင်းပြီလေ ... ဟိုမှာ မင်းပြောချင်တဲ့တစ်ယောက်ရှိတယ် သူ့ ရှေ့သွားပြီးပြောပါ"

BURMESE CLASSIC .com

အခန်းထောင့်အမှောင်ထဲကို မြတ်ထွဋ်မှာန်က လက်ညှိုးထိုးကာ ပြောတော့ မမဇော်က တစ်လှမ်းချင်းလှမ်းလျှောက်သွားတယ် ...

တန်းစီထိုင်နေသူတွေရှေ့ မတ်တတ်ရပ်ပြီး သူပြောသူကို လိုက်ရှာတယ် ... မီးဆလိုက်အလင်းက တန်းစီနေသူတွေရဲ့ အပေါ်ဝေ့နေတယ် ...

တန်းစီထိုင်နေသူတွေထဲက တစ်ယောက်သောသူကို မမဇော်တွေ့သွားတော့ ...

မွန်းတည့်ရင်တွေ တဒိုင်းဒိုင်းခုန်လို့နေတယ် ... မမ သူ့ကိုသိပ်ချစ်ခဲ့တဲ့မိန်းမ ... သူ့ရှေ့မှာ မတ်တတ်ရပ်နေတယ် ... တမလွန်ကိုသွားဖို့





အတွက် သူ့ကို နှုတ်ဆက်တော့မယ် ...

မမရယ် မောင်ဆိုတဲ့ သံယောဇဉ်ကြိုးတစ်ချောင်းကို ဖြတ်ပစ်လိုက်ပါတော့ ...

မမဇော်ရဲ့ ခန္ဓာကိုယ်က မွန်းတည့်ရှေ့မှ ရွှေ့သွားပြီး ...

"ကိုကြီး"

"ဟင်"

အမှောင်ထဲတွင် ဆလိုက်မီးအဖြူရဲ့ မီးအလင်းတန်းက ဦးမိုးဇော် ခန္ဓာကိုယ်ပေါ် ကျလို့သွားသည်။

မယုံကြည်ခြင်း အံ့ဩခြင်းတွေနဲ့ ဦးမိုးဇော် မတ်တတ်ထရပ်တော့ သူ့ဘေးက သမီးလေးကလည်း ထရပ်သည်။

"ကိုကြီး ... ဇော့်ကိုခွင့်လွှတ်ပါ၊ ဇော် ကိုကြီးအပေါ် တစ်ဖတ်သက် အနိုင်ယူခဲ့တာတွေဟာ ကိုကြီးအပေါ် ဆိုးလို့ရလို့ပါ ...

အရာရာသည်းခံခွင့်လွှတ်ခဲ့တဲ့ ကိုကြီးရဲ့မေတ္တာရဲ့အောက်ကနေ ထွက်သွားခဲ့လို့ ဇော် ဒုက္ခရောက်ခဲ့ရတာပါ ... "

"ဇော်ရယ် ... "

"ကိုကြီး သမီးလေးကိုသေချာစောင့်ရှောက်ပါနော် ... ဇော်မပေးနိုင်တော့တဲ့ မေတ္တာတွေလည်း ဇော့်ကိုယ်စားပေးပါလို့"

မမဇော် ငိုရှိုက်သံတွေ ရောနေတာကြောင့် သိပ်ပြီးမပီပြင်တော့

"တကယ်တော့ ဇော်ချစ်ခဲ့တာ ကိုကြီးကိုပါ ကိုကြီးနဲ့ နားလည်မှုတွေလွဲပြီး ဇော်တစ်ယောက်တည်း နေရတဲ့အခါ စိတ်လေရာက အမှားတွေထပ်မှားခဲ့ပြန်တယ် ...

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ... ''

''ဟင် ... ''

''ဖော် ... နှုတ်ဆက်ခဲ့ပါတယ်''

မြတ်ထွဋ်မာန်ရဲ့ လက်တစ်ဖက်ကဝှေ့ရမ်းလို့လာတယ် ... ဆလိုက်မီးအလင်းရောင်က ဦးမိုးဖော်ကိုယ်ပေါ်မကျတော့ဘဲ ဟိုပြေး ဒီပြေးနဲ့ ဝေ့နေတယ် ...

သမီးလေး သံသာသာရှေ့မှာ မမဖော်ဒူးထောက်ထိုင်ပြီး ...

''သမီးလေး မိခင်တစ်ယောက်လို တာဝန်မကျေခဲ့တဲ့ မာမီကိုခွင့်လွှတ်ပါ''

''ဟင့်''

သမီးလေးရဲ့ ရှိုက်သံသဲ့သဲ့ ထွက်လာတယ် ...

မမဖော် မတ်တတ်ပြန်ရပ်တယ် ... ဒီတစ်ခါ ဆလိုက်မီးအလင်းက မမဖော်ကိုယ်ပေါ်ကျလာတယ် ...

ပြီးတော့ ...

ဆလိုက်မီးအလင်းရောင် ရွေ့သွားရာအတိုင်းမမဖော်ရဲ့ ပုံရိပ်လည်းပါသွားလေရာ ... အလင်းရောင်က အခန်းအပြင်ဘက် ညအမှောင်ထဲက မိုးကုတ်စက်ဝိုင်းဆီသို့ လွင့်ပါသွားသည်။

''မာမီ ... ''

ကျယ်လောင်စွာ ခေါ်လိုက်တဲ့ သမီးလေးရဲ့ ပဲ့တင်သံ ...

နုနယ်တဲ့ သမီးလေးရဲ့ပခုံးပေါ် လက်တစ်ဘက်ကျလာတဲ့

ဦးမိုးဖော် လက်တွေ တုန်နေတယ် ...





''ဖလပ် ... ''

အခန်းတစ်ခုလုံး မီးရောင်ကလင်းထိန်သွားတယ် ... အားလုံးကိုယ်စီ အခန်းထဲကထွက်သွားပေမယ့် ... မမဖော် အရိပ်လွင့်ပါးရာကို ကြည့်နေသူ နှစ်ဦးကတော့ ...

ဦးမိုးဖော်နှင့် သမီးလေး သံသာသာပင် ဖြစ်လေတော့တယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



နေဝင်ခဲ့တာတောင်
ကမ္ဘာမြေအတွက် နှင်းသာလို့
အလင်းသုံ့သုံ့ စိုက်ခဲ့ရတာလဲ . . .
ငါ့ရဲ့ ရှိုက်သံဟာ
နေမဝင်ခင်ထဲက
ကျယ်လောင်ခဲ့တယ်ဆိုတာ
နှင်းသိခဲ့ရင် . . .
သိသွားခဲ့ရင် . . .
သိသွားရင် . . .
ငါ့ရင်ကို နှင်းယူသွားနိုင်ပါတယ်လေ . . .

BURMESE CLASSIC .com

ပြီးပါပြီ . . .

အနုပညာခရီးကို ထာဝရလျှောက်လှမ်းပါရစေ . . .
အစဥ်ကြိုးစားမယ့် အစဥ်ပဲကြိုးစားတဲ့
စာရေးဆရာ

ကန်လေးရိုးက **ဗွားလောက်ကြီး**

တယ်လီဖုန်းဖြင့်
ဝေဖန်မိတ်ဆက်အကြံပြုသူများ မျှော်လင့်လျက်
ဖုန်း – ၀၁ ၄၀၁၃၆၇ ၀၉ ၇၃၁၁၃၉၀၉



www.burmeseclassic.com